www.burmeseclassic.com

အသင်

ကြင်ယာတော် ခခလေး

www.burmeseclassic.com

www.burmeseclassic.com

အသင်

ကြင်ယာတော်
ခခလေး

စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ အကျီတွေကတွဲလျောင်း၊ ထဘီတွေက မည်မည်ဟ တန်းပေါ်မှာ ရှုပ်ပွလို့။ ခုတင်ပေါ်မှာလည်း ကြည့်ပါဦး၊ ခေါင်းအုံးစွပ်လှလှလေးတွေ၊ ဖက်လုံးစွပ်လှလှလေးတွေမှ အားမနာ ညစ်ပတ်နေလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နုနု စိတ်ပျက်လက်ပျက်နှင့် သမီးဖြစ်သူ၏အိပ်ခန်းကိုကြည့်ကာ သက်ပြင်းမောကြီးချလိုက်မိသည်။ ဒီဟာမလေးကို ဒီတိုင်းထားလို့တော့ မဖြစ်ချေဘူး။

လိမ္မာတယ်လို့လည်း မဆိုသာ မိုက်တယ်လို့လည်း နာမည်တပ်မရသော သမီးဖြစ်သူ မေနိုင်ကို သူမမှာကိုင်တွယ်စရာနည်းလမ်း မရှိပါ။ တစ်နှစ်ပြီး တစ်နှစ်သာ ကုန်သွားရော၊ အချိန်တန် စာလေးပြေးသင်လိုက်၊ အိမ်ပြန်ရောက်တာနဲ့မောလို့၊ ဘာဖြစ်လို့၊ ညာဖြစ်လို့ အကြောင်းပြပြီး အိမ်အလုပ်ဆိုတာဝေးလို့ ကိုယ့်အကျိုး ကိုယ်လျှော်ပြီး မီးပူတိုက်ဖို့တောင် အချိန်မရနိုင်ရှာဘဲ အိပ်ရာထဲလဲလိုက်၊ အခွေလေးကြည့်လိုက်နဲ့ ဒီအသက်(၃၀) ကျော်ထိ ဘာအပူအပင်မှမရှိ ဇိမ်အကျကြီးကျနေသော သမီးဖြစ်သူကို တော်တော့်ကို အမြင်ကတ်မိသည်။

ယောကျ်ားပေးစားဖို့ကျပြန်တော့လည်း စကားနာထိုးတတ်သည့်နေရာတွင် နှစ်ယောက်မရှိသော မယ်မင်းကြီးမကို ကြောက်လှပါသည်။ တော်ကြာ "မေမေ့ကြောင့် ... မေမေ့ကြောင့်"

ဆိုပြီး အဆင်မပြေတိုင်း လက်ညှိုးထိုးနေမှဖြင့် ဒုက္ခလှလှကြီးတော့တွေ့ရပေတော့မည်။

ကြိုက်မည့်သူကလည်း တစ်ယောက်မှပင်မရှိ။ မျက်နှာရှစ်ခေါက်ချိုးကို မြင်ရုံနှင့်ပင် အားလုံးကလန့်ချင်ကြသည်။ ရုပ်ကလေး သနားကမားနှင့် ရည်းစားမရှိဘူးဆိုသည်မှာ ယုံချင်စရာမရှိ။ ကိုယ်က အနီးကပ်နေပြီး ကိုယ့်သမီးအကြောင်း သိနေလို့သာ ယုံရတော့သည်။

✦ ○ ✦

www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ် ... မေမေပြောတာ နားထောင်စမ်းပါ၊ မေဒီဇင်ကိုကြည့်စမ်း၊ ဘယ်လောက် ကြည်နူးစရာကောင်းလဲ၊ ယောကျ်ားကလည်းချစ်၊ ကလေးတွေကလည်းလိမ္မာ၊ စီးပွားရေးကလည်း အဆင်ပြေနဲ့၊ သမီးလည်း အိမ်ထောင်ပြုသင့်နေပြီ၊ မေမေတို့မှာ သမီးလေးအတွက်ပဲ စိတ်ပူနေရတာ"

"မေဒီဇင်က ကံကောင်းပေမယ့် သမီးက ကောင်းချင်မှ ကောင်းမှာလေ မေမေရယ်။ မေမေလည်း တရားအားထုတ်နေတာပဲ၊ လူတွေက သူ့အကြောင်းနဲ့သူ လာပြီးသားပါ။ အကြောင်းပါရင်တော့ ဖြစ်မှာပေါ့၊ အတင်းလုပ်ယူလို့မှ မရတာ"

"ဟုတ်ကဲ့ ... ဟုတ်ပါတယ် ဆရာမကြီးရယ်၊ ဘာမှကို မပြောရဲဘူး၊ အားလုံး သူသိသို့တတ်ချည်းပဲ၊ လေးဆယ်ကျော်မှ တွေ့ကရာကောက်ယူတော့မှ သူများလက်ညှိုးထိုးခံနေရယ်"

"တော်ပါ မေမေရာ၊ အဓိပ္ပာယ်မရှိတာတွေ"

စကားပွဲက ဒီမှာတင်ပဲ ပြီးဆုံးသွားပါတယ်။ အိမ်မှာအမြဲ မေမေနဲ့ နှိုင် တကျက်ကျက် ဖြစ်ရတာ ဒီယောကျ်ားယူဖို့ကိစ္စပါပဲ။

ယောကျ်ားတွေက ဘယ်လောက်များ ကောင်းလို့လဲ၊ မေဒီဇင်က အပြင်ပန်းမှာ အစစအရာရာ အဆင်ပြေပုံရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

သူ့ယောကျ်ားကို စိတ်မချလို့ အရူးတစ်ပိုင်းဖြစ်နေတာ မသိတာ ကျလို့။ ပြီးခဲ့တဲ့လက သူတို့အိမ်ကို တစ်ရက်လေး သွားလည်လိုက်တာမှာတင် ဒီဇင်ရဲ့အပူမီးကို နှိုင် ကောင်းကောင်းကြီးသဘော ပေါက်လိုက်မိသည်။

ယောကျ်ားမလာမချင်း ဖုန်းဆက်နေတာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင်။

ယောကျ်ားက ချောကလည်း ချော၊ ဝင်ငွေကလည်း ကောင်းတော့ မျက်စိဒေါက်ထောက်ပြီး ကြည့်နေရတာကိုက ဒုက္ခ တစ်ခုပင်။

ကလေးတွေ စာတော်တာကလည်း မပြောနဲ့လေ အိမ်မှာတင် ဆရာမသုံးယောက်၊ တစ်ယောက် ထွက်သွားလိုက် တစ်ယောက်ပြန်ဝင်လာလိုက်နဲ့။

ဒါတောင် ကလေးတွေက အတန်းငယ်လို့ ဆယ် တန်းလောက်သာ ဆိုရင်တော့ သွားပြီ။ အိမ်ဖော်ရှိပေမယ့်လည်း သူ့ယောကျ်ားက သူ့လက်ရာမှကြိုက်တယ်ဆိုလို့ ချွေးတလုံးလုံးနဲ့

မီးဖိုချောင်မှာ ချက်လိုက် ပြုတ်လိုက်တာ ကိုယ့်ကိုယ်ကိုယ် ဒုက ခရောက်လို့ရောက်မှန်းတောင် မသိဘူးထင်ပါရဲ့။ အားမကျပေါင်၊ လုံးဝကို အားမကျပေါင်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com



"တီချယ် ... သမီးတို့ မနက်ဖြန် တားရော့ဗေဒင်သွားမေးမလို့၊ တီချယ် လိုက်မလား"

နိုဝင်ဘာပည့် E-မေးလ်ကာက နွေးနွေးက စာရေးနေရင်းက လှမ်းပြောလိုက်သည်။

"မနက်ဖြန် Friday မဟုတ်လား၊ သမီးတို့ ကျောင်းသွားရမှာ မဟုတ်လား"

"ရတယ် တီချယ်၊ မနက်ဖြန် ကျူတိုရီယယ် မရှိဘူး။ တီချယ်မနက်ဝိုင်း အားတယ်မဟုတ်လား။ လိုက်ခဲ့ပါလား"

"အေးလေ ... လိုက်ခဲ့တာပေါ့၊ ချယ်ရီတို့ သင်္ဘာတို့ရော သွားမှာမဟုတ်လား"

"ဟုတ် ... တီချယ်၊ သမီးတို့လည်း မေးချင်နေတာ"

"Ok လေ၊ တီချယ်တို့ ဘယ်မှာဆုံကြမလဲ၊ ဘယ်မှာမေးမှာလဲ"

"သမီးသူငယ်ချင်း ရူပါအောင်လေ၊ တီချယ့်ကို သူ့အကြောင်း သမီးပြောပြဖူးတယ်လေ"

"ဩော် ... အေး၊ သိပြီ ... သိပြီ၊ ဟိုမေ့တတ်တယ်ဆိုတဲ့ကောင်မလေး မဟုတ်လား"

"ဟုတ်တယ် တီချယ်၊ သူတို့အိမ်မှာ သွားမေးမှာ၊ ဟောတဲ့သူက သူတို့နဲ့ဆွေမျိုးနီးစပ် တော်တယ်၊ ပြည်ကဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

တဲ့၊ တော်တော်မှန်တယ်တဲ့၊ မှန်လွန်းလို့ သတ္တိရှိမှမေးပါတဲ့"

"တယ်ဆိုတဲ့ စာပါလား၊ ကြည့်ရသေးတာပေါ့။ တီချယ့်ကို ဘယ်ဗေဒင်မှ မှန်အောင်ဟောနိုင်တာ မဟုတ်ဘူး"

သူမက အသက်သုံးဆယ်ကျော် ဆိုပေမယ့်လည်း လူကလည်းညှပ်၊ နုကလည်းနုတော့ အပြင်တွေ ဘာတွေထွက်လို့ ခေတ်နဲ့အညီ ဝတ်လိုက် စားလိုက်ရင် နှစ်ဆယ်ကျော်ကျော်လောက်သာ ထင်ရသည်။

တပည့်တွေနဲ့ သွားရင်လည်း သူငယ်ချင်းလား လို့ တောင် မေးယူရသည်အထိဖြစ်သည်။

ဒီတော့လည်း တပည့်တွေက နိုဝင့်ကို သူငယ်ချင်း ပေါင်း ဝေါင်းသည်။

စာတွင်သာမက သူတို့ကြုံတွေ့ရသည့် အခက်အခဲ၊ ပြဿနာမှန်သမျှတို့ကို တင်ပြဆွေးနွေးကြသည်။

အခုလည်း ဗေဒင်သွားကြည့်ဖို့ အဖော်စပ်ပြန်သည်။

မေနိုဝင် ဆိုတာကလည်း ဗေဒင်၊ လက္ခဏာတွေကို စာအုပ်တွေဖတ်ပြီး စနစ်တကျကို လေ့လာဖူးသည်ပဲ။

ဗေဒင်နှင့်ပတ်သက်၍ ရယ်စရာအဖြစ်အပျက်နှစ်ခု နိုဝင့်တွင် ရှိခဲ့ဖူးသည်။ ပထမတစ်ခုက နိုဝင် ဒုတိယနှစ်လောက် ကဖြစ်သည်။

သူငယ်ချင်းတစ်ယောက်နှင့် ခြောက်ထပ်ကြီးဘုရားတွင် ကျောင်းလစ်၍ ဗေဒင်မေးဖူးသည်။

မေးတာမှ တစ်ယောက်တည်းမဟုတ်။ ခြောက်ထပ်ကြီးဘုရားတန်းဆောင်းတစ်လျှောက်ကို မေးသွားသည်။ မျက်နှာချင်းဆိုင်က ဗေဒင်ဆရာတွေလည်း မချန်ခဲ့ပါ။ နောက်ဆုံး[illegible]စရာလမ်းစရိတ်မရှိတော့သဖြင့် ဆိုင်တိုင်းကနေ ပိုက်ဆံ(၁၀၀)ဆီပြန်တောင်းပြီး အိမ်ပြန်ခဲ့ရသည်။

နောက်တစ်ခုကတော့ မိုးကောင်းဘုရားဝင်းထဲမှာဖြစ်သည်။ လက္ခဏာဆရာကို ဟိုလမ်းကြောင်းက ဘယ်လို၊ ဒီလမ်းကြောင်းက ဒီလိုမဟုတ်လား ပြောရင်းနဲ့ပင် ဆရာက

www.burmeseclassic.com

www.burmeseclassic.com

"အေး ... အေး၊ နင် ဒီလောက်သိနေတာ၊ ငါ ဆိုင်ပိတ်ပေးမယ်၊ နင် ဒီမှာသာ လာဟောတော့"လို့ ပြောယူရသည်အဆုံးတောင် ရောက်ခဲ့သည်။ အမှုလည်း ဒီဗေဒင်ဆရာက ဘာဟောဦးမည် မသိ။



လူပုံစံကတော့ ခန့်ခန့်တည်တည်ပါ။ အသက်ကတော့ ငါးဆယ်စွန်းစွန်းတော့ ရှိမည်ထင်သည်။ ရုပ်အကျီအဖြူနှင့် ပုဆိုးအပြာကွက်စိပ်စိပ်ကို ဝတ်ထားသည်။ မျက်နှာမြင်ရုံနှင့်ပင် သမာဓိရှိသည့်လူ ဖြစ်မည်ဆိုတာ နိဝင်စိတ်ထဲက သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ဆရာ့ပုံစံက ကြည်ညိုချင်စရာကောင်းသားနော်"

နွေးနွေးက ချယ်ရီ့ကို ပြောလိုက်သည်။

"မနေ့ကတင် တီချယ်သင်ထားတာ မေ့နေပြီလား၊ You cnannot judge people by externals alone ဆိုတာလေ၊ အပြင်ပန်းကြည့်ပြီး ဆုံးဖြတ်လို့မရဘူးလေ"

"ဟုတ်ပါတယ်၊ နင် တော်ပါတယ်"

"ခွဲ့ပြီ"

ခပ်တိုးတိုးညင်းညင်း ရယ်သံတွေကြောင့် ဆရာက သူတို့ကို လှမ်းကြည့်လိုက်သည်။

"ဘာ ... ဒါ ရူပါသူငယ်ချင်းတွေပါ၊ ဒီတစ်ယောက်က တော့ ဆရာမပါ"

ရူပါက သူတို့ကို ဆရာနှင့် မိတ်ဆက်ပေးလေသည်။

"အင်း ... သမီးတို့နဲ့ အဘနဲ့ ပဋ္ဌာန်းဆက်ပါလို့ အခုလို လာဆုံတွေ့ရတာ၊ တားရော့က အခြားဗေဒင်တွေ၊ လက္ခဏာတွေနဲ့ မတူဘူး၊ အမေးရှိမှ အဖြေရှိမယ်။ မေးတဲ့မေးခွန်း

တိုင်းကိုလည်း မှန်အောင်ဟောနိုင်တယ်ကွယ့်။ တားရော့ကို ဟောတဲ့လူတွေ အများကြီးပဲ၊ ဒီဖဲချပ်တွေ၊ အဓိပ္ပာယ်တွေပဲ၊ ဒါပေမဲ့ အယူအဆ၊ အတွေ့အကြုံ၊ ပညာရပ်နဲ့ စရဏပေါ်မှာမူတည်ပြီး မှန်တာ မမှန်တာ ကွာသွားတာ၊ ဟဲ့ ... သမီး ရူပါ၊ အဘကို ဟိုစားပွဲပေါ်က ဆေးလိပ်ပေး"

"ဟုတ်ကဲ့ အဘ"

ရူပါက သွက်သွက်လက်လက်လေး ဆေးလိပ်ယူပြီး လှမ်းပေးလိုက်သည်။

"အင်း ... အဘက တားရော့တစ်ခုတည်းတတ်တာ မဟုတ်ဘူးကွယ့်။ အင်္ဂဝိဇ္ဇာကိုလည်း တီးမိခေါက်မိတယ်။ တားရော့ မဟောခင်မှာ သမီးတို့ရဲ့ရုပ်အဆင်းကိုကြည့်ပြီး နည်းနည်းလောက် ပြောကြည့်မလားလို့၊ ဘာလို့လဲဆိုတော့ ပညာရပ်တစ်ခုက ဘယ်လောက်ထိ မှန်ကန်လဲဆိုတာ ပြချင်လို့ပါ"

ဆရာက စကားကို ခဏရပ်ပြီး သူမတို့ရှိရာသို့ ဝေ့ဝဲကြည့်လိုက်လေသည်။ ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com

"ဟို ဆရာမဆိုတဲ့ ကလေးမ၊ ရှေ့ကို နည်းနည်းတိုးခဲ့ပါ"

ဆရာက သူ့ရဲ့အသံဝါဝါကြီးနဲ့ ခေါ်လိုက်သည်။ နိုဝင် ပထမတော့ ကြောင်သွားပြီး နောက်မှ ထိုင်နေလျက်နှင့် ဖြည်းဖြည်းချင်း သူ့ရှေ့တိုးသွားလိုက်သည်။

"အင်း ... မျက်လုံးတွေက အရည်လဲ့ပြီး တောက်ပနေတယ်၊ မျက်ခုံးတွေကမည်းနက်ပြီး ဓားမသဏ္ဌာန်ရှိနေတယ်၊ နှုတ်ခမ်းကတိမ်ပြီး ကျယ်တယ်၊ အင်း ... အင်း ... မာနကြီးသူတစ်ယောက်ပဲ၊ ပညာလည်းတတ်တယ်"

"ဟို ... ဟို ... အဘ ... တီချယ် အဖျိုကြီးဖြစ်မှာလားဟင်"

နောက်နှားဆီမှ တပည့်တစ်ယောက်ရဲ့ သိလိုစိတ် ပြင်းပြသံကိုကြားတော့ နိုဝင် မသိမသာ မျက်စောင်းလှည့်ထိုးမိသည်။ ရှည်ပြန်ပြီ၊ အဖျိုကြီးဖြစ်တာကို ဘာလို့များ လူ့လောက အသိုင်းအဝိုင်းက ဘဝင်မကျရတာပါလိမ့်။

"ဟင်း ... ဟင်း ... ဟင်း၊ ဘယ်ဖြစ်လိမ့်မလဲကွယ်၊ ဒီကနေပြီး နှစ်နှစ်အတွင်းမှာ အမျိုးကောင်းသားတစ်ယောက်နဲ့ အိမ်ထောင်ကျလိမ့်မယ်၊ တခြား ဘယ်ဟုတ်မလဲ၊ ဘဝဟောင်းကချစ်သူပေါ့ကွယ်၊ တားရော့မေးရင်တော့ ပိုပြီး တိကျတဲ့အဖြေ ထွက်လာမပေါ့ကွယ်"

တပည့်တွေက တစ်ယောက်နဲ့တစ်ယောက် တွတ်ထိုးပြီး ဘာတွေပြောပြီး ရယ်နေသည်မသိ။ နိုဝင်ကတော့ ရှက်စိတ်ဖြင့် တစ်ကိုယ်လုံး ထူပူနေသည်။ ဒီဆရာ့နှယ်၊ ငါ့မရွေးပြီး ဘာပေါက်ကရတွေ ပြောပါလိမ့်။ တားရော့မေးတာလည်း နိုဝင်ဆွဲလိုက်သည့်ကတ်က "The Lovers"ဖြစ်နေလေသည်။

ဆရာဟောတာကတော့ မကြာခင် အိမ်ထောင်ကျမည်။ ရမည့်ယောကျ်ားက ချောမော၊ ပညာတတ်၊ ဂုဏ်ရှိန်ဝါကြီးပြီး အမွေအမြှောက်အမြား ရမည့်သူတဲ့။ တစ်ခုပဲ စိတ်ပျက်စရာ ထိုယောကျ်ားက နိုဝင့်ထက် ခြောက်နှစ်ကျော်ကျော်လောက် ငယ်မည်တဲ့လေ၊ မဖြစ်နိုင်တာ။

✦○✦

www.burmeseclassic.com

www.burmeseclassic.com



"ကလင် ... ကလင် ... ကလင်"

ဖုန်းလာပြန်ပြီ။ အားတဲ့နေ့လေး အေးအေးဆေးဆေး အိပ်ရမလား မှတ်တယ်။ အတော်စိတ်ရှုပ်ဖို့ ကောင်းတာပဲ၊ နောက်ဆို မေမေ့ဈေးသွားချိန်ဆို ဖုန်းကြိုးဖြုတ်ထားမှ။

"ဟဲလို"

အိပ်ချင်မူးတူးသံဖြင့် စိတ်မရှည်စွာ နိုဝင် ထူးလိုက်သည်။

"ဟဲလို ... နိုဝင်လား၊ ငါ ဒီဇင်ပါ၊ နင် ဒီနေ့အား‌တယ် မဟုတ်လား၊ အိမ်မှာ မုန့်လုပ်စားရအောင်၊ မေမေရော ... မေမေ ရှိလား"

"ဘာများလဲလို့ ဒီဇင်ရယ်၊ မုန့်များ လုပ်ပြီးတော့ လာပေးလိုက်ပေါ့၊ ငါလာတော့ရော ဘာမှလုပ်မှာမှ မဟုတ်တာ"

"ငပျင်းမလေး၊ ဘာမှ ကူဖော်မရဘူးဆိုတာတော့ သိတာပေါ့၊ ငါလာလို့ မရဘူး။ အိမ်မှာ ကလေးတွေအဖေ မရှိဘူး။ အိမ်ဖော်တွေကလည်း အိမ်မှာဒီအတိုင်း ထားခဲ့လို့မရဘူး"

"နင်မလဲ တစ်ဒုက္ခပဲ၊ အဲဒီလောက်မှ မယုံကြည်ရလဲ ဘာလို့ ပိုက်ဆံအကုန်ခံပြီး ထားနေရတာလဲ"

"တော်ပြီ၊ ဆရာလာမလုပ်နဲ့၊ စေတနာနဲ့ မုန့်လုပ်ကျွေးမလို့ကို၊ မလာလည်းရတယ်၊ ငါ ဖုန်းချလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ပျင်းရိတတ်သော၊ အဝတ်တွေကို မေမေအာပြကြီးနဲ့ပြောမှ လျှော်တတ်သော၊ ကျူရှင်သွားခါနီးတွင် အင်္ကျီအကြေများကို ဆွဲထုတ်ပြီးဝတ်တတ်သော သူမ နိုင်ဝင်ရဲ့ အတိတ်ဟောင်းကချစ်သူ၊ နောင်တွေ့လာမဲ့သူ ချစ်သူ တကယ်ရှိခဲ့ရိုးမှန်ပါက ထိုလူ့အား အလွန်တရာကို သနားမိပါရဲ့ ... ကျွတ် ... ကျွတ် ... ကျွတ်။

✦○✦

"ဟဲ့ ... ဟဲ့ နေပါဦး၊ ဒေါသမထွက်စမ်းပါနဲ့၊ ငါက နင် အလိုက်သိတတ်တာကို ဘာဖြစ်လို့ ငြင်းရမှာလဲ၊ ရေချိုးလိုက်ဦးမယ်၊ ပြီးရင်လာခဲ့မယ်။ ဒါပဲ၊ မေမေ ဈေးသွားတယ်၊ ပြန်လာရင် ပြောလိုက်မယ်၊ မေမေ့ပါခေါ်လာမယ်၊ ညကပဲ ပြောနေတာ သူ့မြေးတွေကို လွမ်းလို့တဲ့"

"Ok ဟာ၊ ဒါဆို ငါ ဖုန်းချလိုက်တော့မယ်"

"အေး ... အေး၊ ဒါပဲ"

သွားတိုက်ရင်း မှန်ထဲမှ ကိုယ့်မျက်နှာကို သေချာကြည့်မိသည်။ လှသည်၊ ချောသည်။ ချစ်စရာကောင်းသည့်မျက်နှာမျိုးတော့ လုံးဝမဟုတ်ပါ။ ဂျစ်ကန်ကန် မိုက်တိမိုက်ကန်းရုပ်မျိုးပေါက်နေသည်။

"ဆရာမ"ဆိုတဲ့ အသက်မွေးမှုမျိုးနဲ့ နိဝင် ဘာကြောင့် ရပ်တည်နိုင်ရတာပါလိမ့်။ တွေးရင်းနှင့် ဗေဒင်ဆရာရဲ့ဟောကိန်းကို သတိရကာ လှောင်ပြုံးလေး ပြုံးမိသည်။ ကျူရှင်သင်သည့်အိမ်များနှင့် မိမိအိမ်ကလွဲလို့ တခြားနေရာကိုသွားဖို့ အလွန်အလွန်

www.burmeseclassic.com

www.burmeseclassic.com



"နိုဝင်ရေ ... မေမေ ဖိနပ်ဝယ်ချင်လို့၊ လာမယ့်စနေနေ့ ကိုထူးတို့ မင်္ဂလာဆောင်ရှိတယ်လေ၊ သူများတွေများစွဲလိုက်ကြတာ၊ တချို့များ ဒီအသက်အရွယ်အထိ စွဲကိုမစွဲနိုင်တာ အံ့ပါရဲ့"

"ရန်မဖြစ်ချင်ဘူး မေမေ၊ မခံချင်အောင်ပြောလည်း ဘာမှ မဖြစ်ဘူး။ သမီးမှာ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်ဖို့ အရည်အချင်းလည်း မရှိဘူး၊ ကြိုးလည်းကြိုးစားမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ..."

မေမေ ဆက်မပြောခင်မှာ နိုဝင် အခန်းထဲကိုလှစ်ခနဲ ပြေးဝင်လိုက်သည်။ အဲဒါ အဓိကမကျပါဘူး။ အရေးကြီးတာက ဘာဝတ်ရမှာလဲ။ ဘာမှလဲ မီးပူမတိုက်ရသေး။ အို ... ပြဿနာမရှိပါ။ ဟိုနေ့က ဒီဇင်ဝယ်ပေးတဲ့ escort တံဆိပ် ဘလောက်စ်အစိမ်းလေးနဲ့ ဂျင်းဘောင်းဘီအပြာလေးပဲ ဝတ်လိုက်မယ်။ ဂျင်းဘောင်းဘီက မီးပူမတိုက်ရလည်း မသိသာပါ။

"မေမေ ဖိနပ်ဝယ်မယ်ဆိုရင်တော့ 'ဂမုန်းပွင့်'သွားမယ်လေ၊ ဟိုမှာ ဖိနပ်စုံတယ်"

မေမေက နိုဝင့်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ ပြီးတော့ သစ်ရွက်စိမ်းပုံ နားဆွဲဆီအရောက်တွင် မျက်နှာမဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"လာပြန်ပြီ ဒီနားဆွဲကြီး၊ ချွတ်လိုက်စမ်း၊ ဘယ်မှာလဲ စိန်နားကပ်၊ စိန်နားကပ်ဝတ်ရမှ လူရာဝင်မှာမို့ပါဆိုပြီး ဝယ်ထားတဲ့ စိန်နားကပ် ဘယ်မှာလဲပြော"

"ဟာ ... မေမေကလည်း၊ နားဆွဲနဲ့က လှပါတယ်။ စိန်နားကပ်က ဆံပင်တွေကြားထဲက ပေါ်မှမပေါ်တာ"

"မိနိုဝင် ... ငါ ဒါပြောနေတာ မဟုတ်ဘူး။ စိန်နားကပ်ကို ဘယ်နားမှာထားခဲ့လဲလို့ မေးနေတာ"

"ဩော် ... မေမေကလည်း၊ မှန်တင်ခုံပေါ်မှာပေါ့"

"ဘာ ... မှန်တင်ခုံပေါ်မှာ"

မျက်လုံးကြီးပြူးပြီး မေမေ အော်တော့ နိုဝင်လန့်သွားသည်။

"အာ ... လန့်လိုက်တာ မေမေရာ၊ မှန်တင်ခုံပေါ်က ဘာဖြစ်လို့လဲ၊ အိမ်မှာ မေမေရယ်၊ ဖေဖေရယ်၊ သမီးရယ် သုံးယောက်ပဲရှိတာ၊ သူခိုးမရှိပါဘူး"

"လာစမ်း ... လာစမ်း"

မေမေသည် နိုဝင့်ကို သူ့အနားဆွဲခေါ်ပြီး ဗိုက်ခေါက်ကို လိမ်ပါတော့သည်။

"နမော်နမဲ့မ၊ သူခိုးမရှိတာ နင်ပြောမှလား၊ ဒီစိန်နားကပ်တန်ဖိုးက နှစ်ပြားတစ်ပဲ မဟုတ်ဘူး၊ သွား ... သွားသိမ်းထားစမ်း၊ အခု သွား"

နိုဝင် မျက်နှာရှုံ့မဲ့ပြီး အခန်းထဲသို့ဝင်၍ နားကပ်ကို သိမ်းရပါသည်။ အဲဒီမေမေကလေ သိပ်ကို Worry များတာပဲ၊ သိပ်ဥစ္စာခြောက်တယ်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာအေးက ဂမုန်းပွင့်ကဖိနပ်တွေက လှလည်းလှသည်။ စုံလည်းစုံသည်။ နိဝင်ဘာ အခြားအရာတွေသာ မဝယ်ရင် နေရမယ်။ ဖိနပ်ကတော့ တစ်လတစ်ရန် ဆိုသလောက်ကို ဝယ်နေကျ။

တကယ်တမ်းတော့ သိပ်လှချင်၍မဟုတ်ပါ။ လမ်းလျှောက်လှုင် အလွန်တရာမြန်ဆန်ပြီး လမ်းတစ်လျှောက်လုံးမှာ တွေ့ကရာခဲလုံး၊ ချိုင့်ခွက်များကို တိုက်တတ်သောကြောင့် အလွန်တရာခံပါသည်ဟုဆိုသော ဖိနပ်များသည် နိဝင်ခြေထောက်အောက်တွင် သူတို့၏ ကြွေးကြော်သံများ ပျောက်ဆုံးသွားရသည်ချည်းဖြစ်သည်။

ဒါကြောင့် မေမေကလည်း သူမကို သံဖိနပ်နဲ့မှပဲ အဆင်ပြေမည်ဖြစ်ကြောင်း ခဏခဏအပြစ်တင် ငြူစူလေ့ရှိသည်။ သမီးနှစ်ယောက်မှာ တစ်ယောက်က အိမ်ထောင်ကျသွားပြီဆို ကျန်သမီးတစ်ယောက်ကို ကလေးတစ်ယောက်လို မျက်ရှုလုပ်ပြီး ပြောဆိုဆုံးမနေရသည်ကို သိပ်သဘောတွေ့နေပုံရသည်။

"ဟဲ့"

နိဝင်သည် Shoe gallery မှ ကြိုးသိုင်းအမြင့်လှလှလေးတစ်ရန်ကို မျက်လုံးရောက်ပြီး ကိုင်လိုက်စဉ်တွင် တခြားလက်တစ်ခုနှင့် သွားဆုံမိ၍ လန့်ပြီးအော်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ... တို့ အရင်တွေ့တာ"

ကလေးဆန်ဆန် နိုင် တစ်ဖက်မှ ကောင်မလေးကို ပြောလိုက်သည်။ ကောင်မလေး ရှိလှမှအသက်အစိတ်ဝန်းကျင်လောက်သာ။ ဖြူနုနေသော မျက်နှာလေးနှင့် ကော်ဖီရောင်ဆေးဆိုးထားသော ဆံပင်လိမ်လိမ်လေးတွေနှင့် အလွန်အင်မတန်ကို လှပချောမွေ့နေသည်။ သူမအားနာတွင်လည်း သူမအရွယ်လောက်သာရှိဦးမည့် ကောင်လေးချောချောတစ်ယောက်။ သူတို့နှစ်ယောက်စလုံးက နိုင်ကို မှင်တက်စွာ ကြည့်နေကြသည်။

"နောက်တစ်ရန် ရှိဦးမလား လို့ အရောင်းစာရေးတွေကို မေးကြည့်လေ"

မမှုဟန်ဖြင့် ထိုကောင်လေးက သူ့ကောင်မလေးကို ပြောလိုက်သည်။ ကောင်မလေးမျက်နှာက အနည်းငယ်ရှုပ်ပုပ်နေသည်ကို ဟန်လုပ်၍ပြုံးရင်း စာရေးမကို မေးသည်။

"ဪ ... အစ်မ၊ ဒီဖိနပ်က အညိုတစ်ရောင်ပဲ ရတော့မှာ၊ အနက်က ဒီတစ်ရန်ပဲ ရှိတော့မယ်၊ ဆိုဒ်လည်းဒီဆိုဒ်ပဲရှိတာ"

အရောင်းစာရေးမက ထိုကောင်မလေးကိုပြောတော့ ကောင်မလေးက နိုင်ကို မသိမသာ မျက်စိစွေကြည့်ရာမှ မျက်နှာချင်းဆိုင်သို့လှည့်ပြီး ...

"အစ်မ ... ဒီဖိနပ်စီးကြည့်လို့တော်ရင် အစ်မယူ၊ မတော်ဘူးဆိုရင်တော့ ညီမ ယူလိုက်မယ်"

ကောင်လေးက သူ့ကောင်မလေးစကားကို ထောက်ခံဟန်ဖြင့် နိုင်ကိုကြည့်နေသည်။

နိုင် ဖိနပ်ကိုကြည့်တာနှင့် သူမနဲ့ မတော်မှန်းသိသည်။ ဖိနပ်က သေးသေးလေး၊ ကောင်မလေး ခြေထောက်နဲ့ဆိုရင်တော့ အတော်ပဲဖြစ်မည်။

ဒါပေမဲ့ ကောင်လေးဆီသို့ အကြည့်တစ်ချက် ရောက်စဉ်တွင် သူ၏စိမ်းမြမြမျက်ခုံးမွေးတန်းတန်းလေးတွေ၊ ချွန်သောနာတံလေးနဲ့ နီရဲပြည့်တင်းသော နှုတ်ခမ်းတစ်စုံ၊ စူးရှတောက်ပြောင်သော မျက်ဝန်းတစ်စုံတို့က နိုင့်နှလုံးသားကို အနည်းငယ်လှုပ်ခတ်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခပ်တည်တည်နှင့် ထိုအတွဲကိုလှည့်ပြီး ဟောက်စားလုပ်လိုက်သည်။ တကယ်တမ်းတော့ ကိုယ်မဝတ်ရဘဲနဲ့ ပေးလိုက်ရတဲ့ တစ်သောင်းခွဲဆိုတဲ့ ပိုက်ဆံကို နှမြောတသနေပါသည်။ နိုင့်လောက်ကြောင်တဲ့သူ ရှိဦးမလား။

✦○✦

တစ်ချိန်တည်းမှာပင် နိုဝင်သည် "ဆရာမ"ဆိုသောဂုဏ်ပုဒ်ကိုမှ အားမနာ၊ ထိုကောင်လေးနားတွင် ကပ်ရပ်နေသောကောင်မလေးကို မနာလိုတို့ရှည်စွာနှင့်ပင် ထိုဖိနပ်ကို အပိုင်ဝယ်ဖို့ ဆုံးဖြတ်လိုက်လေသည်။

"အင်း ... ဖိနပ်ကလေ အစ်မအတွက် မဟုတ်ဘူး၊ အစ်မညီမအတွက်၊ သူ့ခြေထောက်က ဒီကညီမနဲ့အတူတူလောက်ပဲ၊ သူက အနက်ရောင် အရမ်းကြိုက်တာ၊ အစ်မပဲယူလိုက်မယ်"

ခပ်တည်တည်နဲ့ နိုဝင်ပြောပြီး ဖိနပ်ကိုယူပြီး ကောင်တာမှာ ပိုက်ဆံရှင်းလိုက်သည်။

"ဟ ... ဘာလဲဟ"

ကောင်လေးဆီက မကျေမနပ်သံ ထွက်လာသည်။

"အဲဒါ တမင်လုပ်တာ"

ကောင်မလေးက နိုဝင် ကြားအောင် ပြောပြန်သည်။

"တမင်လုပ်ရအောင် တို့နဲ့ မင်းတို့နဲ့ ဘာပတ်သက်မှုရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟယ်။ မေမေဆူတာလည်း မပြောနဲ့၊ လုပ်သမျှ အချိုးကို မပြေဘူး၊ ဖိနပ်ဒေါက်ကိုလည်းကြည့်ဦး၊ ဒီလောက်မြင့်တာ ငါ ဘယ်လိုစီးရမှာလဲ၊ စီးလည်းမစီးတတ်ဘူး"

"နင်ကလည်းဟာ၊ စီးတတ်အောင်စီးပါဟာ၊ နင်နဲ့အရမ်း လှမှာပဲဆိုပြီး ငါက စေတနာနဲ့ ဝယ်လာတာ"

"နင်က ... ငါ့ကို စေတနာနဲ့ ဝယ်လာတာ၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့ နိုဝင်ရယ်၊ ငါ ဘယ်တုန်းက ဒေါက်မြင့်မြင့်တွေ စီးဖူးလို့လဲ၊ မှန်မှန်ပြောစမ်း အကြောင်းတော့ ရှိရမယ် ...

ဟုတ်တယ် မဟုတ်လား။ ပြောစမ်းပါ ငါမေမေ့ကို တိုင်မပြောပါဘူး"

"သြော် ... နင်ကလည်း၊ ဘာအကြောင်းရှိရမှာလဲ၊ ဘာမှ မရှိပါဘူး၊ မယူချင်နေဟာ၊ ငါ့တပည့်တစ်ယောက်ကို ပြန်ရောင်းလိုက်မယ်၊ လူကိုစစ်လား ဆေးလားနဲ့ သိပ်စိတ်ကုန်တာပဲ"

"ဟယ် ... ပြန်ဝယ်ပါ ဒီဇင်ရယ်၊ ငါတစ်သောင်းခွဲနဲ့ဝယ်ခဲ့တာ၊ ငါ့ကို တစ်သောင်းပဲပေး"

"အို ... စိတ်ရှုပ်လိုက်တာ နိုဝင်ရယ်၊ ကိုယ့်ဖိနပ်အတိုင်းတောင် ကိုယ်မသိဘူးလား။ နင် သုံးဆယ်လည်းကျော်ပါပြီ

www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို ဖိနပ်ကို ဘူးထဲကိုကောက်ထည့်လိုက်သည်ကို ဒီဇင်က သဘောမကျလုံးဖြင့် ကြည့်နေသည်။ နိုဝင်မူတော့ပျက်နေသည်။ တစ်ခုခုတော့ တစ်ခုခုပင်။ ဒီဇင် ကိုယ့်ညီမအကြောင်း ကိုယ်ကောင်းကောင်းသိသည်။

နိုဝင်က စိတ်ထားကောင်းသည်။ ပွင့်လင်းသည်။ ရိုးသားသည်။

သို့သော် တစ်ခါတစ်ရံ သူ ကောက်ကျစ်ပြီဆိုက လည်း လိုက်လို့ပင်မမီ။ ဒါကလည်း သူမကို တစ်ယောက်ယောက်က ကျောပြိုလို့ထင်မှသာဖြစ်သည်။

ဖြစ်နိုင်သည်။ ထို သူမနှင့်လုံးဝမတော်မအပ်စပ် သောဖိနပ်ကို ဈေးကြီးပေးပြီးဝယ်ရန် ဘယ်လိုအင်အားမျိုး၊ ဘယ်လိုလူစားမျိုးက လုပ်လိုက်တာပါလိမ့်။ ဒီကိစ္စကို မေမေ့ကို ဖုံးထားပုံရသည်။ အဲဒီနေ့က မေမေနဲ့အတူသွားတာပါ။ မေမေတော့သိမည် ထင်သည်။ ဖုန်းဆက်ဦးမှပဲ။

"မေမေ့သမီး သမီးကို ဖိနပ်လာရောင်းတယ်"

"မပြောနဲ့တော့၊ ငါ သွေးတွေတောင်တိုးလား မသိပါဘူး၊ တစ်လမ်းလုံး သူ့ကို ငါ ဆူလာတာ၊ ငါက ဟိုဘက်က Lily မှာ ဖိနပ်ကြည့်ရုံရှိသေးတယ်။ မယ်မင်းကြီးမက အဲဒီဖိနပ်ကို ရအောင်ဝယ်လိုက်တယ်လေ၊ အံ့ပါရဲ့၊ ရူးများနေပြီလား မသိပါဘူး။ လင်နဲ့သားနဲ့နေရမယ့်အရွယ်မှာ ကိုယ့်ထက်အရမ်းငယ်တဲ့တပည့်တွေနဲ့ပေါင်းပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သူငယ်များပြန်သွားလားတောင် မသိပါဘူး"

"ဟား ဟား ဟား ... အငယ်မ ကြားရင်တော့ မေမေ့ကို စိတ်ဆိုးဦးမယ်"

✦○✦

www.burmeseclassic.com

www.burmeseclassic.com

သွားတက်နေသည့် ကာလတလျှောက် ဒက်ဒီနဲ့ အမြဲ contact ရှိနေခဲ့ပေမယ့် ဒက်ဒီက သူ့ရောဂါအကြောင်း ဘာတစ်ခုမှအသိ မပေးခဲ့ပါ။

နှလုံးသွေးကြောကျယ်ရောဂါတဲ့၊ ဒက်ဒီ့ကိုမှ ဘာလို့ ဖြစ်ရတာလဲ။ ဒက်ဒီကတော့ ပြုံးပြုံးပင်။ စင်ကာပူမှာက ဦးလေး တွေရှိသည်။ ဟိုမှာဆေးကုသခံလိုက်ရင် စိတ်ချရပြီတဲ့။ အခုအချိန် မှာတော့ အင်္ဂလန်မှာ သူအလုပ်လုပ်ဖို့ မဖြစ်နိုင်တော့ပါ။

မာမီကတော့ လင်းလက်လက်ရတနာရွှေဆိုင်ပိုင်ရှင် ပေါ့။ ရွှေအပြင် အခြားကျောက်မျက်ရတနာမျိုးစုံနဲ့ လက်ရာသန့် သန့်လုပ်ထားတဲ့ အထည်ကောင်းတွေ လိုချင်သူမှန်သမျှ မာမီ့ဆိုင် ကို လာကြတယ်လေ။

မာမီ့မှာလည်း သူ့အလုပ်နဲ့သူကို ရှုပ်နေတာပဲ။ သားထောက်သမီးခံဆိုတာကလည်း သူတစ်ယောက်တည်း ရှိတယ် မဟုတ်လား။ ဒီကြားထဲမှာ မဆီမဆိုင် သူ့ကိုကာကွယ်စောင့်ရှောက် ချင်ကြတဲ့ မေမေရဲ့ညီမအပျိုကြီးနှစ်ဦးကလည်း သူ ရန်ကုန်ပြန်

၉

အင်္ဂလန်က ပြန်ပြန်လာချင်းမှာပဲ ဒက်ဒီရဲ့ကျန်းမာ ရေးကြောင့် နေမင်းခ ကွန်စထက်ရှင်ဂရ(ပ်)ကို သူ လက်ပြောင်း ယူလိုက်ရသည်။ အမှန်က အင်္ဂလန်က ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်ဖို့ သူ စီစဉ်ထားခဲ့ပြီးသားပါ။ အင်္ဂလန်မှာကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ရောက်ပြီးကတည်းက သူ့ကို မျက်စိဒေါက်ထောက်ကြည့်နေကြတယ်လေ။ သူတို့ရဲ့လက်သုံးစကားကတော့ ...

"ဒီခေတ်ကြီးထဲက မိန်းမတွေက လွယ်တာမဟုတ်ဘူး။ ငါ့တူလေးက ချောချောသန့်သန့်၊ ပညာကလည်းတတ်၊ ဥစ္စာကလည်းရှိ၊ မတော်တရော်တွေနဲ့ တွေ့သွားမှဖြင့် ငါတို့တော့ အသည်းတွေကွဲရချည်ရဲ့"

"တူလေး ... တွေ့ကရာမိန်းမ မကြိုက်နဲ့နော်၊ တူလေး ကြိုက်တာရှိရင် တီတီတို့ကို အရင်ပြော၊ တီတီတို့စုံစမ်းပေးမယ်။ တီတီတို့ အကဲခတ်ပေးမယ်။ သားအမေကလည်း အားတာမဟုတ်ဘူး။ သားကို စောင့်ရှောက်ရမယ့် ဝတ္တရား တီတီတို့မှာ အပြည့်ရှိတယ်။ ငါ့သားရမယ့်မိန်းကလေးဟာ ဗိုင်းကောင်းကျောက်ဖိ၊ မိန်းကလေးပီသ၊ ပညာတတ်၊ ရုပ်ချောမျိုးရိုးကောင်းသူပဲ ဖြစ်ရမယ် သိလား"

ဒီစကားတွေ ကြားရလွန်းလို့ ရိုးတောင်နေပါပြီ။ သူငယ်ချင်းဟောင်းတွေ၊ သူငယ်ချင်းသစ်တွေထဲက မိန်းကလေး

အားလုံးရဲ့ရာထူးဝင်ကိုလည်း အဒေါ်အပျိုကြီးနှစ်ယောက်ရဲ့စေတနာနဲ့ အသေးစိတ်သိရတဲ့အပြင် အဒေါ်တွေရဲ့အမှတ်ပေးစည်းမျဉ်းတွေကြောင့် အားလုံးဟာကျရှုံး၊ နုတ်ထွက်ကြရပါတယ်။ ကျွန်တော် တကယ်ချစ်တဲ့သူ ဆိုရင်တော့လည်း တစ်မျိုးပေါ့။ အခုတော့ သူတို့သဘောအတိုင်းသာ ရှိပါစေတော့။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

ယောက်ဖြစ်သလို၊ သူနဲ့ကျွန်တော်နဲ့ကလည်း ကွန်ပျူတာတက္ကသိုလ်မှာကတည်းက သူငယ်ချင်းတွေလေ။

ဘာသာစကားသုံးမျိုးလောက်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသူမို့ သူ့အတွက် အလုပ်ဆိုတာမရှားပေမယ့် သူက ကျွန်တော့်ရဲ့စက္ကထရီလုပ်ဖို့ တော်တော်ကို လိုလားခဲ့ပါတယ်။

အရာရာအားလုံး ပြည့်စုံတဲ့ မိန်းမတစ်ယောက်ကို ပြပါဆိုရင် သူ့ကို ကျွန်တော်လက်ညှိုးထိုးရမှာပါပဲ။ ဒါပေမဲ့ အချစ်ဆိုတဲ့အရာက တစ်မျိုးပါပဲ။ သူ့ရဲ့အလှအပနဲ့ အရည်အချင်းတွေကြားမှာ ကျွန်တော် သာယာဖူးခဲ့ပေမယ့် တန်းတန်းစွဲ ရင်ခုန်လှုပ်ရှားမှုမျိုးတော့ မရှိခဲ့ပါဘူး။ မဖြစ်မနေ အိမ်ထောင်ပြုရမယ်ဆိုရင်တော့ ကျွန်တော် ရွေးချယ်တဲ့သူဟာ သူမပဲဖြစ်မှာပါ။

"ကိုနေ ... ခဏလောက် 'ဂမုန်းပွင့်'ကို ဝင်ပေးလို့ရမလား"

ကိုယ့်အတွေးနဲ့ကိုယ် ကားမောင်းနေတဲ့ ကျွန်တော် သူမအသံကြောင့် သတိပြန်ဝင်ခဲ့သည်။

၁၀

နေခြည်ကတော့ လောလောဆယ်မှာ အဒေါ်တွေ ငြင်းမရလောက်တဲ့ အရည်အသွေးတွေ ပိုင်ဆိုင်ထားသူပေါ့။ သူဟာ ကျွန်တော့်ရဲ့စက္ကထရီဖြစ်သလို၊ မိန်းမလည်း အရမ်းပီသပါတယ်။ သူ့အဖေက ကျွန်တော့်အဖေရဲ့ အားကိုးရတဲ့ ရှေ့နေတစ်

www.burmeseclassic.com

www.burmeseclassic.com

"ရတယ်လေ၊ ဘာဝယ်မလို့လဲ"

"ဖိနပ်"

"နေခြည် ဖိနပ်တွေ တော်တော်ဝယ်တယ်နော်၊ ကိုယ် သတိထားမိတာကြာပြီ"

"ဟုတ်တယ်၊ နေခြည် ဖိနပ်လှလှလေးတွေကို ချစ်တယ်၊ အထူးသဖြင့် high heel တွေကို ပို crazy ဖြစ်တယ်။ high heel တွေက ပိုပြီးကွန်ဖီးဒန့်ရှိစေတယ်လေ"

"အဲဒါ နေခြည် ထင်လို့ပါ။ တကယ်တော့ ဒေါက်ဖိနပ်တွေက ကျန်းမာရေးနဲ့ မညီညွတ်ဘူး"

"ထားလိုက်ပါတော့၊ ရောက်ပြီ၊ ကိုနေပါ လိုက်ခဲ့နော်"

"လိုက်ခဲ့မှာပေါ့"

ဂမုန်းပွင့်ရှောပင်းမောလ်မှာ ဈေးဝယ်သူတွေက အမြဲပြည့်နေသည်ပင်။ ဘယ်သူ့ကိုကြည့်ကြည့် လှပကြော့ရှင်းနေကြသည်။ နေခြည်ကတော့ ဟိုဖိနပ်ကောက်စွပ်လိုက်၊ ပြန်ထားလိုက်၊ နောက်ဖိနပ်တစ်ရုန်ကို စီးကြည့်လိုက်နှင့် အလုပ်တော်တော်ရှုပ်နေသည်။ ဒါလည်း မိန်းမသဘာဝတစ်ခုဖြစ်မည် ထင်သည်။

ကျွန်တော့် မျက်လုံးထဲကို မိန်းမတစ်ယောက် အမှတ်မထင် ဝင်လာသည်။ Escort တဲ့ဆိပ် အကျီကျီအစိမ်းရောင်နှင့် ဂျင်းဘောင်းဘီအပြာလေးနှင့် ထူးခြားသည်က price-tag ပင်။ ဒါစတိုင်လ်လားတော့ မသိပါ။ ဈေးနှုန်းကပ်ပြားသည် သူမ၏ အင်္ကျီလည်ကုပ်မှတစ်ဆင့် အင်္ကျီကျောဘက်သို့ ကျနေသည်ကို တွေ့နေရသည်။ ကြည့်ရသည်မှာ ရယ်စရာကောင်းလှသည်။

တခြားဈေးဝယ်သူတွေကလည်း သူမရဲ့နောက်ကျော်ကိုကြည့်ကာ ပြုံးစိစိဖြစ်နေကြသည်။ မံဆိမဆိုင် အဒေါ်အပျိုကြီးနှစ်ယောက်ကို ပြေးပြီးသတိရမိသည်။ သူတို့နှစ်ယောက်သာမြင်ရင် ဘယ်လောက် နမော်နမဲ့နိုင်တဲ့မိန်းမလဲ ဆိုပြီး ဝိုင်းပြီးကဲ့ရဲ့ကြမည်ဖြစ်ခြင်း။

သူမကိုင်သည့်ဖိနပ်ကို နေခြည် ကိုင်လိုက်စဉ်တွင် သူမရဲ့စူပုပ်ပုပ်မျက်နှာကို သူ မြင်လိုက်ရသည်။ သူမမျက်နှာစူပုပ်သွားတာက ကလေးတစ်ယောက် အလိုမကျသည့်ရုပ်နှင့်ပိုတူသည်။ မတော်သည့်ဖိနပ်ကို သက်သက်ညစ်၍ ဝယ်လိုက်မှန်း သူရော နေခြည်ပါ သိသိနှင့် ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကို သူမက သူတို့နှစ်ယောက်ကို ပြန်ခွပ်သွားသေးသည်။ သူမ ချစ်ဖို့ကောင်းသည်ကတော့ အမှန်ပင်ဖြစ်သည်။ မိုက်တိမိုက်ကန်း မျက်နှာပေးက ဘယ်အရာကိုမှ အလွယ်တကူ အလျှော့ပေးတတ်သူ မဟုတ်မှန်း သေချာသည်။ တစ်လမ်းလုံး နေခြည်နှင့် ကျွန်တော် ထိုအကြောင်းကို ဆွေးနွေးမိသည်။

"ကိုနေ စဉ်းစားကြည့်၊ သူ အဲဒီဖိနပ်ကို မစီးဘဲနဲ့ဝယ်တယ်၊ သူ ပြောတာကတော့ သူ့ညီမအတွက်ပေါ့။ ဖိနပ်ဆိုတာမျိုးက လူကြိုက်နဲ့ဝယ်လို့ ရတာမှ မဟုတ်တာ။ ဆိုဒ်သိတယ်ပဲထားဦး၊ ဖိနပ်ဆိုဒ်ဆိုတာလည်း တစ်ရန်နဲ့တစ်ရန် တူတာ့မဟုတ်ဘူး"

"နေခြည်ကလည်း အတွေးမခေါင်စမ်းပါနဲ့၊ ဘယ်သူမှ အဓိပ္ပာယ်မရှိပဲ တစ်သောင်းခွဲ အကုန်ခံမှာ မဟုတ်ဘူး"

"မဟုတ်ဘူး ကိုနေ၊ အဲဒီမိန်းမကို သေချာကြည့်မိလား၊ သူ့ရုပ်က သူမှန်တယ်ထင်ရင် အဓိပ္ပာယ်မရှိတဲ့အလုပ်ဖြစ်နေဦးတော့ သူနာကျင်ရမယ်ဆိုတာ သိသိနဲ့လုပ်မယ့်ရုပ်မျိုး"

"ဟ ... တော်လှချည်လား၊ စက္ကထရီမလုပ်ဘဲ ဗေဒင်ဆရာမလုပ်ပါလား၊ ဒါဆို တော်တော်ဝင်ငွေဖြောင့်မှာပဲ"

"ကြည့် ... ကိုနေ၊ လူကို နောက်ဖို့မြောင်ဖို့ပဲ သိတယ်"

"ထားလိုက်ပါ နေခြည်ရာ၊ ဖိနပ်တွေများပုံလို့၊ မလွမ်းစမ်းပါနဲ့"

"ဖိနပ်ကို စိတ်ဝင်စားလို့ မဟုတ်ဘူး။ အဲဒီမိန်းမကို စိတ်ဝင်စားလို့"

"ကဲ ... ဒါဆိုလည်း ဆက်သာစဉ်းစားပေတော့ နေခြည်ရေ"

✦○✦

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေဆို ကုမ္ပဏီပိတ်ရက်ဖြစ်တာမို့ အိမ်မှာ တစ်ခုမဟုတ်တစ်ခု လုပ်စားနေကြ။ တီတီမာနဲ့ တီတီနှင်းတို့က အချက်အပြုတ်မှာ အလွန်တော်သည်။ သင်တန်းတွေလည်း တက်ထားတော့ တော်ရုံတန်ရုံ အပြင်မှာစားတယ်ဆိုတာ မရှိကြပါ။

စားချင်တာမှန်သမျှ သူတို့နှစ်ယောက်က ဒိုင်ခံချက်ပြုတ်ကျွေးကြသည်ချည်းဖြစ်သည်။ ဒါကြောင့်လည်း ထိုနေ့မျိုးဆို သူ အိမ်မှာ အနေများသည်။

"ဦးနေ ... သားနဲ့ ဘောလုံးလာကန်ပါလား"

ဟိုဘက်ခြံမှ ဖိုးဆွိုက အုတ်တံတိုင်းပေါ်က မျက်နှာလေး ပေါ်လာကာ ခြံထဲတွင်ရပ်နေသော သူ့ကိုလှမ်းပြောသည်။

"ဟာ ... ကောင်းသားပဲ၊ မင်းနဲ့မတွေ့တာ တောင်တော်တောင်ကြာနေပြီ၊ ဒါနဲ့ မင်းဒီနှစ်ဆယ်တန်းမဟုတ်လား၊ အားရောအားရဲ့လားကွ၊ တော်ကြာ မင်းအမေ အနှံတိမိက ဆူနေပါဦးမယ်"

"ဟာ ... ဦးနေကလည်း၊ လာပါ သားနဲ့ခဏလောက် လာကစားပါ။ ဒီမှာ စာတွေကျက်ရလွန်း၊ ကျူရှင်တွေတက်ရလွန်းလို့ ချောင်တောင်တောင် ဖြစ်နေပြီ။ နာရီဝက်တည်းပါ ဦးနေရာ၊ ဦးနေ ကြာကြာဆော့ချင်ရင်တောင် မရဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့"

"ဒီနေ့ အင်္ကလိပ်စာဆရာမတစ်ယောက် မာမီထပ်ခေါ်ထားတယ်၊ သားကို အင်္ကလိပ်စာညွှန်လို့တဲ့၊ ဆရာမက အရမ်းတော်တယ်လို့ ပြောတာပဲ"

"အေး ... အေး ... ဒါဆို ဦးနေ လာပြီ၊ တံခါးဆင်းဖွင့်ထားဦး"

"ဟုတ်"

ဝမ်းသာအားရ မျက်နှာပေးနှင့် ဖိုးဆွေ မြင်ကွင်းထဲမှ ပျောက်သွားသည်။ ကလေးတွေကတော့ ဒီလိုပါပဲ၊ စာဆိုသိပ်ပြီး စိတ်မဝင်စားချင်။

မိဘတွေကတော့ ဖြစ်စေချင်တဲ့စိတ်ကြောင့် အစစအရာရာ လိုလေသေးမရှိ လိုက်လုပ်ပေးကြသည်။ တစ်နေ့တော့ မိဘစေတနာကို နားလည်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

သူ့တုန်းကရော အဖေ၊ အမေပါမက အဒေါ်တွေပါ မကျွန် ဝိုင်းပြီး ဂရုစိုက်ကြသည်လေ။

ဒါကြောင့်လည်း ဆယ်တန်းမှာ ဂုဏ်ထူးလေးခုနှင့် အောင်ခဲ့သည် မဟုတ်လား။ ဆေးတက္ကသိုလ်မတက်ဘဲ ကွန်ပျူတာရွေးတော့ မျက်နှာမကောင်းကြပေမယ့် သူ့ဆန္ဒကို အားလုံးကလိုက်လျောခဲ့ကြသည်လေ။ ဖိုးဆွိကို ကြုံရင်တော့ စာကြိုးစားဖို့၊ မိဘမေတ္တာကို နားလည်ဖို့ ဆုံးမဦးမည်။ ဖိုးဆွေ ဆိုတာကလည်း ငယ်ငယ်လေးကတည်းက သူတို့လက်ပေါ်ကပဲ ကြီးခဲ့ရတာ မဟုတ်လား။

✦ ○ ✦

www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ကနည်းနည်းပူချင်တာမို့ ထဘီစကတ်ဝတ်လိုက်တော့ သိသိသာသာကို ဗိုက်ကလုံးထွက်ချင်သည်။ ထဘီကတော့ ဘာပဲပြောပြော ခါးကိုကျပ်နေအောင် စည်းလိုက်လျှင် ဗိုက်ကချပ်နေသယောင် ထင်ရသေးသည်။ မဖြစ်သေးပါဘူး။ စာသင်ရက် မရှိသည့်နေ့တွေမှာ လေ့ကျင့်ခန်းလေး ဘာလေး လုပ်ဦးမှ။ လူကသာသေးတာ၊ ပေါင်တွေ၊ လက်မောင်းတွေနဲ့ ဗိုက်ကတော့ လူနဲ့သိပ်မဆိုင်ချင် နည်းနည်းကြီးချင်သည်။ မဖြစ်ဘူး ... မဖြစ်ဘူး လုပ်တော့ လုပ်ဦးမှပဲ။

"နိုဝင်ရေ ... ဟဲ့ နိုဝင်"

နောက်ဖေးမီးဖိုချောင်မှ မေမေ့အော်ခေါ်သံကြောင့် အတွေးစပြတ်သွားသည်။

"ဘာလုပ်နေတာလဲ၊ ဧည့်ခန်းက နှင့်စာအုပ်စင်ကြီး ရှင်းလိုက်စမ်း၊ ဖတ်ပြီးရင် နေရာတကျမထားဘူး။ ရှုပ်ပွနေတာပဲ၊ အကြည့်ရဆိုးလိုက်တာ၊ အိမ်မှာရှိနေချိန်လေး အမေကို နည်းနည်းပါးပါး ကူလုပ်ဖို့ မတွေးမိဘူးလား"

၁၂

အခုတလော မေမေ ဘာရောဂါဖြစ်သလဲ မသိပါ။ ထဘီဆယ်ထည်ဝယ်ပေးပြီး ထဘီကို အတင်းအကျပ်ဝတ်ခိုင်းပါသည်။ မဝတ်တတ်ဘူးလို့ ပြောတော့လည်း လက်မခံ။ တကယ်တော့လည်း နိုဝင် ကိုယ်တိုင် ထဘီစကတ်တွေ သိပ်မဝတ်ချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

"အာ ... မေမေကလည်း၊ မနက်ကတင် ကန်စွန်းစွက်ခြေပေးတယ်၊ ကြက်သွန်အနီ,အဖြူ ခွာပေးထားတုယ်လေ"

"ဩော် ... တော်တော်လုပ်လိုက်တာပေါ့၊ သွား ... အခု သွားရှင်းစမ်း၊ ငါ့နယ် ဒီအသက်(၃၀)ကျော်ကြီးကို ပြောနေလိုက်ရတာ၊ ပတ်ဝန်းကျင်ကြားလို့မှမတော်၊ နင်ဒီလောက် စည်းမဲ့ကမ်းမဲ့ ဖြစ်နေတာ နင့်တပည့်တွေကို ဘယ်လိုတွေများ အုပ်ချုပ်နေလဲဟင်"

"ဒါမဆိုင်ဘူးလေ၊ တပည့်တွေက သမီးကိုချစ်ပြီးသား၊ သမီးစကားဆို နားထောင်ပြီးသား"

"ဟုတ်မယ် ... ဟုတ်မယ်၊ အိမ်ကို တစ်ရက်လောက် အလည်ခေါ်လိုက်ပါလား။ တစ်ခါတည်း အရည်အချင်းတွေ ပိုသိသွားမယ်"

"မေမေတို့ကလည်း လုပ်ဗြို့"

နှုတ်ခမ်းစူ ခြေဆောင့်ပြီး ထွက်သွားသော သမီး၏ နောက်ကျောပြင်ကိုကြည့်ပြီး ဒေါ်နုနု သက်ပြင်းချလိုက်သည်။

သူမက စောစောအိမ်ထောင်ကျတာမို့ သမီးတွေနဲ့ အသက်သိပ်မကွာ၊ ဒီဇင်နဲ့က (၁၉)နှစ်၊ နိုဝင်နဲ့က (၂၁)နှစ်လောက်သာကွာသည်။ ဒီတော့လည်း သမီးတွေနှင့် ဆက်ဆံရေးက ညီအစ်မလိုလို၊ သူငယ်ချင်းလိုလိုနှင့်သာရှိသည်။

ဘာကိုမှမထိမ်ချန်တတ်တာ၊ စိတ်ထဲမှာရှိတာတွေကို ပွင့်ပွင့်လင်းလင်း ပြောတတ်ကြတာကတော့ ညီအစ်မနှစ်ယောက်စလုံး စရိုက်ပင်။ အထူးဆုံးဖြင့် နိုဝင်က ပိုဆိုးသည်။ အဖေလုပ်တဲ့သူကတော့ သမီးတွေလုပ်သမျှ အကောင်းသာမြင်သည်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ... မိုးကစွာပြီ"

စိတ်ထဲမှ မိုးကိုကျိတ်၍ ကျိန်ဆဲမိသည်။ ဘယ့်နယ် လူမို့လို့ အပြင်ထွက်တာနှင့် မိုးစွာသည်။ ကျူးရှင်ကပြန်တော့မည် ဆိုလည်း စွာပြန်သည်။ စွာပါလား စာသင်နေချိန်တွေမှာ၊ ဘယ်သူ

က မြွောက်ပေးလိုက်လဲမသိ၊ ချည်ထဘီအပွင့်အခက်လှလှတွေနှင့် ဘလောက်စ်ရောင်စုံ ပြောင်လှလှလေးတွေတွဲပြီး မမေမက ဝတ်နိုင်းသည်။

နိုဝင်လည်း ကြိုက်ပါသည်။ ကြိုက်လို့လည်း ဝတ်ထားသည်ပေါ့။ အခုတော့ ဝတ်ထားသည့် ထဘီက နည်းနည်း ပြဿနာရှိသည်။ မိုးကသည်းတာမို့ ထဘီအောက်ပိုင်းတစ်ခုလုံး ရွဲရွဲစိုနေသည်။

ဒီတော့ လမ်းလျှောက်တော့ သိပ်အဆင်မပြေပါ။ တပည့်အိမ်ရောက်ဖို့က လမ်းနည်းနည်း ထပ်လျှောက်ရဦးမည်။ ခက်သည်။ ကားတိုးစီးရတဲ့ဒုက္ခ၊ လမ်းလျှောက်ရတဲ့ ဒုက္ခက ဘယ်တော့မျှားမှ လွတ်မည်မသိပါ။ မိုးကသည်းတော့ လမ်းက လူရှင်းနေသည်။ လမ်းလျှောက်လို့ကလည်း လုံးဝကို အဆင်မပြေပါ။

အို ... ဘာဖြစ်သေးလဲ၊ လူမှသိပ်မရှိတာ။ ထဘီကို အပေါ်နည်းနည်းမ,ပြီး လျှောက်သွားရင်တော့ အလုပ်ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟား ... အဆင်ပြေလိုက်တာ၊ ဒီထက်နည်းနည်းထပ်မ, ပြီးလျှောက်မှ၊ မလိုတော့ပါဘူး။ နောက်နည်းနည်းလေး လျှောက်လိုက်ရင်ရပြီ"

"ဟဲ့ ... ဖိုးတာ၊ ကားကို ဖြည်းဖြည်းမောင်းစမ်း၊ လူသွားလမ်း လူရှင်းတယ်ဆိုပေမယ့် မိုးက ဒီလောက်ရွာနေတာ၊ တော်ကြာ စလစ်ပ်တွေ ဘာတွေဖြစ်မှဖြင့်"

မာလာခင်က ဒရိုင်ဘာကောင်လေးကို ငေါက်ငမ်းလိုက်သည်။ သူ ဒီလိုကားကို မြန်မြန်မောင်းပုံမျိုးနှင့်ဆိုလျှင် ဘယ်တော့ မသာပေါ်မည်မသိ။ ခက်တယ်၊ သိပ်ခက်တယ်။ မမလင်းတို့ကတော့ အစကအဆုံး မိမာလာတို့ နှင်းဝေခင်တို့၏တာဝန်လို့များ မှတ်ထင်ထားသလား မသိပါ။ ဆိုင်လိုက်ထိုင်ခိုင်းရင် ထိုင်ခိုင်း၊ မထိုင်ခိုင်းလျှင်တော့ ရှိသမျှကိစ္စအဝဝကို ခေါင်းတည်ပေးတော့သည်။

အခုလည်း သူမှာထားတဲ့ ကိမိုနိုစတွေကို ဗိုလ်ချုပ်ဈေးမှာ သွားယူခိုင်းသည်။ မိုးကလည်းရွာ၊ စိတ်ရှုပ်လိုက်တာ၊

တကယ်တော့ မာလာတို့ နှင်းဝေတို့က လင်းလင်းခ ဆိုသည့် နေမင်းခ မိခင်နှင့် ညီအစ်မနှစ်ဝမ်းကွဲလောက် တော်စပ်ပါသည်။ လင်းလင်းခက အပေးအကမ်း ရက်ရောသည်။ စိတ်ထားကောင်းသည်။

သူတို့ညီအစ်နှစ်ယောက်ကို ညီအစ်အရင်လို သဘောထားရှာသည်။ မောင်နှမသားချင်းကလည်း မရှိတော့ သူတို့ညီအစ်မနှစ်ယောက် ယောင်လည်လည်နှင့် ဤ"နွေးထွေးရိပ်မြုံ"သို့ ရောက်လာစဉ်တွင် ဝမ်းသာအယ်လဲ ကြိုဆိုလာသော လင်းလင်းခကို သူတို့ညီအစ်မနှစ်ယောက် ပြန်လည်ချစ်ခင်မိပါသည်။

ကောင်မလေးတစ်ယောက်ကို ကားရှေ့မှနှက လှမ်းမြင်ရသည်။ သူမဝတ်ထားသော မိုးပြာရောင် ကော်လာထောင် အင်္ကျီဆန်းဆန်းလေးနှင့် အဖြူနဲ့မိုးပြာရောင် အပွင့်ခက်ခက်လေး တွေပါသော ထဘီလေးဟာ ဖြူဝင်းသော အသားလေးနှင့်လိုက်ဖက်လှသည်။ ပခုံးကျော်ကျော် ဆံဝင်နက်နက်စင်းစင်းတွေက သူမမျက်နှာနှင့် ပန်ရလှသည်။

www.burmeseclassic.com

www.burmeseclassic.com

အထင်သာဆုံးကတော့ သူမ မျက်ခုံးတွေပဲ၊ သူမ ကိုယ်ပါ ဝင်လို့ရလောက်သည့် အိတ်အနက်ကြီးတစ်လုံးက သူမ ပခုံးမှာ နေရာယူနေသည်။ သူမ အသက်ဘယ်လောက်ရှိမည်ကို ဒေါ်မာလာခင် စိတ်မှန်းဖြင့် တွက်နေမိသည်။

ကောင်မလေးက သူတို့ကားနဲ့ မျက်နှာချင်းဆိုင်က လျှောက်လာတာဖြစ်သည်။ ကြည့်နေရင်းမှစပင် ကောင်မလေးသည် သူမ၏ထဘီကို တော်တော်လေး မ,ယူလိုက်ရင်း ခြေလှမ်းကျဲကျဲဖြင့် မြန်မြန်လျှောက်လာသည်။ ဖြစ်ချင်တော့ ကတ္တရာခင်းထားသော လမ်းကြားပေါ်မှာတောင် ရေတွေဝပ်နေတာမို့ သူမဘေးနားက မာလာတို့ကား ဖြတ်သွားစဉ်တွင် သူမတစ်ကိုယ်လုံး ရွဲရွဲစိုအောင် ရေတွေစဉ်သွားတော့သည်။

"အန်တီ ... ကားရပ်ပေးလို့ရမလား"

ဒရိုင်ဘာကောင်လေးက သူမကို ခွင့်တောင်းသလို လှမ်းပြောလိုက်သည်။

"မရပ်နဲ့ မလိုဘူး၊ ဒါမျိုးက ဖြစ်တတ်တာပဲ"

ဒေါ်မာလာက နောက်မှန်မှ ကောင်မလေးကို လှမ်းကြည့်လိုက်သည်။ မျက်လုံးလည်း တော်တော်ပြူးသွားရသည်။ ထိုကောင်မလေးသည် လမ်းဘေးတွင် အလှစိုက်ထားသော ရေတမာပင်ဘေးပတ်လည်တွင် စီထားသောအုတ်ခဲတစ်လုံးကို မရ, ရအောင် အတင်းခွာယူနေသောကြောင့်ဖြစ်သည်။

"ဖိုးတာရေ ... မြန်မြန် ... မြန်မြန်လေး မောင်းစမ်းပါ"

ဖိုးတာက အံ့သြဟန်ဖြင့် သူမကို လှမ်းကြည့်ရင်း လေလေးတစ်ချက်ချွန်တာ အမြန်နှုန်းဖြင့် မောင်းနှင်လေသည်။ လမ်းတစ်လျှောက်လုံး သူမ ဘုရားသာတ,နေတော့သည်။ ကံသီပေလို့သာ၊ နို့မို့ဆို ကားနောက်ခန်းမှန်ပဲ ကွဲမလား၊ မီးသီး ကွဲမလား၊ တစ်ခုခုတော့ ကွဲမည်မှာ အမှန်ပင်ဖြစ်သည်။

အမယ်လေး ... ကြောက်စရာ ကောင်းလိုက်တာ၊ ဘယ်လိုမိန်းမမျိုးပါလိမ့်။ အတော်အတန်စွာတဲ့ မိန်းမတွေတောင် အနောက်ကနေ ဒေါသထွက်ပြီး အလွန်ဆုံး အော်ဆဲတာလောက်သာလုပ်မည်။ ဒီမိန်းကလေးကတော့ အင်မတန်ကို ကြောက်စရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်လုံးက ကြွက်စုတ်ဖြစ်နေသည်၊ အဲဒီကားစုတ်ကြောင့်ပေါ့။ ကားနံပါတ်ကို အလွတ်မှတ်ထားသည်။ ဒီလမ်းထဲကဆိုရင်တော့ တစ်နေ့ တွေ့ဦးမှာပေါ့။

"ဟုတ်ပါတယ်"

လေတစ်ချက်အတွေ့တွင် နှိုင် ချမ်း၍ တဆတ်ဆတ် တုန်လာကာ မေးရိုက်သံဖြင့် ဖြေလိုက်သည်။

"ဟယ် ... တီချယ်ရယ်၊ အားနာလိုက်တာ၊ တစ်ကိုယ်လုံး လည်း စိုရွဲနေတာပဲ၊ လာ ... မြန်မြန်၊ အိမ်ထဲဝင်ပါ။ အင်္ကျီတွေ၊ ထဘီတွေ အမြန်လဲပစ်မှဖြစ်မယ်။ ဟဲ့ ... မော်မော်၊ ဘာရပ်ကြည့်နေတာလဲ၊ ဖိုးဆွေ ဘယ်သွားလဲ ... ဖိုးဆွေ"

ထိုအမျိုးသမီးက အိမ်ဖော်ဖြစ်ဟန်တူသော အမျိုးသမီးတစ်ဦးကို လှမ်းပြောလိုက်သည်။

နှိုင်ကတော့ မဆင်မခြင် မောင်းသွားသောကားကို အမှတ်ရမိရင်း ဒေါသတွေတစ်လှေကြီး ထွက်နေပါတော့သည်။

ဒီလိုမိန်းမမျိုးနှင့်သာ တူလေး နေမင်းခ အိမ်ထောင်ပြုလိုက်ရလျှင်တော့ ငါ့တူလေးတော့ ကိုယ်ကျိုးနည်းပေမပေါ့။ အို ... နေနေလေးက ဒီလိုအဆင့်အတန်းမျိုး စိတ်မဝင်စားပါဘူး။ လှပယဉ်ကျေးသိမ်မွေ့တဲ့ နေခြည်လို မိန်းကလေးမျိုးက သူ့နားမှာ အဆင်သင့် ရှိနေတာပဲ။

အိမ်နံပါတ် 12(B) ဆိုတော့ ဒီအိမ်ပါပဲ၊ ခြံတံခါးကပွင့်နေသည်။ ခွေးရှိသလားတော့ မသိပါ။ မနေ့က ဖုန်းပြောတုန်းကတော့ ကျောင်းသားအမေက သူကိုယ်တိုင် လာကြိုပေးရမလား၊ ဘာလားနဲ့ အခုကျတော့ အရိပ်တောင်မမြင်ရ။ ထိုစဉ်တွင် ခြံတံခါးကို လျှောက်လာသော အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရသည်။

"ဩော် ... အင်္ကလိပ်စာဆရာမ မေနိုင်ဝင် ဆိုတာလား မသိဘူး"

ထိုအမျိုးသမီးက သူမကို အကဲခတ်ဟန်ဖြင့် ခြေဆုံး၊ ခေါင်းဆုံးကြည့်ကာ မေးလေသည်။ မေးလည်းမေးချင်စရာ၊ လူ

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ရုတ်တရက် အင်အားပြင်းသော အရာတစ်ခုက သူမ၏ပခုံးကို လာမှန်ပြီး နိုဝင်သည် နေရာမှာပင် ဖင်ထိုင်လျက် လဲကျသွားတော့သည်။

ပခုံးကလည်း တော်တော်အောင့်သွားသည်။ ကြည့်လိုက်တော့ သူမထားနားကို အပြေးလာနေသော ကောင်လေးငယ်ငယ်တစ်ယောက်နှင့် လူရွယ်တစ်ယောက်။ သင်းတို့ဘေးလုံးကန်ကြတာ ဖြစ်ပေမပေါ့။ ဒေါသမျက်လုံးဖြင့် ထိုလူနှစ်ယောက်ကို မော့ကြည့်မိစဉ်တွင် နိုဝင်နှလုံးသားတို့သည် တဖြည်းဖြည်းနှင့် ပူနွေးလာတော့သည်။ ထိုလူရွယ်သည် သူမရင်ကို လှုပ်ခတ်စေခဲ့သော လူတစ်ယောက် ဖြစ်နေသည်လေ။ နာကျင်မှုတို့က ခေတ္တမျှ ပျောက်ကွယ်သွားသည်။

"ဟာ ... အစ်မ၊ ဘယ်ထိသွားလဲ၊ ဆောရီးပါနော်၊ ထလို့ရရဲ့လား၊ ကျွန်တော် အစ်မဝင်လာတာ သတိမထားမိလိုက်လို့ပါ"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ကြတာလဲ"

အိမ်ထဲ အရင်ကြိုရောက်ပြီး စီစဉ်စရာရှိတာတွေ စီစဉ်မယ်လုပ်တုန်း အိမ်ရှေ့ဆီက အသံတွေကြောင့် ခေါ်မိမိ တစ်ယောက် အပြေးအလွှား ထွက်လာသည်။

"အို ... တီချယ်၊ ဒုက္ခပါပဲ၊ ကျွန်မ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ဘူး၊ ထလို့ရလား၊ လာ ... ကျွန်မလက်ကိုဆွဲလိုက်"

ခေါ်မိမိ ဆရာမကို လက်ကမ်းပေးရင်း သားဖြစ်သူ ဖိုးဆွိကို မျက်စောင်းတွေ့ တစ်လှည့်ကြီး ထိုးလိုက်သည်။

"အေး ... အေး ... ဖိုးဆွို၊ နင်နဲ့ ငါနဲ့ တွေ့ဦးမယ်၊ ကြည့်စမ်း ... ရောက်ရောက်ချင်းကို ဆရာမကို စိတ်ပျက်အောင် လုပ်တာပဲ"

"အန်တီမိရယ်၊ ကန်လိုက်တာ ကျွန်တော်ပါ၊ တောင်းပန်ပါတယ်။ ဆရာမကိုလည်း တောင်းပန်ပါတယ်"

စွပ်ကျယ်အဖြူ၊ ကွာတားဘောင်းဘီအနက်လေးနှင့် မိုးရေထဲတွင် ရှင်းသန့်နေသော သူ့မျက်နှာလေးက ချစ်စရာကောင်း

www.burmeseclassic.com

www.burmeseclassic.com

လှသည်။ သူနှင့် မျက်လုံးချင်းဆုံခိုက်တွင် သူ့ဆီက နိဝင်ကို မှတ်မိလေဟန်ပုံမျိုး မတွေ့ရတော့ စိတ်ထဲမှာ တစ်မျိုးလေး ဝမ်းနည်းသွားရသည်။

ဟုတ်သည်ပေါ့။ မှတ်မိနိုင်လောက်အောင် သူမက ထူးထူးခြားခြား လှပနေတဲ့သူမှ မဟုတ်တာ၊ ဩော် ... မမှတ်မိတော့ ဘာဖြစ်သေးလဲ၊ မှတ်မိအောင် လုပ်ပေးရမှာပေါ့။ အိမ်ထဲသို့ ဝင်ကာနီးတွင် သူ့နားသို့ နိဝင်ကပ်ကာ ...

"ဘာလဲ ... မင်းက မင်းကောင်မလေးကြိုက်တဲ့ဖိနပ်ကို ငါ ရအောင်ဝယ်သွားလို့ ကလဲ့စားချေတာလား"

"ဗျာ"

အံ့အားသင့်ဟန်၊ ဇဝေဇဝါနှင့် သူက နိဝင်ကိုသေချာကြည့်နေသည်။ ပြီးမှ အမှတ်ရသွားဟန်ဖြင့် ...

"ဩော် ... အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော် ဒီအတိုင်းပဲကန်လိုက်တာ၊ ဝင်လာတာကို လုံးဝကို မတွေ့ပါဘူး။ ထပ်ပြီးတောင်ပန်ပါတယ်"

သူ့အသံက နိဝင်နောက်နားမှာ ကျန်ခဲ့သည်။

နိဝင် "အချစ်" ဆိုသောအရာနှင့် အလှမ်းဝေးနေသည်မှာ အတော်ကို ကြာမြင့်ခဲ့ပါပြီ။ အချိန်ကာလကိုလိုက်ပြီး ပြောင်းလဲတတ်သော "အချစ်" ဆိုသောအရာနှင့် ဝေးဝေးနေဖို့လည်း ဆုံးဖြတ်ခဲ့ပြီးပြီပဲ။ ရူးကြောင်ကြောင်အတွေးတွေ မတွေးစမ်းပါနဲ့ နိဝင်ရယ်။

သူ့မှာလည်း သူ့ချစ်သူနဲ့၊ မေလိုက်ပါ။ ထပ်ဆုံစရာလည်း အကြောင်းမရှိပါဘူး။ တည်ငြိမ်အေးချမ်းနေတဲ့ ဘာအပူအပင်မှမရှိတဲ့ နှင့်ဘဝကို ဂယက်ထအောင် မကြိုးစားပါနဲ့။ ဖိနပ်အတွက် ပေးလိုက်ရတဲ့ တစ်သောင်းခွဲဆိုတဲ့ ပိုက်ဆံက ပြန်ရှာလို့ ရပေမယ့် သူ့အပေါ် စူးနစ်စွာချစ်လာတဲ့အခါ ခံစားရမယ့်နာကျင်မှုတွေကိုတော့ ကုစရာဆေးရှိမှာ မဟုတ်ဘူး။ နင် တော်သင့်ပြီ မိနိုင်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီပန်းသီးလေးစား နေနေ၊ ချိုကချိုနဲ့၊ စပျစ်သီးလေးလည်း စားဦး၊ ကြက်မောက်သီးရော"

"အင်း ... စားနေပါတယ် တီမာရဲ့"

မာမီက သည်းသည်းလှုပ်ဖြစ်နေကြသော အဒေါ်တွေနှင့် သူ့ကို ပြိုးပြိုးကြည့်နေသည်။

"ပြောရဦးမယ် သိလား၊ နေ့လယ်ကလေ မမလင်းဗိုလ်ချုပ်ဈေးကိုလွှတ်လို့သွားတော့ လမ်းမှာ ကောင်မလေး တစ်ယောက်နဲ့တွေ့တယ်၊ နေနေ့ထက်တော့ ကြီးပုံရတယ်၊ ကားက သူ့ဘေးနားက ဖြတ်သွားတော့ ကောင်မလေး တစ်ကိုယ်လုံး ရေတွေရွဲကုန်ရော၊ ပထမတော့ တောင်းပန်မလို့ပါပဲ၊ ဒါပေမဲ့ မိုးတွင်းက ဒီလိုပဲ ဖြစ်တတ်တယ် မဟုတ်လား"

"တောင်းပန်ရမှာပေါ့ မာလာရယ်၊ ကားစီးစီး လမ်းလျှောက်လျှောက် အတူတူပါပဲ၊ လူပဲ ခံစားချက်ရှိတာပေါ့၊ ငါက ကားစီးပြီး သူက လမ်းလျှောက်နေတာပဲ၊ ဂရုစိုက်စရာမလို

၁၄

ညစာစားပြီး သစ်သီးစားတတ်တာ သူတို့အိမ်ရဲ့ အလေ့အထတစ်ခုလိုတောင် ဖြစ်နေပါပြီ။ တီတီနှင်းနဲ့ တီတီမာကို ကျေးဇူးတင်ရမည်။ ဘာလို့လဲဆိုတော့ သူကြိုက်တတ်သော သစ်သီးမှန်သမျှကို မရှာရအောင် ရှာဖွေဝယ်ပေးတတ်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပါဘူးလို့ မထွေးပါနဲ့၊ ကိုယ်ချင်းစာစိတ်ရှိတာ မင်္ဂလာတစ်ပါးပဲ"

မာမီက ထုံးစံအတိုင်း လေသံအေးအေးလေးနဲ့ ပြောတော့ တီတီမာ ခေါင်းငုံ့သွားသည်။

"အဲဒါနဲ့ မမမာ မတောင်းပန်လိုက်ဘူးပေါ့"

ဒေါ်နှင်းဝေခင်က ဝင်ထောက်ပေးလိုက်သည်။

"ငါ မတောင်းပန်ချင်လို့တော့ မဟုတ်ပါဘူး။ မိုးကလည်း ရွာ၊ ငါလည်း အလျင်လိုနေတာမို့ပါ။ အဲဒီမိန်းကလေး ဘာလုပ်တယ်မှတ်လဲ"

တီတီမာ့ စကားကြောင့် အားလုံးက စိတ်ဝင်စားစွာ နားစွင့်လိုက်သည်။

"ရေတမာပင်အောက်မှာ အလှစီထားတဲ့အုတ်ခဲကို အတင်း ခွာယူပြီး ကားကိုပစ်ဖို့ လုပ်တယ်ဟေ့၊ တော်သေးတယ် မိုးတာ မြန်မြန်မောင်းလို့သာ ကားနောက်မှန်မကွဲတယ်"

"ဟား ... ဟား ... ဟား ... ဟား"

နေမင်းခတို့အားလုံး ဝိုင်းပြီးရယ်မောကြသည်။ အဲဒီတုန်းက မကြာက်နေမည့် တီတီမာ့ မျက်နှာကိုပါ မြင်ယောင်မိကာ ရယ်မောမှုကို အဆုံးမသတ်နိုင်ကြ။

"အင်း ... ဆတ်ဆတ်ကြီးပဲ၊ ဒီလမ်းထဲ ဝင်လာတယ်ဆိုတော့ ဘယ်အိမ်ကများလဲ"

"ဒီလမ်းထဲမှာနေတာတော့ ဟုတ်ပုံမရဘူး။ ကိစ္စတစ်ခုခု ရှိလို့ ဒီလမ်းထဲလာတာဖြစ်မယ်"

တီတီမာက တွေးတွေးဆဆလေး ပြောလိုက်သည်။

"ဟာ"

ရုတ်ကရက် နေမင်းခ တစ်စုံတစ်ယောက်ကို သတိရကာ ထအော်လိုက်သည်။

"ဘာဖြစ်တာလဲ"

မာမီက မျက်မှောင်ကြုတ်ရင်း လှမ်းမေးလိုက်သည်။

"တီတီ ... တီမာ ... သူ ဘာဝတ်ထားလဲ"

"သူလား ... မိုးပြာရောင်အင်္ကျီနဲ့ မိုးပြာနဲ့အဖြူထဘီ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ ... ဟုတ်ပြီ သူပဲ"

နေမင်းခကို အားလုံးက ဝိုင်းကြည့်နေကြသည်။

"သူ ဘယ်သူလဲ၊ နင်နဲ့ သိလား၊ ဘယ်လိုပတ်သက်မှုမျိုးလဲ၊ မြန်မြန်ပြောစမ်းပါ နေနေရယ်၊ ငါ ရင်တွေထိတ်လိုက်တာ"

တီတီမာက သူမရင်ဘတ်ကို လက်ဖြင့်ဖိရင်းပြောလိုက်သည်။

"သူက ဆရာမလေ၊ ဖိုးဆွိ ဆရာမ"

"ဖိုးဆွိဆရာမ ဟုတ်လား၊ ဘာသင်တာလဲ"

တီတီနှင်းက သိလိုဟန်ဖြင့် မေးလိုက်သည်။

"အင်္ဂလိပ်စာဆရာမ၊ သားတောင် အောလုံးနဲ့ကန်မိသေးတယ်၊ ဖင်ထိုင်လျက်သားကို ပြုတ်ကျသွားတာ"

"ဟယ် ... ဒါဆို ဒုက္ခပါပဲ၊ နေနေ့ကို ဘာလုပ်လိုက်လဲဟင်၊ ပါးရိုက်လိုက်လား၊ ဒါမှမဟုတ် အဲဒီအောလုံးနဲ့ နေနေ့ကို ကောက်ပေါက်ရောလား"

တီတီမာက အသံတုန်တုန်ဖြင့် မေးလေသည်။

"ဘာမှမလုပ်ပါဘူး၊ မတော်တဆဖြစ်တာပဲ"

"ဝူး ... တော်ပါသေးရဲ့၊ တိုက်တိုက်ဆိုင်ဆိုင်နော်၊ အဒေါ်က ရေစဉ်အောင်လုပ်၊ တူက အောလုံးနဲ့ကန်၊ သူ တော်တော်တော့ ခံလိုက်ရမှာပဲ"

"ဒီထက်ပိုပြီး စိတ်ဝင်စားစရာ ဇာတ်လမ်းရှိသေးတယ်၊ သူနဲ့ ပတ်သက်လို့လေ၊ နားထောင်ကြမလား"

အားလုံးက ခေါင်းတညိတ်ညိတ် ရှိစဉ်တွင် နေမင်းခက မတ်တတ်ထရပ်ရင်း ...

"သိချင်ရင်တော့ လာမည်၊ ကြာမည် ... မျှော်၊ ပြောပြချင်ပေမယ့် အလုပ်တွေက ရှိသေးတယ်၊ မနက်ဖြန် အင်္ဂလန်က မိတ်ဆွေတွေလာမယ်၊ အလုပ်ကိစ္စဆွေးနွေးဖို့ meeting လည်းရှိတယ်၊ ပြင်ဆင်စရာရှိတာတွေ သွားပြင်ဆင်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

"သေနာလေး"

အနောက်က ကျိန်ဆဲသံ ခပ်အုပ်အုပ်ကြောင့် သူ ရယ်မောမိသည်။

✦○✦

ဝေမန်စာ၊ အကြည်ပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၆၅၊ ၁၉-လမ်း၊ လသာပြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

"ကလင် ... ကလင် ... ကလင်"

ဖုန်းမြည်သံကြောင့် ဖိုးဆွိစာကျက်နေရာမှ ဖုန်းကိုင် လိုက်သည်။

"ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှ အသံကတိတ်နေသည်။ ဘယ်သူများပါလိမ့်၊ ယမင်းများလား။ ယမင်း ဆိုတာက ကျောင်းမှာ သူ့ကို တစ်ဖက်သတ်ကြိုက်နေသော ကောင်မလေးဖြစ်သည်။

သူထိုင်သည့်ခုံထဲတွင် ချောကလက်၊ နှင်းဆီပန်း၊ အရုပ်လေးတစ်ခုခုကတော့ အမြဲရှိနေတင်သည်။ တစ်ခန်းလုံးကလည်း သူနှင့်ယမင်းကို စ,နေကြသည်။ အခုလည်းစာမကျက်ဘဲ ဖုန်းလာဆက်ပြန်ပြီ၊ မာမီ သိလို့ကတော့ လုံးဝကိုမလွယ်။

"ယမင်းလား ... စာကြိုးစားပါကွာ၊ စာမေးပွဲမှာ ဂုဏ်ထူးများများနဲ့အောင်ဖို့က ငါတို့ပန်းတိုင် မဟုတ်လား၊ နင်ခံစားနေရတာတွေ ငါ နားလည်ပါတယ်"

"ဟား ... ဟား ... ဟား ... ဟား"

ရယ်သံအုပ်အုပ်ကြောင့် ဖိုးဆွဲ မျက်လုံးပြူးသွားသည်။ ဒါ လေးလေးအသံပဲ။

သွားပြီ ... ယမင်းထင်လို့ ပြောတဲ့စကားတွေ မာမီနားထဲ ပြန်ရောက်သွားရင်တော့ သူ သေပြီ။

"ဟေ့ကောင် ဖိုးဆွို၊ ငါကတော့ တူလေးက လိမ္မာတယ်၊ စာကြိုးစားတယ်ပေါ့၊ အခုတော့ မင်းက ရည်းစားတွေ ဘာတွေတောင် ထားချင်နေပုံရတယ် ... ဟုတ်လား"

"အာ ... မဟုတ်ပါဘူး လေးလေးအော်ရာ၊ ကျောင်းက သားကို တစ်ဖက်သတ်ကြိုက်နေတဲ့ ကောင်မလေးမှတ်လို့ပါ။ လေးလေးနော် ... မာမီ့ကို သွားမချွန်နဲ့၊ မဟုတ်ဘဲနဲ့ အပွမ်မခံနိုင်ဘူး"

"ဟုတ်ပါပြီ၊ ငါကရော ဘာပြောသေးလို့လဲ၊ မမမိရှိလား"

"မရှိဘူး၊ မြို့ထဲကို ကိစ္စရှိလို့သွားတယ်၊ ဒါနဲ့ လေးလေး ဘယ်တော့ပြန်လာမှာလဲ"

"မနက်ဖြန်လေ၊ ဘာဝယ်လာခဲ့ရမလဲ"

"ဘာရှိလို့ ဝယ်လာမှာလဲ၊ နိုင်ငံခြားကနေ ပြန်လာမှာမှ မဟုတ်တာ၊ ထုံးစံအတိုင်း လက်ဖက်၊ ထိုးမုန့် ဒါပဲပေါ့"

"အံမယ် ... ပြီးတော့ အဲဒါတွေကို တဖြန့်စ်ဖြစ်းတာ ဘယ်ကအငတ်ကောင်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"လေးလေးနော်"

"အေး ... အေး ... ဒါပဲ၊ မမမိကို ငါ မနက်ဖြန်လာမယ်၊ ဟင်းကောင်းကောင်းချက်ထားလို့ ပြောလိုက်"

"ဟုတ်ကဲ့"

လေးလေး ဖုန်းချသွားသည်။ လေးလေးက လူပျိုကြီး၊ ခန့်သည်၊ တည်သည်။ ဖက်ရှင်အထည်ဆိုင် အမြောက်အမြားကို ပိုင်ဆိုင်ထားသူဖြစ်သည်။ လေးလေးဆိုင်တွေက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် အခြားမြို့ကြီးများတွင်ပါ ရှိသည်လေ။

သူကိုယ်တိုင်လည်း ဗန်ကောက်၊ စင်ကာပူ၊ ဟောင်ကောင်တို့မှ ဒီဇိုင်းဆန်းလေးများကို သွားရောက်ဝယ်ယူပြီး ဆိုင်တွင် ဝုံဝုံကြွားကြွား တင်ထားနိုင်သူဖြစ်သည်။ "No two" ဖက်ရှင် အထည်ဆိုင်ဆိုလျှင် မသိသူမရှိ။ မင်းသားမင်းသမီးတွေတောင် ဝယ်ယူဝတ်ဆင်ရသည်အထိဖြစ်သည်။

လေးလေးဇော်က မာမိရဲ့မောင်တစ်ဝမ်းကွဲ ဆိုပါတော့။ ရန်ကုန်ရောက်လျှင် သူတို့အိမ်မှာပဲနေသည်။ စားသည်။

မာမိကလည်း ညီအစ်မတွေပဲရှိတာမို့ ထိုမောင်တစ်ဝမ်းကွဲလေးကို သည်းသည်းလှုပ်အောင်ချစ်သည်။ လေးလေးက အခုမှ(၂၆)သာသာ ရှိသေးသည်။ ဟိုဘက်အိမ်က ဦးနေနှင့် ရွယ်တူဖြစ်သည်။

တစ်ခါတလေ ဦးနေနှင့် လေးလေးဇော်ကို သူ့စိတ်ထဲတွင် နှိုင်းယှဉ်မိသည်။ ဦးနေက အရပ်ရှည်ရှည်၊ ခန္ဓာကိုယ်က အနေတော်လောက်ပဝ်။ ဦးနေမျက်နှာက အပြစ်ဆိုစရာမရှိအောင် ချောပါသည်။ လေးလေးဇော်က အသားညိုညို အရပ်ရှည်ရှည်နှင့် ကျစ်လျစ်သည့်ကိုယ်ခန္ဓာနှင့် ညှို့ငင်တတ်သော မျက်ဝန်းပိုင်ရှင်ဖြစ်သည်။

မိန်းကလေးတွေကတော့ ဘယ်လိုနေမည်မသိ။ သူကတော့ လေးလေးဇော်၏ ရီဝေဝေမျက်ဝန်းတွေကို သိပ်နှစ်သြက်သည်။

ဒါဆို ဦးနေကရော၊ ရယ်လိုက်တိုင်းပေါ်လာတဲ့ သွားတက်ကလေးတွေနှင့် အရမ်းကိုချစ်စရာကောင်းသည်။ အမှန်အတိုင်းပြောရလျှင် သူ ဦးနေကို အမြဲပြုံးရယ်စေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဆွိတို့ခြံရှေ့ရောက်တော့ ခြံတံခါးက ပိတ်လျက်သား နိုဝင့်ကို ဆီးကြိုနေသည်။ လူခေါ်ဘဲလ်ကို နိုဝင်နှိပ်လိုက်သည်။ ဘယ်သူမှ ထွက်မလာပါ။ နိုဝင် စိတ်မရှည်ချင်တော့ တစ်ပတ်မှ နှစ်ရက်သာ တက်ရသော ကျူရှင်ကို မေ့နေမည်တော့ မဟုတ်ပါ။

ဒါပေမဲ့ ဘာလို့ သူတို့နှစ်ယောက် မခင်ကြသလဲ ဆိုတာတော့ မသိပါ။ ဧလေးလေးတော် ရှိနေချိန်များတွင် ဦးနေက အိမ်ကိုမလာတတ်။ အင်း ... အဲဒီလိုလည်း မဟုတ်ပါ။ သူကသာ လေးလေးတော် ရန်ကုန်မှာရှိနေချိန်များတွင် ဦးနေကို မဆက်သွယ်ခြင်းဖြစ်သည်။ တစ်ယောက်နဲ့တစ်ယောက် တွေ့လျှင် ပြိုးပြဲ ခေါင်းဆတ်ရုံကလွဲပြီး ဒီထက်ပိုတဲ့ ခင်မင်ရင်းနှီးမှုမျိုး သူတို့ကြား ထဲတွင် မရှိခဲ့ပါ။

အင်း ... ဒါက ငါနဲ့မဆိုင်ပါဘူးလေ။ အရေးကြီးတာက လေးလေးတော် ယမင်းကိစ္စ မာမီ့ကိုမပြောဖို့ပဲ။ လေးလေးတော်က သိပ်ယုံရတာမဟုတ်ဘူး။ တော်ကြာ ပြောလိုက်မှဖြင့် မာမီ သူ့ကို မိုးမွန်အောင်ဆူတော့မည်။ နာရီဝက်လောက် ဂိမ်းနှိပ်ရမည့် အခွင့်အရေးလည်း ဆုံးရှုံးရပေတော့မည်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

"ပွမ် ... ပွမ်"

အနောက်မှ ကားဟွန်းသံကြောင့် နိုဝင်လှည့်ကြည့်လိုက်သည်။ လင်ခရူဆာဌေးမင်ရောင်ကားလေးပေါ်က ထိုယောကျ်ားကို ဖျတ်ခနဲအတွေ့တွင် သူမရင်တွေ ဖြောင်းဆန်သွားတော့သည်။

အိုး ... တော်တော်ချောတဲ့ ကောင်လေးပဲ။ နေကာမျက်မှန်တပ်ထားသော ရုပ်အင်္ကျီအဖြူပေါ်တွင် အနက်ခံပေါ်တွင် အဖြူစင်းလေးတွေပါသော ဝပ်စကုတ်ထပ်ဝတ်ထားသော သူသည် အလွန်စမတ်ကျ၍ ချောမောလှသည်။

သူ့ရဲ့တည်တင်းတင်းနှုတ်ခမ်းတစ်စုံက အရယ်အပြုံးကင်း၍ နိုဝင့်ကို သူက စူးစမ်းကြည့်ဖြင့် ကြည့်နေပုံရသည်။ သူက ကားဟွန်းကို ခပ်ဆောင့်ဆောင့်လေး တီးလိုက်ပြန်သည်။ ထိုအခါမှ ဘသားချော ဖိုးဆွိသည် အိပ်မွှန်စုံမွှားပုံစံဖြင့် ထွက်လာပြီး တံခါးဖွင့်ပေးပါသည်။

"ဟဲ့ ... ဖိုးဆွိ၊ ငါလာမှာ မသိဘူးလား၊ အိမ်ရှေ့မှာဘဲလ် တီးတာ (၇၆)ခါလောက်ရှိနေပြီ"

နိုဝင် ဒေါသထွက်ထွက်ဖြင့် ဖိုးဆွိကို ဆူလိုက်သည်။

"ဆောရီးပဲ တီချယ်ရယ်၊ ဘဲလ်ကပျက်နေတာ သုံးလေးရက်လောက်ရှိပြီ၊ သားလည်း စာကျက်နေရင်းက အိပ်ပျော်သွားတာ"

နိုဝင်သည် အလွန်မာနကြီးဟန်ရှိသော ကားပေါ်မှ ထိုလူကို အမြင်ကတ်မိသည်။ သူက တစ်လောကလုံးက လူတွေကို လူလို ထင်ချင်ပုံမရပေ။ နိုဝင်သည် အမြင်ကတ်ကတ်ဖြင့် သူ့ကားရှေ့က လမ်းဖယ်မပေးဘဲ အရင်ဆုံး ခြံထဲရောက်အောင် ဝင်လိုက်သည်။ သူ့ကို တစ်ချက်လေးတောင် လှည့်မကြည့်ခဲ့ပါ။

"လေးလေးဇော် ... မာမီ မရှိဘူး၊ အလှူသွားတယ်၊ ပြန်ရင် City mart ဝင်မှာမို့ မော်မော့်ကို ခေါ်သွားတာ"

"မင်းအမေက ဘယ်တုန်းက အိမ်မှာရှိလို့လဲ"

လေးလေးဇော်ကပြောပြီး ခြံထဲသို့ ကားမောင်းဝင်သွားသည်။ ဖိုးဆွိက ခြံတံခါးပိတ်၊ သော့ခတ်ပြီး စူပုပ်ပုပ်မျက်နှာပေးဖြင့် သတိရတိုင်းပြောနေတော့မည့် တီချယ် နိုဝင်ကိုကြောက်ကြောက်နှင့် ကုတ်ကုတ်လေး နည့်ခန်းထဲသို့ ဝင်လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

လေးလေးဇော်က ဘာတွေကို မကျေမနပ် ဖြစ်နေသည်မသိ။ သူလာရင် အိပ်နေကျ အိပ်ခန်းထဲသို့ ဝင်သွားပြီး ပြန်ထွက်မလာတော့ပါ။ တီချယ်နိုဝင်ကလည်း ဘာတွေကိုမကျေမနပ် ဖြစ်နေသည်မသိ။ စာသင်ချိန် ထစ်နာရီခွဲတစ်လျှောက်လုံး စာအကြောင်းမှလွဲ၍ ဘာအပိုစကားမှ မပြောခဲ့ပါ။

သူတို့နှစ်ယောက် ခြံဝတွင် စကားများထားကြလား။ အမှန်ဆို တီချယ်နိုဝင်က "အဲဒီလူက ဘယ်သူလဲ"ဆိုသော မေးခွန်းကိုတော့ မေးသင့်သည်ပေါ့။ ဘာလို့လဲဆိုတော့ လေးလေးဇော်က မိန်းမတကာ သတိပြုမိလောက်အောင် ချောမောသူ မဟုတ်လား။

တီချယ်ပြန်သွားတော့ သူ လေးလေးဇော် အခန်းထဲ ဝင်သွားလိုက်သည်။ အင်္ကျီမလဲဘဲ မွေ့ရာပေါ်တွင် ဆန့်ဆန့်ကြီး လဲနေသော လေးလေးဇော်ကို မြင်လိုက်တော့ ရုတ်တရက် သူ ကြောက်သွားသည်။ လေးလေးဇော်က အမြဲပဲ သူ့ကို ဒီလိုစ,နေကြဖြစ်သည်။

ငယ်ငယ်ကဆို လေးလေးသေနေဖြီထင်၍ သူ ငိုလိုက်ရတာအမော၊ အခုလည်း ရုတ်တရက်ဆိုတော့ သူ ကြောက်သွားသည်။ နောက်မှ လေးလေးဇော် နောက်သည်ကို သတိရသွားကာ ယားတတ်သော လေးလေးဇော်ခါးကို ဆတ်ခနဲတို့လိုက်သည်။

"ဟား ... ဟား ... ဟား ... ဟား"

လေးလေးဇော်က ထ,ရယ်တော့သည်။ သူ့ကိုလည်း လေးလေးဇော်က ကလိပြန်ထိုးဖြင့် နှစ်ယောက်သား မွေ့ရာပေါ်မှာ လုံးလားထွေးလားဖြင့် ရယ်မောနေကြလေသည်။

"ဟေ့ကောင် ... ဟေ့ကောင် ... ဖိုးဆွို၊ ခဏလေး ... ခဏလေး၊ ငါ မေးစရာရှိလို့"

"မရဘူး၊ ဒီနေ့ လေးလေးဇော်ကို သေးထွက်ကျအောင်ကို လုပ်ရမယ်"

သူက လေးလေးဇော်နားကို ထပ်၍တိုးလိုက်သည်။

"ဟေ့ကောင် ... ဖိုးဆွို၊ ငါ အတည်ပြောနေတာနော်၊ ခုနက မင်းကို စာလာသင်တာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာဘာသာသင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ၊ လေးလေးတော် သဘောကျလို့လား"

"ဟာကွာ ... မင်း မေးမှမေးတတ်တယ်၊ ငါမှာ တစ်နေ့ တစ်နေ့ မင်းသမီးတွေရော၊ မင်းသမီးလောက်ချောတဲ့ ကောင်မလေးတွေ နေ့တိုင်းမြင်တွေ့နေရတာ၊ မင်းဆရာမ လိုပုံမျိုး ဘာလို့ စိတ်ဝင်စားရမှာလဲ၊ ကြည့်ရတာ လူပုစိတ် တိုပုံပဲ၊ မျက်နှာကလည်း တင်းလိုက်တာ"

"အဲဒါဆိုလည်း မမေးနဲ့ပေါ့ လေးလေးတော်ရဲ့၊ စိတ်ဝင်စား စရာအကြောင်းပဲ ပြောကြတာပေါ့"

လေးလေးတော်က သူ့စကားနဲ့သူ ပိတ်မိသွားပြီး ဘာမှ ဆက်မမေးတော့ပေ။ သူကတော့ လေးလေးတော်ကို ရယ် ချင်မိသည်။ အေးလေ ... သူ့ကိုမေးမရလဲ မာမီ့ကို မေးမည်ပေါ့။ လေးလေးတော်ရဲ့အကျင့်က ဘာမှန်းမသိ။

ငယ်ငယ်တည်းက သူ သတိထားမိသည်က သူ တစ်စုံတစ်ယောက်ကို ဒါမှမဟုတ် တစ်စုံတစ်ခုကို မကောင်းမြော လာပြီဆို အဲဒါကို သူ တော်တော်စိတ်ဝင်စားနေ၍ဖြစ်သည်။

အခုလည်း သူ တီချယ်ကို စိတ်ဝင်စား၍ ပြောခြင်းဖြစ်မည်ထင် သည်။ လေးလေးတော် ဆိုတာက သူ စိတ်ဝင်စားရင် သူများ အကြောင်း လေကုန်ခံပြီးတော့ ပါးစပ်ထဲထည့်တတ်သူ မဟုတ်ပါ။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

နှင့်ဟာ မဟုတ်သေးပါဘူး နိုဝင်ရယ်၊ တစ်ယောက်ဆို လက်ခံလို့ရသေး။ အခုတော့ နှစ်ယောက်လုံးဆိုတော့ နင်သိပ်တော့ မဟုတ်သေး။ နိုဝင် ကိုယ့်ကိုယ်ကိုယ့်ပြန်ဝေဖန်မိသည်။

ဒီအကြောင်းကို မေမေတို့၊ ဒီဇင်တို့များ အသိပေးလိုက်လို့ကတော့ ဘာပြောကောင်းမလဲ နှစ်ယောက်သား ဝိုင်း၍ အပြစ်တင် ရွတ်ချလိုက်မည့်ဖြစ်ခြင်း။

"တီချယ် ဘယ်အတန်းက ဝယ်လိုက်ရမလဲ"

တပည့်တစ်ယောက်က ရုပ်ရှင်လက်မှတ်အရောင်းကောင်တာမှနေ၍ လှမ်းမေးလိုက်သည်။ ဒီနေ့ Christmas နေ့ဆိုတော့ ကလေးတွေလည်း ကျောင်းပိတ်သည်။ နိုဝင်လည်း ကျူရှင်ပိတ်၍ တပည့်တွေနဲ့အတူ Junction မော်တင်တွင် ရုပ်ရှင်ကြည့်ရန် လာခဲ့ခြင်းဖြစ်သည်။

"နှစ်ထောင်တန်းက ဝယ်လိုက်လေ"

၁၇

တွေ့ပြန်ပြီ။ နိုဝင့်ရင်ထဲ သူ့ကိုတွေ့တော့ ဒီနှစ်ခန်းဖြစ်သွားသည်။ ငါ့နယ် ဘယ်လိုဖြစ်တာပါလိမ့်။ ဘယ်ယောကျ်ားမှ စိတ်မဝင်စားဘူးလို့ အကြိမ်ကြိမ် အခါခါ ကြွေးကြော်ဖူးသော နိုဝင်သည် ထိုကောင်လေးချောချော နှစ်ယောက်ကြောင့် ရင်ထဲတွင် ပရမ်းပတာ ခုန်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုဝင်က တပည့်ကောင်မလေးကို လှမ်းပြောလိုက်သည်။ သူက နိုဝင့်ကို လှမ်းကြည့်နေသည်။ ဒီတစ်ခါတော့ သူ နိုဝင့်ကို ကောင်းကောင်းမှတ်မိပုံရ၏။ သူ့ဘေးနားတွင်တော့ ဟို တစ်ခါက ကောင်မလေး မဟုတ်ဘဲ ဗိုက်ပူပူ၊ ဝဝအမျိုးသမီးကြီး နှစ်ယောက်ကို တွေ့လိုက်ရသည်။ ခေတ်ဆန်ဆန် ဝတ်စားထားသော ထိုအမျိုးသမီးကြီးများသည် ငယ်ငယ်ကတော့ လှခဲ့မည့်ပုံပေါ်ပါသည်။

နိုဝင့် ရင်ထဲ ပင့်သက်ချမိသည်။ ဒီတစ်ခါ သူ့ကောင်မလေးနှင့် တွဲမတွေ့ရ၍ စိတ်သက်သာမိပါသည်။ အဲ့သြစရာ။ သူ့နာမည် ဘယ်သူမှန်းမသိ၊ ဘာလုပ်မှန်းမသိဘဲ လူတစ်ယောက်ကို နိုဝင် ရင်ခုန်မိသည်က ဘာကြောင့်များပါလိမ့်။ ဖိုးဆွိတို့ အိမ်စာလာသင်တိုင်း အနီးပတ်ဝန်းကျင်အိမ်တွေမှာ သူ့အရိပ်အယောင်များ တွေ့လေမလားဆိုပြီး မျက်စိကစားရတာလည်း အမော။

တိတိမာနှင့်တိတိနှင်းသည် သူ့နောက်သို့ တကောက်ကောက် လိုက်နေပါသည်။ ဒီနေ့ Christmas လည်းဖြစ်၊ ရုံးပိတ်ရက်လည်းဖြစ်ဆိုတော့ ရုပ်ရှင်သွားကြည့်ချင်သည်ဟု မကြီးမငယ် ပူဆာကြပြီး သူ့ကို မရအရခေါ်ပြီး လိုက်ပြခိုင်းတော့သည်။

Junction မှာ တွေ့သမျှကောင်မလေးတွေက သူ့ကို လည်ပြန်ကြည့်ကြလျှင် တိတိမာနှင့် တိတိနှင်းတို့သည် သူ့လက်ကို ကိုင်သည့်သူကကိုင်၊ သူ့ပခုံးကိုဖက်သည့်သူကဖက်နှင့် သူတို့မျက်နှာက အလွန်ဂုဏ်ယူနေကြဟန်ဖြင့် ထိုသို့ သူ့ကိုကြည့်ကြသော ကောင်မလေးတွေကိုလည်း အဖက်မတန်ဟန်ဖြင့် ပြန်ဘုကြည့်,ကြည့်ကြတာမို့ သူ့မှာ အနေရအထိုင်ရခက်ပြီး ထိုအဒေါ်အပျိုကြီးနှစ်ယောက်ကိုလည်း သနားသွားမိသည်။

သူမနှင့် အရွယ်မတိမ်းမယိမ်း ကောင်မလေးတစ်အုပ်စုနဲ့ ရုပ်ရှင်လာကြည့်သော သူမပုံစံက ချစ်စရာကောင်းလွန်းလှသည်။ ဒူးသာသာ ဂါဝန်ဖြူဖြူလေး ဝတ်ထားသော သူမက ဆရာမတစ်ယောက်နှင့် လုံးဝကိုမတူပါ။

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် တိတိမာနှင့် တိတိနှင်းသည် သူကြည့်ရာဘက်သို့ လိုက်ကြည့်ကြသည်။

ကောင်မလေးတွေက လေ.ယောက်တောင်ဆိုတော့ သူ ဘယ်သူ့ကိုကြည့်မှန်း တိတိမာရော တိတိနှင်းရော မရိပ်စားမိကြပါ။

"တီချယ် ... ပေါက်ပေါက်စားလေ၊ သမီးတို့ သုံးဆူးတောင် ဝယ်ထားတာ၊ အများကြီးပဲ"

"တီချယ် ... တီချယ် ... နောက်တစ်ပတ်ကျရင် သမီးတို့ကို အချိန်ပြောင်းပေးပါ၊ သွားစရာရှိလို့၊ အဲဒီနေ့တစ်နေ့တည်းပါ၊ နောက်နေ့ တီချယ့်အချိန် ပြန်ယူလို့ရပါတယ်"

ကောင်မလေးတွေရဲ့ အသံစာစာလေးတွေကြောင့် တိတိမာနှင့် တိတိနှင်းသည် ထိုတီချယ်ဟု အခေါ်ခံရသော ဂါဝန်အဖြူလေးနှင့် မိန်းမဆီသို့ အကြည့်ရောက်သွားကြသည်။

ထိုအခိုက်တွင် တိတိမာသည် တစ်စုံတစ်ယောက်ကို သတိရသွားလေဟန်ဖြင့် နေမင်းခကို မော့ကြည့်လိုက်သည်။

"ဟဲ့ ... နေနေ၊ အဲဒါ ဟို ဖိုးဆွိဆရာမ မဟုတ်လား၊ ငါ မှတ်မိတယ်၊ သူ့ဆံပင်တွေကိုရော သူ့မျက်နှာကိုရော"

"ဟယ် ... ဟုတ်လား"

တိတိနှင်းကပါ တိတိမာ့ဆီက သူမအကြောင်း ကြားဖူးထားသည်မို့ သူမကို အသည်းအသန် လိုက်ကြည့်ပါတော့သည်။

"နေနေနော် ... အခုကတည်းက တိတိမာ ပြောထားမယ်၊ အဲဒီကောင်မလေးကို လုံးဝစိတ်မဝင်စားရဘူး။ ကြည့်ပါဦး ဆရာမတဲ့၊ ဝတ်ထားလိုက်တာ တပည့်တွေကတောင်အရှုံးပေးရမယ်။ မဖြစ်ဘူးနော် နေနေ၊ ဒေါသကလည်းကြီးသေးတယ်၊ ရင့်ကျက်ပုံလည်းမရဘူး။ နေနေ့ထက်လည်း အသက်ကြီးသေးတယ်"

တိတိမာက ကရားရေလွှတ်ကို ပြောနေတော့သည်။

"ဟာ ... တိုးတိုးပြောပါ တိတိမာရယ်၊ သား သူ့နာမည် ဘယ်သူမှန်းတောင် မသိဘူး။ ဘာတွေလျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



Sun block ခပ်ပါးပါးလေးကို အသားထဲစိမ့်ဝင်အောင်လိမ်းနေသော နိဝင့်ကို ဒီဇင်နဲ့မေမေက ထိုင်ကြည့်နေကြသည်။ မှန်တင်ခုံရှေ့တွင် အလှပြင်ပစ္စည်းတွေက ပြန့်ကျဲနေသည်။ ဒီဇင်ကကြည့်နေရာမှ မနေတတ် မထိုင်တတ်နှင့် ပစ္စည်းတွေကို စနစ်တကျဖြစ်အောင် စီပေးနေသည်။

မျက်နှာတည်တည်နှင့် သူ ပြောလိုက်တော့ တီတီမာ မျက်နှာအိုအိုဖြင့် ပါးစပ်ပိတ်သွားသည်။ သို့သော် စိတ်ထဲကတော့ ပြောစရာရှိတာတွေကို ဆက်ပြောနေမိသည်။ လုံးဝ လုံးဝကို မဖြစ်နိုင်သေးဟူသော စကားတွေကို သူမကိုကြည့်ပြီး အသံမထွက် ပြောနေမိသည်။

မျက်ဝန်းတွေ၊ နေနေ့ကို လှမ်းလှမ်းကြည့်တဲ့ သူမ မျက်ဝန်းတွေထဲမှာ အဓိပ္ပာယ်အချို့ ပျော်ဝင်နေသည်။ ဒီလောက်တော့ အပျိုကြီးတွေဆိုပေမယ့်လည်း ပေါက်ပါသည်။ ၁၂း၁၅ ရှိ နေတာတောင် ဟိုလုံခြုံရေးအစုတ်ပလုတ်က ဝင်ခွင့်မပေးသေး။

နေနေ့ကို ကြောက်တာနှင့်ပင် ဘာမှမပြောရဲဘဲ၊ နေနေ့ကို သူမ လှမ်းလှမ်းကြည့်ခွင့်ရအောင် မဖွင့်ပေးတဲ့ လုံခြုံရေးစုတ်ဟု စိတ်ထဲမှ ကျိန်ဆဲကာ ထိုလုံခြုံရေးအား အကြိမ်ကြိမ် အခါခါ မျက်စောင်းရွယ်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

Revlon Photoready မိတ်ကပ်သားဖျစ်လေးကို နို့ရည်လိမ်းထားသည့်အပေါ်မှထပ်၍ မျက်နှာတစ်ခုလုံး ညီသွားအောင် ဖော့လေးဖြင့် လိမ်းနေသော နိုဝင်သည် ဘာတွေသဘောကျသည်မသိ နှုတ်ခမ်းတွေက ပြုံးတုံ့တုံ့ဖြစ်နေသည်။

အပြီးသတ် Revlon two way powder ရိုက်၍ eye liner ကို မျက်လုံးနှစ်ဖက်ပေါ်တွင် ညီအောင်ဆွဲပြီးချိန်တွင် နိုဝင်သည် ဆွဲဆောင်မှုရှိစွာ လှုပနေပါသည်။

"ဟဲ့ ... ဒီဇင်၊ ပေး ... ပေးလေ"

နိုဝင်သည် ခဲအညိုလေးနှင့် နှုတ်ခမ်းပုံဖော်ပြီး ခရမ်းရောင် follow me lipstick လေးဆိုးပြီးချိန်တွင် ဒီဇင်ဆီက သူမတောင်းထားသော ခရမ်းဆွဲကျောက် one set လေးကို တောင်းလိုက်သည်။

ဒီဇင်က သူမဘေးလွယ်အိတ်ထဲမှ ကတ္တီပါဘူးအနီလေးကိုထုတ်၍ နိုဝင်ကို ကမ်းပေးလိုက်သည်။ အဖြူပေါ်တွင် ခရမ်းရောင်အလုံးလေးတွေပါသော အပါးသားပျော့ပျော့လေးကို

ဖဲသားခရမ်းရောင်ပြောင်လေးနှင့် တွဲဖက်ချုပ်ထားသော ဝမ်းဆက်လေးက နိုဝင့်မျက်နှာဖြူဖြူထားတာနှင့် လိုက်ဖက်လှသည်။

"မမေ့သမီး သိပ်တော့မရိုးတော့ဘူးထင်တယ် မမေ"

ဒီဇင်က ကိုယ်လုံးပေါ်မှန်ရှေ့မှာ ဆယ့်ငါးပတ်လောက် ကိုယ်ကိုလှည့်ပတ်ကြည့်နေသော နိုဝင့်ကို မျက်စိနောက်ဟန်ဖြင့် ပြောလိုက်သည်။

"ငါလည်းထင်တယ်၊ ကျောင်းသားမွေးနေ့သွားတာ အဲဒီလောက် ပြင်စရာမလိုပါဘူး"

"ဩော် ... မမေကလည်း၊ ဟိုမှာ ဘယ်သူနဲ့တွေ့မလဲမှမသိတာ"

"ဟား ... လာအစ်မနေကြပါနဲ့၊ အချိန်တန်တော့ သိမှာပေါ့"

နိုဝင်က ခရမ်းရောင်ပိုက်ဆံအိတ်လေးကို ဗီရိုထဲမှထုတ်ရင်း ဒီဇင်နဲ့ မမေကို အသည်းယားအောင် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း မေမေ၊ မေမေ့သမီး တွေ့ထားပြီထင်တယ်။ သမီး ထင်တော့ထင်သား၊ ဘယ်တုန်းက သမီးဆီကပစ္စည်းတွေ ဘာတွေ ငှားဝတ်ဖူးလို့လဲ။ တွေ့ကရာ အင်္ကျီဆွဲဝတ်တတ်လို့ အမြဲပြောနေရတဲ့မိန်းမက၊ ဒီမွေးနေ့ပွဲမှာ ဒီလောက် ရွှီးထုတ်နေတယ် ဆိုကတည်က ထူးခြားမှုတော့ရှိနေပြီ"

"အင်း ... ငါတော့ စိတ်ညစ်ပါတယ် ဒီဇင်ရယ်၊ ဘာမ ဟုတ်ကဟုတ်ကတွေ ကြားရတော့မလဲ မသိဘူး"

"တွေ့လား မေမေကလေ ... နိဝင်္ဂကိုဆို ဘယ်တော့မှ အကောင်းမပြောဘူး"

နိဝင်္ဂက နှုတ်ခမ်းစူပြီး ပြောလိုက်သည်။

ဒီဇင်နဲ့ မေမေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။ နိဝင် ဆိုတာကလည်း မဟုတ်က ဟုတ်ကလုပ်သည်နေရာမှာ ထိပ်ဆုံးက မဟုတ်ပါလား။ တစ်ခါကပဲကြည့် ဒီဇင် ယောကျ်ားရဲ့မိတ်ဆွေ လူပျိုကြီးကိုသက်ခိုင်က ဒီဇင်တို့အိမ်ကိုလာလည်၊ နိဝင်္ဂကလည်း ဒီဇင်တို့အိမ်ကိုလာလည်

နှင့် ကိုသက်ခိုင်က နိဝင်္ဂကိုသဘောကျ၍ မိတ်ဆက်ပေးရန်ပြောလာသည်။

နိဝင်္ဂကလည်း ထိုလူ့ကို ခပ်လှမ်းလှမ်းမှတွေ့တော့ လူပုံကချောသည် ဖြောင့်သည်မို့ ပထမတော့ စိတ်ဝင်စားပုံရ၏။ မိတ်ဆက်ပေးတော့ ကိုသက်ခိုင်ကို အနီးကပ်တွေ့မိစဉ်ကစ၍ နိဝင်္ဂသည် ဒီဇင်တို့အိမ်သို့ ခြေဦးတောင်မလှည့်တော့ပေ။ သူမ ပြောတာကတော့ ထိုလူက သူမကို ပြုံးပြလိုက်တာမှာတင် သူ့မျက်နှာက အရောင်းတွေက အပေါ်သို့တွန့်တက်ကုန်ပြီး သွားတွေကကျဲနေလို့တဲ့လေ။ အခုလည်း ဘယ်လိုဖြစ်ဦးမည်မသိ။

"မေမေတို့ ဘာရယ်နေကြတာလဲ၊ သမီး သိတယ်နော်"

နိဝင်္ဂက မေမေနဲ့ ဒီဇင်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးနေပြီဆိုကတည်းက သူမကို လှောင်ပြောင်ချင်ကြမှန်း သိလိုက်ရသည်။

"နောက်တောင်ကျနေပြီ သွားတော့မယ်၊ အခုတော့ ရယ်ထားကြဦးပေါ့။ နောက်မှ နိဝင် ဘယ်လောက်စွဲမှန်းသိမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဆွိမွေးနေ့ကလည်းဖြစ်၊ တနင်္ဂနွေနဲ့လည်းတိုက်တာမို့ နိုင် ရင်ခုန်လှုပ်ရှားနေမိသည်။ ဘာပဲဖြစ်ဖြစ် ဒီမွေးနေ့မှာ နိုင်ရင်ခုန်ရတဲ့ ကောင်လေးနှစ်ယောက် ရှိနေမည်မှာ သေချာသော ကြောင့်ဖြစ်သည်။ မနက်ပိုင်းကို အိမ်မှာ ဘုန်းကြီးဆွမ်းကပ်ပြီး

နိုင်က ခရမ်းရောင် မနိမ့်မမြင့် ဒေါက်လေးကိုစီး ပြီး ကြော့ကြော့လေး ထွက်သွားပါတော့သည်။

မေမေနဲ့ ဒီဇင်တို့က အလွန်တရာချေးများပြီး၊ နမော်နမဲ့နှင့် အပျင်းထူသော နိုင်ကို တစ်စက်လေးမျှပင် လူကြီး တစ်ယောက်လို သဘောထား၍ မရပါ။ သူတို့စိတ်ထဲ မျက်စိထဲ တွင် နိုင် လုပ်သမျှသည် ချစ်ကြည်ရယ်မောဖွယ်ကောင်းနေတော့ သည်။ ဒါကို နိုင်က လုံးလုံးမကျေနပ်ပါ။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

ညဘက်ကို dinner လုပ်မည့်ပွဲနှစ်ပွဲဆိုတော့ နိုဝင်က မနက်ပိုင်း ဘုန်းကြီးဆွမ်းကပ်ပဲ သွားဖြစ်ပါမည်။

"ဓော်လေးညို"ဟူသော ဖက်ရှင်အထည်ဆိုင်ပိုင်ရှင် ကောင်လေးနှင့် ဖိုးဆွိကို မနည်းလှည့်ပတ်ပြီးမေးမှ သိလိုက်ရသော ဦးနေ ဆိုသော "နေမင်းခ"ဆိုတဲ့ ကုမ္ပဏီပိုင်ရှင်ကောင်လေးတို့သည် တိုက်ဆိုင်စွာပင် အသက်အရွယ်ချင်းကလည်း တူလို့နေသည်။ ဗေဒင်ဆရာရဲ့ဟောချက်ထဲမှာလည်း နိုဝင့််ကို ကိုယ့်ထက်ခြောက်နှစ်လောက်ငယ်မည့်သူနှင့် ဖူးစာဆုံမည်ဆိုတော့ နိုဝင်ထိတ်ခနဲ ရင်ခုန်သွားသည်။

အိမ်ထဲကို လှမ်းဝင်ဝင်ချင်း ဖိုးဆွိအမေ ဒေါ်မိမိတင်က နိုဝင့်ကို အပြုံးနှင့် ဆီးကြိုသည်။

"ဟဲ့ ... ဖိုးဆွို၊ ဒီမှာ တီချယ်နိုဝင် လာတယ်"

ဖိုးဆွိက သူငယ်ချင်းတွေကို စည်ခံနေရာမှ နိုဝင့်ဆီသို့လာပြီး နိုဝင့်လက်ထဲက မွေးနေ့လက်ဆောင်ပါဆယ်ထုပ်ကို ရယ်ကျဲကျဲနဲ့ လှမ်းယူရင်း ...

"Thank you တီချယ်၊ သားကို ဒီလိုလက်ဆောင်ပေးတဲ့အတွက် တီချယ်လည်း အပျိုကြီးဘဝက မြန်မြန်ကျွတ်ပါစေ"

"ဟဲ့ ... ဖိုးဆွို၊ တီချယ့်ကို ဘာတွေလျှောက်ပြောနေတာလဲ"

ဒေါ်မိမိက နိုဝင့်ကို အားနာဟန်ဖြင့်ဆိုသည်။ နိုဝင်က လူအများရှေ့မှာမို့ ဖိုးဆွိကို ဘာမှပြန်လည်မချေပသော်လည်း စိတ်ထဲကတော့ နုပ်နုပ်စင်းချင်နေသည်။ ဖိုးဆွိကလည်း အခွင့်အရေးရတုန်း သူမကို နှိပ်ကွပ်သွားသည်ပေါ့။ စာသင်နေတုန်းများ ဒီလိုမဟုတ်တရုတ်ပြောလို့ ရရိုးလား။

"လာ ... လာ ... တီချယ်၊ ဒီမှာထိုင်လိုက်"

ဒေါ်မိမိသည် လွတ်နေသော စားပွဲတစ်လုံးတွင် သူမကို နေရာချထားပေးသည်။ နေ့ဆွမ်းကပ်တာဆိုတော့ ဆောပတ်ထမင်းနှင့် ဟင်းမျိုးစုံ၊ အချိုပွဲတွေကလည်း အလျှံအပယ်၊ လူပရိသတ်ကတော့ သိပ်ပြီးများများစားစား ဖိတ်ထားပုံမပေါ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

"လာ ... မမမာနဲ့ မမနှင်း၊ ကိုနေလည်း ဒီမှာပဲထိုင်လိုက်"

နိုဝင်သည် ဒေါ်မိမိအသံကြောင့် ရင်ထဲဒိန်းခနဲဖြစ်သွားသည်။ ဖြစ်ချင်တော့ ကိုနေ ဆိုသောကောင်လေးသည် သူမနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်၍နေသည်။ သူက သူမကိုတွေ့တော့ ဖျတ်ခနဲ ပြုံးပြလေသည်။ သူမကလည်း အခွင့်အရေးကို လုံးဝလက်လွတ်မခံဘဲ သူ့မျက်ဝန်းထဲကို စိုက်ကြည့်လို့ ပြန်ပြုံးပြလိုက်သည်။

"နေနေ အဲဒီမှာ မထိုင်နဲ့လေ၊ တိမာနဲ့ နေရာချင်းလဲရအောင်"

အကုပ်သာသာ ဆဲပင်လေးကို ကျောက်မျိုးဆုံစီထားသော ကလစ်အပြားကြီးကြီးတပ်ထားသော အမျိုးသမီးကြီးက လှမ်းပြောလိုက်တာမို့ နိုဝင်သည် ထိုအမျိုးသမီးကို သေချာစိုက်ကြည့်လိုက်ပါသည်။

အဲဒီမိန်းမက ဘာလဲ၊ နေမင်းခနဲ့ ဘာတော်စပ်ပါသလဲ၊ အမေတော့မဖြစ်နိုင်ပါ။ ရုပ်ရှင်ရုံမှာတုန်းကလည်း ဒီလိုပဲ၊

ရုပ်ရှင်ရုံထဲမဝင်ခင် နေမင်းခနဲ့ နိုဝင် အပြန်အလှန် ကြည့်နေကြစဉ်တွင် မနေတတ် မထိုင်တတ် ရှေ့မှာကာဆီး၊ ကာဆီးနှင့် နေခင်းခက အရပ်ရှည်လို့သာ တော်တော့်သည်။ အခုလည်းကြည့်၊ အဲဒီလိုမျိုးဆိုရင် နိုဝင်က သိပ်အသည်းယားသည်။

"အေး ... အေး ... ထိုင်ပါ၊ အဲဒီမှာပဲထိုင်"

တိတိမာသည် သူမကို ရှုတည်တည်နှင့် စိုက်ကြည့်နေသော နိုဝင့်အကြည့်ကြောင့် ကျောထဲ စိမ့်ခနဲဖြစ်သွားကာ အသံတုန်တုန်ဖြင့် နေမင်းခကို လှမ်းပြောလိုက်သည်။ အဲဒီဆရာမဆိုတဲ့ မိန်းမက လွယ်တဲ့မိန်းမ မဟုတ်တာ မျက်စိနဲ့တပ်အပ်မြင်ပြီးသား မဟုတ်လား။ တော်ကြာ တစ်ခုခု ထလုပ်လိုက်မှဖြင့် ...။

နေမင်းခသည် အဒေါ်ဖြစ်အင်ကိုကြည့်ကာ ပြုံးစိစိဖြစ်သွားသည်။ အပွဲပွဲနဲ့လာသမျှ ဆရာမနဲ့တွေ့မှ တိတိမာ အရှုံးပေးလိုက်ရသည် မဟုတ်လား။ တိတိမာက ကြောက်ရင် ခြောက်တတ်သည်။ သူ့ထက်ကြမ်းပြရင် သေအောင်ကြောက်တတ်သူ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

စားပွဲခုံတစ်ခုံမှာ လူလေးယောက်သာဆံ့တာမို့ နိုဝင်နဲ့ နေမင်းခက မျက်နှာချင်းဆိုင်ထိုင်ပြီး တီတီမာနဲ့ တီတီနင်းတို့က မျက်နှာချင်းဆိုင် ထိုင်ကြသည်။ နိုဝင်သည် သူမ၏ အေားတစ်ဖက်တစ်ချက်တွင် ထိုင်နေကြသော အဒေါ်ကြီးနှစ်ယောက်ကို တစေ့တစောင်း လေ့လာအကဲခတ်နေမိသည်။

အဲဒီနှစ်ယောက်က တော်တော်မလွယ်မည့် နှစ်ယောက်ဖြစ်မည်။ သနားစရာကောင်လေးခမျာ ဒီအဒေါ်ကြီးနှစ်ယောက်၏ စနက်ကြောင့် ရည်းစားတောင် ဖြောင့်အောင်ထားရမည့်ပုံ မပေါ်ပေ။

"နေနေရေ ဘာလို့ နေခြည်ကို ဒီကိုမခေါ်လာရတာလဲ၊ အမှန်မှာက အိမ်နီးချင်းကလည်းဖြစ်၊ နေနေလည်း တစ်ယောက်တည်း ဖြစ်နေမှာမို့ အဖော်လိုက်ပေးရတာ၊ တီမာတို့က သိပ်အားတာ မဟုတ်ဘူး"

ဒေါ်မာလာ့ စကားကြောင့် ဒေါ်နှင်းဝေခင် တွေသွားသည်။ မမမာ ဒီလိုပြောတာ အကြောင်းတော့ ရှိရမည်။ ဒီပွဲကို

လာချင်လို့ ဖျပ်ဖျပ်လူးနေတာ မမမာ မဟုတ်ပါလား။ မမမာက ထောပတ်ထမင်းကို အရမ်းကြိုက်သည်။

"ဟုတ်ပါရဲ့ နေနေရယ်၊ နေခြည်နဲ့ ကိုယ်အတွဲနဲ့ကိုယ် လာလိုက်ပြီးရော"

ဒေါ်နှင်းဝေခင်က ဒေါ်မာလာနှင့် အတိုင်အဖောက် ညီညီ ပြောလိုက်သည်။

ဆိုလိုတာကတော့ ဆရာမ ဆိုတဲ့ကလေးမကို နေနေ့မှာ ရည်ရွယ်ထားသူရှိမှန်း သိစေချင်၍ဖြစ်သည်။

နိုဝင် နှုတ်ခမ်းကိုမဲ့လိုက်သည်။ အမယ်လေး ဖြစ်နေလိုက်ကြတာ။ ပိုင်ရှင်ရှိမှန်းသိအောင် လုပ်ကြတာပေါ့။ ဘာဖြစ်သေးလဲ၊ နေမင်းခကို မရလည်း ဇော်လေးညို ရှိနေတာပဲ။ သို့သော် နိုဝင်သည် ထိုအမျိုးသမီးကြီးနှစ်ယောက်ကို မကျေမနပ်ဖြစ်မိပါသည်။

သူတို့ပြောသည့် နေခြည်ဆိုသော ကောင်မလေးကို တော့ တော်တော့်ကို သနားမိသည်။ သူတို့ လက်ခံနိုင်ပုံထောက်

www.burmeseclassic.com

www.burmeseclassic.com

လျှင် ထိုကောင်မလေးသည် တော်တော့်ကို အပြစ်ပြောစရာမရှိအောင် ပြည့်စုံလို့ပင်ဖြစ်မည်။

နေမင်းခ သူမကို အားနာမိပါသည်။ နေခြည်နှင့် သူ ဘာမှမဟုတ်တာကိုလည်း ရုတ်တရက် ရှင်းပြချင်စိတ် ဖြစ်လာသည်။

ထိုစိတ် ဘာလို့ ရုတ်တရက်ပေါ်လာမှန်း သူ့ကိုယ်သူ တောင် နားမလည်နိုင်တော့ပါ။

"တီချယ် ... ထည့်စားနော်၊ အားမနာနဲ့"

ဒေါ်မိမိက အနားသို့လာ၍ ညည်းခံနေသည်။ သူမ ဘေးနားတွင် ရုပ်အင်္ကျီလည်ကတုံးလေးနှင့် အပြာနဲ့အနက်အကွက် စိပ်စိပ်ပုဆိုးလေးကို ချုပ်ချုပ်ရပ်ရပ် ဝတ်ဆင်ထားသော ဇော်လေးညို ကိုပါ သူမမော့်အကြည့် တွေ့လိုက်ရသည်။

ရိုရိုဝေဝေ သူ့မျက်ဝန်းလေးတွေက ဆွဲဆောင်မှုရှိတာတော့ အမှန်ပင်။ လှိုက်ခနဲ ခုန်သွားသော သူမနှလုံးသားကို နိုင် အပြစ်မဆိုချင်တော့ပါ။

"တီချယ် ... ဒါ ကျွန်မမောင် ဖိုးဆွေဦးလေး ဇော်လေးညို တဲ့၊ တီချယ်နဲ့ ခြံတံခါးဝမှာ တစ်ခါဆုံဖူးတယ် ပြောတယ်"

"ဟုတ်ကဲ့ တီချယ်၊ အဲဒီနေ့က ကျွန်တော် ရိုင်းသွားရင် တောင်းပန်ပါတယ်"

သူ့ရဲ့ရုတတအသံလေးက နိုင့်နာထဲ ချိုမြိန်စွာဝင် ရောက်လာခဲ့သည်။

"မဟုတ်တာ၊ ရပါတယ်"

နိုင်က ဆွဲဆောင်မှုရှိသော သူ့မျက်ဝန်းတွေကို စိုက်ကြည့်ရင်း မပွင့်တပွင့် ဆိုလိုက်သည်။

"မမမာတို့ မမနှင်းတို့ ကိုနေတို့လည်း စားကြနော်၊ အားမနာပါနဲ့"

ဒေါ်မိမိက ပျူငှာစွာဖြင့် ပြောလိုက်သည်။

ဇော်လေးညို အကြည့်က နေမင်းခဆီ ရောက်သွားသည်။ ဒီကောင့်အကြည့်တွေက တီချယ် နိုင့်ဆီမှာပဲ ရှိနေကြသည်။ ဒါ ဘာသဘောပါလဲ။ လဲ့နေခြည်ရဲ့စိတ်အစဉ်ကို သိမ်းကျုံး

www.burmeseclassic.com

www.burmeseclassic.com

ယူငင်ပြီးတာတောင် အားမရနိုင်ပါလား နေမင်းခ။ ဇော်လေးညို တစ်ချက်ပြုံးလိုက်သည်။ ဒီတစ်ခါတော့ မင်းကို ငါ အရှုံးပေးမှာ မဟုတ်ဘူး နေမင်းခ။

ဇော်လေးညိုသည် နှာင်နှင့် တိတီမာ နောက်နားမှာ ထိုင်၍ တို့ကနန်း ဆိတ်ကနန်းသာ စားနေသော နိုဝင့် ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်ပေးနေသည်။ နေမင်းခ မျက်နှာပျက်စပြုနေပါသည်။

တိတီမာနှင့် တိတီနှင်းတို့သည် တစ်ယောက်နှင့် တစ်ယောက် မျက်စ,ပစ်၍နေသည်။ နေနေ့မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း မျက်နှာက သိပ်မကောင်းလှ။

ထိုနေ့မှစ၍ ဇော်လေးညိုသည် စနေ၊ တနင်္ဂနွေ ဖိုးဆွိစာသင်ရက်၊ စာသင်ချိန်များတွင် ဖိုးဆွိတို့အိမ်မှာ အကြောင်းမရှိ အကြောင်းရှာ၍ ရောက်နေ ရှိနေတတ်ပါသည်။

"ဟဲ့ကောင် ... ဖိုးဆွိ၊ ငါ့အခန်းထဲက ခေါင်းလိမ်းဆီ မင်း ဆီမှာလား၊ ယူထားလား"

ဖိုးဆွိနဲ့ တီချယ်နိုဝင် စာသင်နေရာသို့ ဇော်လေးညို သွားကာမေးလိုက်သည်။

"ဟာ ... ပေါက်ပေါက်ရှာရှာ မယူပါဘူး"

ဖိုးဆွိက စာရေးနေရာမှ လှမ်းပြောလိုက်သည်။ သိပ်မကြာပါ နောက်နာရီဝက်လောက်တွင်တစ်ခါ ဇော်လေးညို ရောက်လာပြန်သည်။

"ဟေ့ကောင် ... ငါ့ဗီရိုထဲက ခါးပတ်ပျောက်နေတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကမှ စင်ကာပူက ဝယ်လာတာ၊ ဒါတော့ သေချာတယ်၊ မင်းယူတာဖြစ်မယ်၊ မင်းပဲ အဲဒီနေ့က သူငယ်ချင်းတွေကို ပြချင်လိုက်တာလို့ ပြောဖူးတယ်"

"လေးလေးဇော်ကလည်းဗျာ၊ သား မယူပါဘူး"

"ဒီမှာ ... ဒီမှာ ကိုဇော်လေးညို၊ ကျေးဇူးပြုပြီး ကျွန်မစာသင်ချိန်ပြီးမှ ပစ္စည်းပျောက်ရှာပုံတော်ဖွင့်ပါလား"

နိုဝင်သည် စာကောင်းကောင်း မသင်ရအောင် အနှောင့်အယှက်ပေးနေသော ဇော်လေးညိုကို စိတ်မရှည်စွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ ရယ်ကျဲကျဲဖြစ်သွားသော ဖိုးဆွိမျက်နှာပေးက လေးလေးဇော်ကို "ကောင်းလိုက်တာ"ဟု ပြောနေပုံရ၏။

အခုတလော ဦးနေနှင့် လေးလေးဇော် ဘာတွေဖြစ်နေသည်မသိ။ တိချယ်နိုဝင် စာလာသင်ချိန်တွင် ဦးနေက တနင်္ဂနွေဆို အိမ်မှာမုန့်လုပ်လို့ဆိုပြီး မုန့်တွေလာပေးတတ်သလို လေးလေးဇော်ကလည်း စာသင်ချိန်တစ်နာရီခွဲအပြည့် အိမ်တွင်ရှိနေတတ်သည်။ သေချာပါသည်။ သူတို့နှစ်ယောက် တိချယ်နိုဝင်နဲ့ပတ်သက်ပြီး မရိုးသားတော့ပါ။

✦○✦

၂၀

နေမင်းခ ရုံးခန်းထဲတွင် တီတီမာက အကျအနထိုင်နေသည်။ ရုံးခန်းထဲတွင် နေမင်းခ မရှိ၊ အလုပ်ကိစ္စနှင့် အပြင်သွားနေ၍ဖြစ်သည်။ ဆုံလည်ထိုင်ခုံပေါ်မှာ တီတီမာ ထိုင်နေရင်း လှဲနေခြည် အလာကို စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းတံခါးပွင့်သွားပြီး ဝင်လာသော လူရိပ်ကြောင့် တိတိမာ လှမ်းကြည့်လိုက်သည်။ အရိုးကျပြေပြစ်သော ကိုယ်ပေါ်တွင် ကုတ်အင်္ကျီလက်တိုလေးနှင့် ဒူးသာသာစကတ်လေးကို စမတ်ကျစွာ ဝတ်ထားသော လဲ့နေခြည်ကို တိတိမာ ချိုသာစွာ ပြုံးပြလိုက်သည်။

"တိတိမာ ဖုန်းဆက်တော့ နေခြည် ဘာများဖြစ်သလဲလို့ စိုးရိမ်နေတာ၊ တော်သေးတယ်၊ ကိုနေ ဒီနေ့အပြင်သွားတာ နေခြည့်ကို ထားခဲ့လို့"

နေခြည်သည် တိတိမာနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံပေါ်တွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

"နေခြည် ... တိတိမာပြောတာ သေချာနားထောင်၊ တိတိမာ မေးမယ်၊ နေခြည်နဲ့ နေနေတို့ ဘယ်အခြေအနေထိရောက်ပြီလဲ"

နေခြည်သည် တိတိမာ့စကားကြောင့် မျက်နှာအနည်းငယ် ပျက်ယွင်းသွား၏။ တစ်ဆက်တည်းမှာပဲ ကိုနေ့ကို မချင့်

မရဲဖြစ်မိသည်။ နေခြည်လိုလှသော၊ ချောသော၊ ပညာတတ်သော မိန်းကလေးမျိုးကို ကိုနေ ဘာလို့များ ဖွင့်ပြောဖို့ တုံ့နှေးနေရတာလဲ။

"နေခြည် မညာချင်ပါဘူး တိတိမာ၊ အခုအချိန်အထိ ကိုနေ နေခြည့်ကို ဘာမှဖွင့်မပြောသေးဘူး"

"အဲဒါ ခက်တာပဲ နေခြည်၊ ဒီလိုအေးအေးဆေးဆေးနေလို့ မရတော့ဘူး။ တော်ကြာ သူများနောက် ပါသွားတော့မယ်"

"ရှင် ... ဘယ်လို"

နေခြည်သည် တိတိမာ့စကားကြောင့် မျက်လုံးပြူးသွားသည်။ တစ်နေ့ ကိုနေ သူမကိုဖွင့်ပြောမည်မှာ သေချာသည်ဟု သူမ ယုံကြည်ခဲ့သည် မဟုတ်လား။ ပြီးတော့ နေ့တိုင်းလည်း ကိုနေ့ကို တွေ့နေ၊ မြင်နေရသည်ပဲ။ ဒီကြားထဲမှာ မသက်သစရာ ဘာမှမရှိခဲ့ပါ။

"ဒီမှာ ... တိတိမာ ပြောတာတွေကို နေနေ့ကို ပြန်မပြော ရဘူးနော်၊ အခု နေနေ ခြေလှမ်းတွေ ပျက်နေတယ်။ ဆရာမတစ်ယောက်ကို သူ စိတ်ဝင်စားနေတယ်။ တိတိမာ

www.burmeseclassic.com

www.burmeseclassic.com

တို့အိမ်ဘေးက ဖိုးဆွိရဲ့ဆရာမလေး တီတီမာတော့ သဘော
မကျပါဘူး။ အသက်ကလည်း ကြီးတယ်၊ စိတ်ကလည်း
ကြီးသေးတယ်၊ နေနေနဲ့ လုံးဝကိုမဖြစ်နိုင်ဘူး"

"ဇော်လေးညိုရဲ့တူလား ဖိုးဆွိဆိုတာ"

နေခြည်အမေးကို တီတီမာ ခေါင်းညိတ်လိုက်သည်။

ဇော်လေးညိုရဲ့ပုံရိပ်လေးတွေ နေခြည်မျက်ဝန်းထဲ
မြင်ယောင်မိသည်။ ကိုနေ နိုင်ငံခြားမှာ ကျောင်းသွားမတက်ခင်
က သူမရယ်၊ ဇော်လေးညိုရယ်၊ ကိုနေရယ် Speaking class
တစ်ခုမှာ အတူတူတက်ခဲ့ဖူးကြသည်။

ချောမောသော ကောင်လေးနှစ်ယောက်နှင့် လူတကာ
ကို လည်ပြန်ငေးစေသော ကောင်မလေးတစ်ယောက် သုံးယောက်တွဲ
ကို အားလုံးက အာရုံစိုက်ခဲ့ကြသည်။ ဇော်လေးညိုရဲ့မျက်ဝန်း
ဘာသာစကားတွေကို သူမ လျစ်လျူရှုခဲ့ပြီး နေမင်းခ မျက်ဝန်း
ထဲက နားလည်ရခက်တဲ့ ပုစ္ဆာတစ်ပုဒ်ကို အချိန်ယူတွက်ချက်ဖို့
သူမ ဆုံးဖြတ်ခဲ့ဖူးသည်ပဲ။

"နေခြည် စိတ်တော့ချပါ။ တီတီမာတို့ တီတီနှင်းတို့က
နေနေ့ကို အစွမ်းကုန် ကာကွယ်မှာပါ၊ ဒီကြားထဲမှာ
နေခြည်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ နေနေ့ကို နေခြည်
ဘက်ပါအောင် ကြိုးစားပါ"

"နေခြည် သူ့ကိုတွေ့ချင်တယ် တီတီမာ၊ သူက ဘာမို့လို့
ကိုနေ စိတ်ဝင်စားရတာလဲ၊ သူက နေခြည်လောက်လှလို့
လား"

"အို ... နေခြည်ရယ်၊ နေခြည့်ကို လုံးဝမမီပါဘူး။ သူ့ကို
တွေ့ချင်တယ်ဆိုရင်တော့ လွယ်ပါတယ်။ တနင်္ဂနွေနေ့
တီတီမာတို့အိမ်ကိုလာလေ၊ တနင်္ဂနွေနေ့ဆို သူ ဟိုအိမ်မှာ
စာလာသင်တယ်၊ နေနေတော့ မရိပ်မိစေနဲ့၊ အေး ... အေး
ဒါဆို တီတီမာ ပြန်မယ်၊ တော်ကြာ နေနေ ပြန်လာလို့
တီတီမာ့ကိုတွေ့ရင် သံသယဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ တီတီမာ၊ ဒီတနင်္ဂနွေပဲ နေခြည်လာခဲ့မယ်"

"အေး ... အေး၊ တီမာ နေခြည့်ကို ထမင်းဖိတ်ကျွေးတာ
လို့ပြောလိုက်မယ်လေ၊ သွားပြီနော်"

www.burmeseclassic.com

www.burmeseclassic.com

တီတီမာသည် စားပွဲပေါ်က ဘေးလွယ်အိတ်ကို ကောက်လွယ်ပြီး ထွက်သွားပါသည်။ နေခြည်သည် တီတီမာ့ ကျောပြင်ကိုကြည့်ပြီး သက်ပြင်းချ၍ ကျန်ခဲ့ပါသည်။ ရင်ထဲမှာလည်း နာကျင်၍ နေပါသည်။ ကိုနေ ဘာတွေလုပ်နေတာပါလဲ၊ ပြီးတော့ နေခြည် ဘာဆက်လုပ်ရမလဲ၊ နေခြည့်အတွေးတွေက ချာချာလည်နေပါသည်။

✦○✦

BURMESE CLASSIC .com

လမ်းထိပ်နားတွင် ဇော်လေးညိုသည် ဖိုးဆွိစက်ဘီးလေးနှင့် ယောင်လည်လည် လုပ်နေသည်။ ဒီအချိန်ဆို ဒီလမ်းက တီချယ်နိုဝင် လာမည်။ တီချယ်ကို စက်ဘီးနဲ့တင်ခေါ်လာမည်။ နေမင်းခတို့ အိမ်ရှေ့က ဖြတ်ပြီးတော့ပေါ့။ ဒီအချိန်ဆို ဝရန်တာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကနေ နေမင်းခ တီချယ်နိုဝင့်ကို စောင့်ကြည့်နေမည်မှာ သေချာပါသည်။

ပါဂျိုရိုးကားအနက်ပေါ်တွင် တီတီမာနှင့် လဲ့နေခြည် ကားနောက်ခန်းတွင် ရှိနေပါသည်။ ဒရိုင်ဘာဖိုးတာသည် တီတီမာ့ဆီမှ ဘာအမိန့်မှမရသေး၍ ကားကို ဒီအတိုင်း ရပ်ထားရသည်။

ထိုအချိန်တွင် စက်ဘီးတစ်စီး သူတို့ကားဘေးမှ ဖြတ်သွားသည်ကို တီတီမာ လှမ်းတွေ့ရာက သူ့ကိုစက်ဘီးနောက် လိုက်ခိုင်းသည်။

"အဲဒါပဲ၊ တွေ့လား ... နာမည်က မေနိုဝင်တဲ့"

နေခြည်သည် ဇော်လေးညို စက်ဘီးနောက်မှ မေနိုဝင် ဟုခေါ်သော ကိုနေ စိတ်ဝင်စားနေသည့် အမျိုးသမီးကို ကြည့် လိုက်သည်။ လေအဝှေ့တွင် တဖျပ်ဖျပ်တုန်ခါနေသော သူမဆံပင် ရှည်ရှည်စင်းစင်းလေးက နေခြည်ကို တစ်စုံတစ်ယောက်အား သတိရစေသည်။ ခပ်တင်းတင်း မျက်နှာတစ်ခုက နေခြည် မှတ် ဉာဏ်အားကို နှိုးဆွပေးဏ။

"ကြည့်စမ်း ... နေခြည်၊ ဒီမိန်းမက အိမ်က နေနေ့ကို စည်းရုံးလို့ အားမရသေးဘူး၊ ဟိုဘက်အိမ်က ဇော်လေးညို ကိုပါ မြှူဆွယ်ထားတာပဲ"

တီတီမာက မခံမရပ်နိုင်စွာ ဆိုလေသည်။ နေခြည် လည်း မခံမရပ်နိုင် ဖြစ်ရသည်။ သူမက ဘာတွေ ဒီလောက်စွမ်း နေလို့ နေခြည်နဲ့ ပတ်သက်ဖူးသော ယောကျ်ားနှစ်ယောက်ကို သူမဘက်ပါအောင် ဆွဲဆောင်နိုင်ရတာလဲ။

နိုဝင် မျက်မှောင်ကြုတ်လိုက်သည်။ ဒီကားကို နိုဝင် ကောင်းကောင်းမှတ်မိသည်။ သူမတစ်ကိုယ်လုံး ကြွက်စုတ်ဖြစ် အောင်လုပ်ခဲ့တာ ဒီကားပဲ၊ သေချာပါသည်။

ကားက ဖြည်းဖြည်းလေး ဘီးလှိမ့်ရုံလောက်သာ မောင်းပြီး သူမတို့စက်ဘီးနောက် လိုက်နေရတာ ဘာသဘောလဲ။ ဒီကားပိုင်ရှင်ကရော ဘယ်သူပါလဲ။

"ဟဲ့ ... ဖိုးတာ၊ ရှေ့စက်ဘီးကို ကျော်လိုက်တော့။ ဒီလောက်ဆို ရပြီမဟုတ်လား နေခြည်"

www.burmeseclassic.com

www.burmeseclassic.com

နေခြည် ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲမှာလည်း ထိုအမျိုးသမီးကို မြင်ဖူးသလိုလို ဧဝေဧဝါ ဖြစ်နေမိသည်။

"ခဏ ဖိုးတာ၊ သူတို့စက်ဘီးနဲ့ယှဉ်ပြိုး နည်းနည်းကပ်ပြိုး မောင်းပေးပါ၊ သူ့ကို နေခြည် မြင်ဖူးတယ်၊ သေချာတစ်ခါ လောက် ကြည့်လိုက်ရင် မှတ်မိမလားလို့"

BURMESE CLASSIC .com

ဖိုးတာက အမိန့်ကိုနာခံကာ သူမတို့စက်ဘီးနဲ့ ဘေးချင်းယှဉ်ပြိုး မောင်းလာသည်။

မှန်တွေက အထဲကိုမမြင်ရတဲ့ Screen တပ်ထားတာမို့ နိုဝင်ဘေးကို ယှဉ်မောင်းလာတဲ့ ကားထဲမှာ ဘယ်သူပါမှန်း မသိပါ။ သို့သော် ဤအပြုအမူသည် တစ်ဆိတ်တော့ လွန်လွန်းပါသည်။ ဇော်လေးညိုကလည်း သတိထားမိပုံရ၏။ နိုဝင်သည် ထိုကားကို အလွန်ကြည့်မရစွာနှင့် ခြေထောက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ကယ်ရီယာကို အားပြုလို့ ကားဘေးကိုကန်ထည့်လိုက်ပါသည်။

"ဒုန်း"

"ဟယ် ... ကန်ပြီ ... ကန်ပြီ ... ဖိုးတာရေ မြန်မြန်မောင်းပြီး စက်ဘီးကို ကျော်လိုက်ပါဟော့"

"ရှေ့မှာအိမ်လေ၊ အိမ်ထဲဝင်လိုက်ရမလား"

ဖိုးတာက တီတီမာ့ကို ပြန်မေးလိုက်သည်။

"ဟယ် ... တုံးလိုက်တာ ဖိုးတာရယ်၊ အိမ်ထဲဝင်ရင် ဒီကားက ဒီအိမ်ကမှန်း သိသွားမှာပေါ့၊ ဆက်မောင်းစမ်းပါ"

တီတီမာသည် မျက်လုံးပြူး၍ ရင်ဘတ်ကို ဖိနေသည်။ နေခြည်သည် ထိုမိန်းမ၏ မထင်မှတ်ထားသော တုံ့ပြန်မှုကို တွေ့လိုက်ရမှာတင် မိန်းမတစ်ယောက်ကို အမှတ်ရမိ၏။

"သူ ဘယ်သူလဲဆိုတာ နေခြည် သိပြီ တီတီမာ"

နေခြည်က တီတီမာ့ကို ဖိနပ်ကိစ္စ ပြောပြလိုက်သည်။ တီတီမာ့မျက်နှာက အရောင်မျိုးစုံ ပြောင်းနေသည်။ တော်တော်မလွယ်သည့် မိန်းမပါကလား။ ဒီပုံအတိုင်းဆို နေနေ့တော့ သနားစရာ။ သူမတစ်ယောက်တည်းအားနှင့်လည်း ရမည် မထင်ပါ။ နှင်းဝေရော နေခြည့်အကူအညီကိုပါ ယူမှရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

"တီချယ် ဟိုကားကို ကန်လိုက်တာလား"

စက်ဘီးနင်းရင်း ဇော်လေးညို မေးလိုက်သည်။

"ဟုတ်တယ်"

နိုဝင်ဘက ဒေါသထွက်ထွက်နှင့် ပြောလိုက်သည်။

"ကောင်းတယ်၊ အဲဒီအဘွားကြီးနဲ့စ်ယောက်တော့ အခုမှပဲ ထိတော့တယ်"

"နေပါဦး၊ အဲဒီကားက ဘယ်သူ့ကားလဲ ဇော်လေးညို သိလို့လား"

"သိပ်သိတာပေါ့၊ နေမင်းခတို့အိမ်ကကားလေ၊ အထဲမှာ သူ့အဒေါ်နှစ်ယောက် ဖြစ်မှာပေါ့"

"ကားက ဟိုဘက်ကို မောင်းသွားတာပဲ"

"ကျွန်တော့်ကို မေ့နေတာ ဖြစ်မှာပေါ့၊ ဟင်း ... ဟင်း"

ဇော်လေးညိုက ဘာတွေသဘောကျသည်မသိ ရယ်မောနေသည်။ နိုဝင်ကတော့ ဘာမှမဆိုင်ဘဲ အသားလွတ်လာပတ် သက်နေသော ထိုမိန်းမတွေကို စိတ်တိုမိသည်။

နေမင်းခက အဖြစ်အပျက် အစ,အဆုံး ဝရန်တာမှ လှမ်းမြင်လိုက်ရသည်။ တီတီမာ ဘယ်လောက်ကြောက်သွားလိုက်မလဲ။

မနက်ကတည်းက နေစြည်ကို ထမင်းဖိတ်ကျေးဖို့ ခေါ်ထားသည်ဟုပြောပြီး ဒရိုင်ဘာဖိုးတာကိုခေါ်ပြီး ထွက်သွားသည်လေ။

အခုတော့ အကန်ခံလိုက်ရပြီ မဟုတ်လား။ သူ ဟက်ဟက်ပက်ပက် ရယ်မောမိသည်။

မေနိုဝင် ဘယ်လိုမိန်းမမျိုးပါလဲ။ သူမနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာ ကောင်းလှသည်။ တစ်ချက် တစ်ချက် သူ့ကိုစိုက်ကြည့်ပြီး ပြုံးတတ်တဲ့ သူမအပြုံးတွေက သိပ်ကိုကဗျာဆန်လွန်းသည်။

တစ်ခါတစ်ရံမှာ သူမရဲ့နမော်နမဲ့နိုင်မှုကို တွေ့ရတတ်ပြီး ဒွိတ်တရွတ်နိုင်မှု၊ အကျောမခံမှုတွေကလည်း သူမဆီမှာ ပြည့်နှက် နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ ဇော်လေးညိုကို စိတ်မချပါ။ နေခြည်ကိုအရမ်း ကြွေခဲ့ဖူးပြီး သူနဲ့နေခြည် တတွဲတွဲနှင့် လုပ်ငန်းတစ်ခုမှာ အတူတူ လုပ်ကတည်းက။

တိတိကျကျ ပြောရပါလျှင် နေခြည် ဇော်လေးညိုရဲ့ စိတ်ဝင်စားမှုကို အသိအမှတ် မပြုကတည်းက ဇော်လေးညိုနှင့် သူသည် ခပ်တန်းတန်း ဖြစ်သွားခဲ့သည်။

ဇော်လေးညိုက မေနိုင်ကို တကယ်စိတ်ဝင်စား ချင်မှ စိတ်ဝင်စားမည်။

သူ စိတ်ဝင်စားနေမှန်းသိ၍ သူ့ကိုတမင် လုပ်ပြနေ တာပဲဖြစ်မည်။

နေမင်းခ သက်ပြင်းမောကြီး ချမိသည်။ ဖိုးဆွိ မွေးနေ့မှာ မေနိုင် သိပ်လှနေခဲ့တာ ဘယ်သူက ငြင်းနိုင်မှာလဲ။ ထမင်းကို မစားချင်သလို စားချင်သလိုစားရင်း သူ့ဆီကို ခဏခဏ သူမ အကြည့်ရောက်တာကို မကြာခဏ မိ,မိသွားတိုင်း ပြုံးပြတတ်တဲ့ သူမအပြုံးလေးတွေက သူနဲ့ အရမ်းရင်းနှီးခဲ့တာပဲ။

ဒီပုံအတိုင်းဆိုလျှင် တိတိမာက နေခြည်ကို မေနိုင် အကြောင်း ပြောပြပြီး လိုက်ပြတာဖြစ်နိုင်သည်။ သူ မေနိုင်ကို အရမ်းအားနာသွားမိသည်။ ပြီးတော့ သူမနဲ့ စကားတွေပြောကြည့် ချင်သည်။ အပြုအမူနဲ့တင် ဒီလောက်စိတ်ဝင်စားစရာ ကောင်းနေ တာ စကားပြောမိရင် ပိုလို့တောင် စိတ်ဝင်စားစရာကောင်းမှာပဲ၊ အတွေးနဲ့ သူ ပြုံးနေမိသည်။

"နေနေရေ ... တစ်ယောက်တည်း ဒီမှာရပ်ပြီး ဘာပြုံးနေ တာလဲ၊ မမမာလည်း ပြန်မလာသေးဘူး။ နေခြည်ကသွား ခေါ်စရာလူလား၊ သူ့ဘာသာသူလာလည်း ရတာပဲဟာ"

တိတိနှင်းက တဗျစ်တောက်တောက် ပြောနေသည်။

"အကြောင်းရှိလို့ ဖြစ်မှာပေါ့ တိတိနှင်းရဲ့၊ တိတိမာပြန် လာရင် တိတိနှင်းကို ပြောစရာစကားတွေ အများကြီးပါ လာမှာပါ"

သူ ရယ်ရင်းပြောပြီး တိတိနှင်းကို ထားခဲ့ပြီးထွက် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းမြည်သံကြောင့် နိုဝင် အိပ်ရာထဲမှ ကမူးရှူးထိုး ထလာသည်။ နာရီကိုကြည့်တော့ ည(၁၁)နာရီ ရှိပြီဖြစ်သည်။ အိမ်မှာ ဒီနေ့ ဖေဖေနှင့်နိုဝင် နှစ်ယောက်တည်း။ မေမေက ဒီဇင် သားအငယ်ကောင် နေမကောင်းဖြစ် ဒီဇင်တို့အိမ်တွင် သွားအိပ်သည်။

သူ့ဦးနှောက်ထွေက အလုပ်လုပ်နေသည်။ တီချယ် နိုဝင်နှင့် နီးစပ်ဖို့အခွင့်အရေးကို မရပ်မနား စဉ်းစားနေမိသည်။ သူ့အတွေးထဲတွင် အရောင်တစ်ချက် လက်သွားသည်။ သူကနစ်လို ဟန်ဖြင့် လေလေးတစ်ချက်ရွှန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမြေးကို မမေမေက သည်းသည်းလှုပ်အောင်ချစ်သည် မဟုတ်လား။ အခု ဘာဖြစ်လို့ ဖုန်းဆက်သည်လဲ မသိ။

"ဟဲလို ... မေလားဟင်"

တစ်ဖက်ကအသံကို နိုဝင်နားထဲတွင် "အမေလားဟင်"လို့ ကြားမိသွားသည်။

"အေး ... သားရေ အမေပါ၊ အမေအိပ်နေလို့ မနှောင့်ယှက်ပါနဲ့နော်"

နိုဝင်သည် ဘာမှမဖြစ်သလို လေသံလေးနှင့်ပြောကာ ဖုန်းချလိုက်သည်။ ဘယ့်နယ် ဖုန်းလေးဘာလေး သေချာနိပ်ပေါ့။ သူများအိပ်ချိန်ကို အလိုက်ကန်းဆိုးမသိ။ နိုဝင်သည် အိပ်ချင်မူးတူးဖြင့် အိပ်ရာထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

နေမင်းခသည် နိုဝင်၏တံ့ပြန်သံကို ဘယ်လိုမှဟန်မဆောင်နိုင်၍ ရယ်မောမိသည်။ တော်တော်ချစ်စရာကောင်းသည့် မိန်းမ၊ ဘယ်လောက်တောင် အိပ်ချင်နေမှန်းမသိ မေနှင့်အမေကို တောင် ခွဲခြားမကြားနိုင်တော့ပါ။

ဘာပဲဖြစ်ဖြစ် ဒီနေ့အတွက်တော့ ဒီလောက်ဆိုတော်လောက်ပြီ။ မေနိုဝင်ဆီ ဖုန်းဆက်စကားပြောမည်ဟူသော သူ့အတွေးသည် မှန်ကန်လှသည်။

သူမနှင့် စကားပြောရသည်မှာ ပျော်စရာကောင်းမည် အမှန်ပင်ဖြစ်သည်။

နိုဝင်သည် အူကြောင်ကြောင် အတွေးအခေါ်အချို့ကိုလည်း ပိုင်ဆိုင်ထားသူဖြစ်သည်။ မမေက နိုဝင့်ကို GSM တွေ စ,ပေါ်တော့ ဝယ်ပေးမည်ဟုပြောသည်။ နိုဝင် လက်မခံခဲ့ပါ။ သူများတွေဆို ပျော်လွန်းလို့ က,တောင်က,ကြဦးမည်။ နိုဝင်ကတော့ အိမ်ဖုန်းတစ်လုံးနှင့်ပင် စိတ်ညစ်လှပြီ။

မေမေ့လို worry များတဲ့အမေ၊ နိုဝင့်မှာ ဖုန်းရှိလို့များခဏခဏကို ဆက်နေတော့မှာ။ တပည့်တွေနဲ့ တစ်နေရာရာသွားပြီဆိုရင်လည်း တပည့်မိဘတွေက ဆယ်မိနစ်တစ်ခါလောက် သူတို့သမီးတွေကို ဖုန်းခေါ်ကြသည်။

"ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ"

www.burmeseclassic.com

www.burmeseclassic.com

မာလာခင်နှင့် နှင်းဝေခင်သည် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေကြသည်။ နေ့နေ့၏ အခြေအနေသည် ပုံမှန်မဟုတ်တော့။ တနင်္ဂနွေတစ်နေ့လုံး ဂနာမငြိမ် ဖြစ်နေတတ်ပြီး စနေနေ့ပါ ကုမ္ပဏီကို မသွားချင်တော့တာ ဟိုစုန်းမပြစားထားလို့ပင်ဖြစ်မည်။

... နှင့် ပြီး,မပြီးနိုင်တော့ပါ။ ဘယ်ကိုသွားမည်ဆို တာ ပြောထားပြီးသား၊ သူတို့သမီးတွေမှာ ဖုန်းပါတာ လူသိစေ ချင်လို့လား၊မသိ။ နိုဝင် တော်တော်အမြင်ကတ်မိသည်။ ထည့်စရာ အိတ်တွေပါရဲ့သား၊နဲ့လည်း လက်ထဲတွင် ဟန်းဖုန်းလေးတပြပြ နှင့်လူတွေကို နိုဝင် ကြည့်မရ။ လုံလုံခြုံခြုံထည့်ထားပါလား။ ring tone လည်း ထည့်ထားတာပဲ။ အသံမြည်ရင် ကိုင်လိုက်ရုံပဲ ဟာကို။ ဒီလိုနှင့် GSM ကနေ CDMA ဖုန်းအမျိုးအစားတွေသာ တစ်ခုပြီးတစ်ခု ပေါ်လာသည်။ နိုဝင့်လက်ထဲတွင်တော့ ဘာဖုန်း မှမရှိပါ။

အိမ်ကဖုန်းကိုလည်း ဆက်သွယ်ရေးအရကြောင့် သာ နိုဝင် ကြည့်နေရသည်။ အိပ်ကောင်းပြီဆို ဒီဖုန်းက အမြဲ နိုဝင့်ကို နှောင့်ယှက်နေကြ။ တစ်ခါတလေ ဖုန်းကြိုးဖြုတ်ဖို့ကြိုးစား လျှင်လည်း မေမေနဲ့ နိုဝင် အမြဲရန်ဖြစ်နေကြ။

www.burmeseclassic.com

www.burmeseclassic.com

မနေ့ကပဲကြည့် ကုမ္ပဏီဝန်ထမ်းတွေကို English speaking သင်ပေးမှဖြစ်မည်ဟု ပြောလာပြန်သည်။ ဒီစကားအသွားအလာက ဘယ်ကိုဦးတည်နေမှန်း သူတို့ရိပ်စားပြီးသား။ တော်သေးသည် အမျိုးထဲတွင် ကလေးတွေမရှိတော့တာ ကံကောင်းလှသည်။ နို့မို့ မောင်မင်းကြီးသား သူ့အိတ်စိုက်ပြီး အကုန်လုံးကို ဟိုဆရာမကို သင်စေမည်ဖြစ်သည်။

"ဘယ်လိုလုပ်မလဲ မမမာ၊ ဒီပုံအတိုင်းဆို သူ ဟိုဆရာမကိုတွားမှာ သေချာတယ်။ အဲဒါဆို သူတို့အမြဲအဆက်အသွယ်ရှိသွားမှာ၊ နီးစပ်သွားကြမှာ"

"ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ မမလင်းလည်း ခက်ပါတယ်အေ၊ သူ့သား ဘယ်ခြေလှမ်းနေမှန်းမသိသားသဘောဆိုတာချည်းပဲ"

"နေခြည်နဲ့ကိစ္စကို လူကြီးချင်းပြောဆိုကြဖို့ မမမာ မပြောကြည့်ဘူးလား"

"အမယ်လေး ... နှင်းဝေတောင် နောက်ကျနေသေးတယ်၊ ဒီကဖြင့် ပြောပြီးတာ ကြာပေါ့"

"မမလင်းက ဘာပြောလဲ"

"သူ့သား သဘောမကျဘဲနဲ့ ဘာကိုမှ အတင်းအကျပ် မစီစဉ်ချင်ဘူးတဲ့၊ သူ့သားက ကုမ္ပဏီကြီးတစ်ခုလုံးကို အုပ်ချုပ်နေတာ၊ လူရွေးမမှားဘူးဆိုပဲ"

"သားသမီးယုံတော့ စုံလုံးကန်းဆိုတာဒါပေါ့၊ ဘာပဲဖြစ်ဖြစ် မမမာရယ်၊ မေနိုဝင်ဘက်ကို နည်းနည်းစုံစမ်းကြည့်ပါဦး၊ သူတို့အခြေအနေက ဘယ်လိုလဲ၊ ဘာအဆင့်အတန်းလဲဆိုတာ"

"ဘာဖြစ်လို့ စုံစမ်းရမှာလဲ"

"ဘာလဲ မမမာ ကြောက်လို့လား"

ဒေါ်နှင်းဝေခင်က အစ်မဖြစ်သူကို စ,လိုက်သည်။ စ,လည်း စချင်စရာ၊ မမမာက ထိုကောင်မလေးကို အသေကြောက်တာ သူတို့အသိပဲ မဟုတ်လား။

"ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ နေစမ်းပါ နှင်းဝေရယ်၊ ငါ့မှာ အကြံတစ်ခု ရှိပါတယ်။ နေနေ စိတ်ပျက်သွားအောင်

www.burmeseclassic.com

www.burmeseclassic.com

၂၄

"နိဝင်ရေ ... ဖုန်း"

ည့်ခန်းထဲမှ မမေ့အသံကြောင့် စာအုပ်ဖတ်နေရာမှ နိဝင် မထချင် ထချင်နှင့်ထလာသည်။ ဘုရားသိကြား၊ လို့ ဒီနေ့တစ်ယောက်ယောက် ကျူးရှင်ဖျက်တာ ဖြစ်ပါစေ။ နိဝင်

လေ၊ ငါတို့စနက်မပါဘဲ နေနေကိုယ်တိုင် သူ့ကိုစိတ်ပျက်သွားအောင်ပေါ့"

"မမမာက ဘယ်လိုကြံစည်ထားလို့လဲ"

ဒေါ်မာလာက ဒေါ်နှင်းဝေကို တိုးတိုးလေး ကပ်ပြောနေသည်။ ဒေါ်နှင်းဝေကတော့ ခေါင်းလေးတညိတ်ညိတ်နှင့်ရှိနေလေသည်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

တိတ်တိတ်ကလေး ဆုတောင်းလိုက်သည်။ မနေ့ကတစ်နေ့လုံး လိုလို ကျူးရှင်သွားရစာဆိုတော့ လူက သိပ်မလန်းချင်ပါ။

"ဟဲလို"

နိုဝင်းက ဖုန်းကိုကောက်ကိုင်ရင်း ထူးလိုက်သည်။

"ဟဲလို ... မေလားဟင်"

နိုဝင် ဒီတစ်ခါတော့ "မေ"ဆိုသည့်အသံကို ပီပီသသ ကြားလိုက်ရသည်။ ဒါဆို ဟိုနေ့ညက ဖုန်းခေါ်တာ သူမကိုပေါ့။

နေစမ်းပါဦး ... ဘယ်ကအခြေအမြစ်မရှိတဲ့ ကလေကချေကောင်က "မေနိုဝင်"ဆိုတဲ့ နာမည်ကို အဖျားဆွတ်ခေါ်ရတာလဲ။

"ဒီမှာ ... ဘာဖြစ်ချင်လို့ ဖုန်းဆက်တာလဲ၊ လက်ခံနှားထောင်ပေးဖို့ အချိန်မရှိဘူး"

"ဟာ ... ခဏလေးပါ မေရယ်၊ မေ့မှာ အချိန်ပိုမရှိဘူး ဆိုတာ 'မောင်'သိပါတယ်"

"ဘာ ... ဘယ်သူသိတယ်၊ 'မောင်'ဟုတ်လား၊ ဟား ဟား ဟား ဟား"

နိုဝင်သည် ရယ်ချင်စိတ်ကို မထိန်းနိုင်ဘဲ အော်ရယ်လိုက်သည်။ ဟိုဘက်ကလူက ဘယ်လိုနေမည်မသိ နိုဝင်ကတော့ ရယ်ရလွန်း၍ မျက်ရည်တွေတောင် စို့လာသည်။

ဘာလို့ရယ်မသိ ထို'မောင်'လို့ခေါ်သံကို သူများတွေခေါ်တာ ကြားရတိုင်း နိုဝင် ကျောယားပြီး ရယ်ချင်မိသည်။ မဟုတ်မှလွဲရော ဒါတပည့်ကျော်တွေရဲ့လက်ချက် ဖြစ်မည်မှာအမှန်ပင်။ တပည့်များက သူမ လှလှပပဝတ်စားပြီး ဘာတာဝန်မှမရှိလွတ်လွတ်လပ်လပ်နေတာကို မေမေ့လိုပင် ကြည့်မရဟန်တူသည်။ ဒါ ဘယ်သူ့လက်ချက်ဖြစ်မလဲ၊ နိုဝင် မျက်ဝန်းကို အသာမှေး၍ စဉ်းစားလိုက်သည်။

ဟိုဘက်က ငေါသားကတော့ ဖုန်းချသွားပြီဖြစ်သည်။ ခက်တာပဲ၊ မေနိုဝင် ဆိုတာ ဘယ်လိုမိန်းမမျိုးလဲ အရင်ဆုံးစုံစမ်းပြီးမှ ကြိုးစားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှ လူခေါ်ဘဲလ်သံကြောင့် ဒေါ်မိမိ ခေါင်းထောင်သွားသည်။ ကိုနေလား၊ ဇော်လေးလား တစ်ယောက်ယောက်ပင်ဖြစ်မည်။ ဒီစနေ၊ တနင်္ဂနွေဆို ဇော်လေးက ရှိသမျှအလုပ်ကိစ္စမှန်သမျှကို ထားခဲ့ကာ အိမ်ကိုအပြေးအလွှား လာနေကျဖြစ်သည်။

"ဟဲ့ ... ဘယ်သူနဲ့ပြောလို့ ဒီလောက်တောင် ရယ်နေရတာလဲ၊ ဆရာမတစ်ယောက်ဖြစ်ပြီး မသိမ်မွေ့လိုက်တာ"

"လာပြန်ပြီ ဒီဆရာမ၊ ဆရာမလည်းလူပဲ ခံစားချက်ရှိတာပဲ၊ ရယ်စရာကောင်းလို့ရယ်တာပေါ့ မေမေရယ်"

"ဘုရားစူး ဆရာမပဲအေ၊ တစ်နေရာမှ ဆရာမနဲ့တူတာ မရှိဘူး"

"တစ်နေရာတော့ ရှိမှာပေါ့ မေမေရဲ့"

ပြောပြီး နိုဝင်က အခန်းထဲဝင်သွားသည်။ မေမေကတော့ တဖျစ်တောက်တောက်နဲ့ပြောပြီး ကျန်ရစ်ခဲ့သည်။

ဆရာမဆို ဘီးဆံထုံးနဲ့ ရင်ဖုံးအင်္ကျီနဲ့ခေတ်ကကျန်ခဲ့ပြီလေ။ ပြီးတော့ နိုဝင်က ကျောင်းဆရာမမှ မဟုတ်တာ၊ ဒီလောက် ကိုရီးယားကားတွေ ကြည့်နေတာ ကိုရီးယားကားထဲက ဆရာမတွေရဲ့စတိုင်လ် မမြင်ဘူးလားလို့ မေမေ့ကိုပြောတိုင်း မေမေက ဒါ ကိုရီးယားနိုင်ငံလားလို့ ခဏခဏပြန်ပြောဖူးလို့ ဘာမှပြန်ပြီးမချေပတော့ပါ။

✦ ○ ✦

www.burmeseclassic.com

www.burmeseclassic.com

"ဟိုဘက်အိမ်က ဦးနေ အန်တီ"

"ရော့ ... သော့သွားဖွင့်ပေးလိုက်"

ဒေါ်မိမိက ခြံသော့ကို ကောင်မလေးကို ပေးလိုက်သည်။ နိဝင်းကတော့ စာသင်နေရင်းက အသံတွေကိုနားစွင့်နေသည်။ နေမင်းခ ဘာတွေကြံစည်နေသည်မသိ။

"တီချယ် ... ဦးနေ ဘာလာပေးပြန်ပြီလဲ မသိဘူး"

"ကိုယ့်စာကိုယ်လုပ်စမ်း ဖိုးဆွေ"

ဖိုးဆွေက စာပြန်ငံ့ရေးနေသည်။

"တီချယ် နိဝင်းရေ၊ ဒီမှာ ကိုနေက စကားနည်းနည်းပြောချင်လို့တဲ့"

ဒေါ်မိမိက သူမတို့စာသင်သည့်နေရာသို့ လာ၍ပြောလေသည်။

"ဦးနေကလည်း အတင့်ရဲလိုက်တာ"

ဖိုးဆွေက စာရေးနေရာမှ မကြားတကြားလေး ပြောလိုက်သည်။

လာသည့်အချိန်ကလည်း တီချယ်နိဝင် စာသင်ချိန်၊ ကိုနေလည်း ဘာထူးလဲ၊ တစ်သက်လုံး အလုပ်ရှုပ်နေတဲ့ကောင်၊ အခုတော့ တနင်္ဂနွေဆို မုန့်တွေတစ်မျိုးပြီးတစ်မျိုး လာပို့တတ်တာ သူမသတိထားမိတာ တော်တော်ကြာပြီဖြစ်သည်။

ကိုနေနဲ့ ဇော်လေးက ကျောင်းတော်က ရန်စရှိခဲ့သည်မဟုတ်လား။ နေခြည်နဲ့ကိစ္စကို သူမ ကောင်းကောင်းသိသည်ပေါ့။ နေခြည်နဲ့တွဲနေရင်းနဲ့ တီချယ်နိဝင်ဆီ ဦးတည်နေတဲ့ ကိုနေ့ခြေလှမ်းတွေက ဘာအဓိပ္ပာယ်လဲ။ ဇော်လေးကတော့ တီချယ်နိဝင်ကို တကယ်ပဲလား။ ကိုနေ့ကို လက်စားချေချင်လို့ပဲလားမသိ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲမှာတော့ ဇော်လေးကို အနိုင်ရစေချင်ပါသည်။

"မော်မော်ရေ ... ခြံတံခါးမှာ ဘယ်သူလဲ သွားကြည့်။ ပြီးရင် ငါ့ကိုပြန်ပြော"

"ဟုတ်ကဲ့"

အိမ်ဖော်ကောင်မလေးက အပြင်ဘက်ခေါထွက် သွားပြီး ပြန်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com

နိုဝင်ကမျက်စောင်းရွယ်လိုက်ရင်း ဒေါ်မိမိနောက်လိုက်သွားလေသည်။

ဆိုဖာဆက်တီပေါ်တွင် ထိုင်နေသော သူမအလာကို လှမ်းကြည့်နေသော သူ့ရဲ့ရှင်းသန့်ချောမောသော မျက်နှာလေးသည် အပြစ်ကင်းစင်လို့နေသည်။ ပြုံးလိုက်ရင် ပေါ်လာတဲ့သွားတက်လေးတွေကလည်း ချစ်စရာကောင်းလှသည်။ ရိတ်ပြီးစနှုတ်ခမ်းမွေးစိမ်းစိမ်းလေးတွေကလည်း သူ့မျက်နှာ ဝင်းဝင်းလေးပေါ်မှာ နှစ်လိုဖွယ်ရှိနေကြသည်။

နိုဝင့်ရင်တွေ တဒိုင်းဒိုင်းခုန်လာသည်။ ဒီလိုဖြစ်ဖို့ မသင့်တော်ပါ။ သူ့မှာချစ်သူရှိနေတာပဲ။ သို့သော် သူမနှလုံးသားက သူမအမိန့်ကို လက်သင့်မခံဘဲ စည်းချက်ညီညီ ကခုန်နေကြလေသည်။

"တီချယ် ... အချိန်တစ်ချိန်လောက် ပေးနိုင်မလားဟင်"

သူ့ရဲ့စကားသံချိုချိုက နိုဝင့်နားထဲ ရှောရှောရှူရှူ ဝင်လာခဲ့သည်။

"ဘာအတွက်လဲဟင်"

နိုဝင်က သူပြောတာကို သဘောမပေါက်၍ ပြန်မေးလိုက်သည်။

"ကျွန်တော်တို့ကုမ္ပဏီကဝန်ထမ်းတွေ အင်္ဂလိပ်စာသင်တန်းတက်ဖို့ လိုလို့ပါ။ ကျွန်တော်တို့ ကုမ္ပဏီက နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ contact ရှိတာမို့ ဟိုဘက်က Foreigners တွေလာတိုင်း ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုဆက်ဆံနိုင်တဲ့သူက သိပ်မရှိဘူးလေ"

ဒေါ်မိမိ မျက်နှာမဲ့လိုက်သည်။ အမယ် ... ဒီလိုဆိုတော့လည်း ကိုနေက အဝင်တော်သားပဲ။

ဇော်လေးလို ဘလိုင်းကြီး စွတ်ရောတာမျိုးမဟုတ်။ ဒါကြောင့်လည်း နေခြည်ရဲ့စိတ်ဝင်စားမှုတွေကို တစ်လှေကြီးရခဲ့တာပေါ့။

"အော် ... ဒါများ ကိုနေရယ်၊ အန်တိမိကို ပြောရောပေါ့၊ တီချယ်နိုဝင်က အားတာမဟုတ်ဘူး၊ အန်တိမိသူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ယောကျ်ားက Speaking class ဖွင့်ထားတာ၊ အထူးသဖြင့် ကုမ္ပဏီဝန်ထမ်းတွေအတွက် သီးသန့်ကိုဖွင့်တာ၊ အန်တီမိ တာဝန်သာထားလိုက်၊ နေဦး ... နေဦး ... သူ့ visiting card ရှိတယ်၊ အန်တီမိ သွားယူလိုက်ဦးမယ်"

နိုဝင်နှင့် နေမင်းခသည် တိုင်ပင်မထားဘဲ ဒေါ်မိမိ၏ ကျောပြင်ကို မကြည့်,ကြည့်ဖြင့် ပြိုင်တူကြည့်လိုက်ကြသည်။ "ယဉ်ကျေးမှုမရှိတဲ့မိန်းမ"လို့ နိုဝင် ရင်ထဲက ကျိန်ဆဲလိုက်သည်။ လူကြီးဖြစ်ပြီး ဒီလိုဝင်ပြောတာ မသင့်တော်ဘူးဆိုတာ နားမလည်ဘူးလား။ တကယ်ဆိုတော့လည်း နိုဝင် မအားပါ။ သို့သော် ထိုမအားဘူးဆိုသော စကားက နိုဝင် ပြောရမှာ မဟုတ်လား။

နေမင်းခသည် ဒေါ်မိမိစကားကြောင့် အလွန်တရာ စိတ်ပျက်သွားမိသည်။ သူ့အစီအစဉ်ကတော့ သဲထဲရေသွန်ဖြစ်ပါပြီ။ သူ စိတ်ပျက်လက်ပျက်ဖြင့် ရှေ့မှာထိုင်နေသော တိုချယ်နိုဝင့်ကို လှမ်းကြည့်လိုက်သည်။ ဆတ်ဆတ်ထိမခံ နိုဝင်သည် အန်တီမိ၏ အပြုအမူကို သဘောတွေ့ပုံမရပေ။ မျက်နှာက အလိုမကျဟန်

ဖြင့် စူပုပ်နေသည်။ မထူးတော့မည်အတူတူ နေမင်းခ သတ္တိမွေးပြီး တိုချယ်နိုဝင့်ကို တစ်ချက်ကြည့်ကာ ...

"တိုချယ် ... ဖုန်းဆက်လိုက်မယ်နော်၊ ကျွန်တော်ဖုန်းဆက်ရင် တိုချယ် ကိုင်မှာလားဟင်"

နိုဝင့်ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ သူ့ရဲ့တောက်ပနေတဲ့ မျက်ဝန်းတစ်စုံရဲ့ စူးရှမှုကို ပြိုင်မကြည့်ရဲဘဲ ခေါင်းငုံ့ချလိုက်သည်။ လက်ဖျားတွေက အေးစက်သွားတာကို နိုဝင် သတိပြုမိလိုက်သည်။ ထိုအခိုက် ဒေါ်မိမိ ဝင်လာတာမို့ သူတို့နှစ်ယောက် ဘာစကားမှ မဆိုမိကြတော့ပါ။

"ရော့ ... ဒီမှာ ဦးတင်လတ်ထွေးရဲ့ visiting card"

ကမ်းပေးလိုက်တဲ့ ကတ်လေးကို နေမင်းခ လှမ်းယူလိုက်ရင်း ဒေါ်မိမိကို ချိုသာစွာ ပြုံးပြလိုက်သည်။

"ကျေးဇူးပဲ အန်တီမိ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

သူကနှုတ်ဆက်ပြီး အန်တီမိအလစ်တွင် နိုဝင့်ကို ဖုန်းဆက်လိုက်မည့်ဟန် လုပ်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုဝင်က ခေါင်းအသာညိတ်၍ ပြုံးပြလိုက်သည်။ အန်တီမိကတော့ နေမင်းခင်၏အကြံအစည်ကို ဖျက်လိုဖျက်ဆီးလုပ်လိုက်ရသည့်အတွက် ကျိတ်၍ဝမ်းသာနေသည်။

"တီချယ်ရယ် ... အားနာလိုက်တာ၊ အမှန်မှာဆို တီချယ် အားလားမအားလား တီချယ်ကပြောရမှာကို ကျွန်မကဝင်ပြောမိသလို ဖြစ်သွားတယ်၊ တီချယ် အားတယ်ဆိုရင်တောင် သင်လို့မဖြစ်ဘူးလေ၊ သူတို့ရုံးက ငါးနာရီခွဲ ခြောက်နာရီလောက်မှဆင်းတာ၊ သူတို့ကုမ္ပဏီက တစ်ရက်ပဲပိတ်တာ၊ ပြီးတော့ တနင်္ဂနွေနေ့ဆို တီချယ်က မိုးလင်းကမိုးချုပ်မအားဘူးလို့ ပြောထားပူးလို့ပါ"

ဒေါ်မိမိက တီချယ် နိုဝင် စိတ်ခုသွားမှာစိုး၍ ရှည ရှည်ဝေးဝေး ရှင်းပြနေပါသည်။

နိုဝင်က ပြုံးပြုံးလေးနှင့် ပြဿနာမရှိကြောင်းပြောပြီး ဖိုးဆွိရှိရာသို့ ခွင်လန်းစွာ ခြေဦးလှည့်လိုက်သည်။ ဒေါ်မိမိထိုနှစ်ယောက်ကို သံသယဝင်မိသည်။ သူမအစန်းထဲဝင်နေတုန်း

သူတို့ ဘာတွေပြောကြသည်မသိ။ နှစ်ယောက်စလုံးပုံကြည့်ရတာ အူမြူးနေပုံရ၏။ မဖြစ်သေးပါ ခော်လေးကို နောက်မကျစေရန် အတွက် ဆော်သြရတော့မည်။

နိုဝင်သည် စိတ်လက်ကြည်သာစွာ ဖိုးဆွိကိုစာရှင်းပြနေသည်။

ဖိုးဆွိသည် တီချယ်နိုဝင်၏ ထိန်းမနိုင်သိမ်းမရ ပျော်နေသော မျက်နှာကို သံသယဖြင့် ကြည့်နေလေသည်။ ဒီပုံအတိုင်းဆို တီချယ်နဲ့ ဦးနေ OK နေပုံရသည်။ ရုတ်ခြည်း လေးလေးစော် မျက်နှာကို ပြေးမြင်ပြီး စိတ်မကောင်း ဖြစ်သွားရသည်။

ဦးနေကို ဘယ်လောက်ခင်ခင် လေးလေးစော်က ဦးလေးတော်သည်မို့ လေးလေးကိုသာ အနိုင်ရစေချင်သည်မှာ အမှန်ပင်ဖြစ်သည်။

လေးလေးမှာ သနားစရာ ဆိုင်အလုပ်တွေ ဘယ်လောက်ရှိရှိ တတ်နိုင်သမျှ စနေ၊ တနင်္ဂနွေဆို သူတို့အိမ်ကို အမောတကော ရောက်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ လေးလေးဇော် မော်လမြိုင်ဆိုင်ခွဲသွား၍ မလာနိုင်ပါ။ ဦးနေရဲ့ခြေလှမ်းတွေကို စောင့်ကြည့်ဖို့လည်း သူ့ကို အကြိမ်ကြိမ်အခါခါ မှာထားခဲ့သေးသည်။

တီချယ်နိုဝင် ပြန်သွားတော့ မာမီက သူ့ကိုလှမ်း ခေါ်လိုက်သည်။ မာမီမျက်နှာကလည်း သိပ်မကြည်ပါ။

"ဟဲ့ ... နင့်တီချယ် မျက်နှာက ဘယ်လိုလဲ၊ အူမြူးနေပုံ ပေါက်တယ် မဟုတ်လား"

"ဟုတ်တယ် မာမီ၊ တစ်ချိန်လုံးကို ပြုံးနေတာ"

"နင့်ဦးလေးခမျာ ဒီတစ်ခါလည်း သွားပြန်ပြီထင်တယ်။ ဒီတစ်ခါတော့ ငါ မခံနိုင်ဘူး ဖိုးဆွေ၊ ရှက်စရာကောင်း လိုက်တာ၊ ကိုယ့်အိမ်မှာလာသင်တဲ့ဆရာမကို တခြားသူက ရအောင်ပိုးနိုင်တယ်ဆိုတာ ဂုဇဝင်ရိုင်းလွန်းအားကြီးတယ်"

"ဟုတ်တယ် မာမီ၊ ဘာပဲဖြစ်ဖြစ် လေးလေးဇော်က စီးပွားရေးကိစ္စတွေ လုံးပမ်းနေရတာဆိုတော့ အချစ်ရေးမှာ သိပ်လာဘ်မမြင်ဘူး"

"အဲမယ် ... လာ,လာသေးတယ်၊ နင်က ဘယ်အရွယ်မို့ ငါနဲ့လိုက်ပြိုင်ပြီး ပြောနေတာလဲ၊ ဒီစကားတွေ နင်ဘယ်က တတ်လဲ၊ ပြောစမ်း ဖိုးဆွေ၊ သွား ... စာသွားကျက်စမ်း"

ဖိုးဆွေသည် ခေါင်းကုတ်၍ သူ့အမေနားမှ ထွက် သွားလေသည်။ ဘာလဲဟ ... အကောင်းနဲ့လည်း ပြောပေးတဲ့ဟာ။ သူတို့ကြားထဲ ဝင်မပါတာပဲ ကောင်းပါတယ်လေ။ နို့မို့ မာမီမြားဦးက သူ့ဘက်လှည့်လာဦးမည်။ ဖိုးဆွေ စာအုပ်တွေကိုယူပြီး စာကြည့်ခန်းထဲ ဝင်သွားလေသည်။

ခေါ်မိမိကတော့ လုံးလုံးမကျေနပ်ပါ။ တကယ်ဆို တော့ တီချယ်နိုဝင်ကို သိပ်သဘောကျလွန်း၍ မဟုတ်ပါ။ ကိုနေနဲ့ ဇော်လေးတို့ပြိုင်ပွဲတွင် ဇော်လေးကို နိုင်စေချင်၍ပဲဖြစ်သည်။

ကြည့်စမ်း ... သူမ တစ်ကိုယ်လုံး အိမ်မှာငုတ်တုတ် ရှိနေတာတောင် သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးကို ဝေးသွားစေ ရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ မဖြစ်ပါဘူး တစ်ခုခုတော့ ကြိစည်မှု ဖြစ်မည်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

က သိပ်မဟုတ်၊ တနင်္ဂနွေနေ့ဆို ဘယ်ကိုမှ ခေါ်လို့မရတတ်ပါ။ အခုလည်း Speaking ဆရာမကို ဟိုမိန်းမကိုငှားမလို့ လုပ်နေကြောင်း သူ့အခေါ်တွေ သတင်းပေးလို့ သိပြီးပြီဖြစ်သည်။

ဒီကိစ္စကို တတ်နိုင်သမျှ ဟန့်တားရမည်ဖြစ်သည်။ ဒီနေ့ metting ရှိသည်။ ကိုနေက လူတစ်မျိုး metting တွင် ဝန်ထမ်းတစ်ယောက်ချင်းစီရဲ့အမြင်ကို တင်ပြရမည်ဟု ဆိုလာသည်။

ပြီးတော့ ထိုတင်ပြဆွေးနွေးမှုနဲ့ ပတ်သက်ပြီးလည်း အလေးအနက် စဉ်းစားပေးသည်။ ဒါကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် အားလုံး၏ ရိုသေလေးစားချစ်ခင်ခြင်းကို ခံရခြင်းဖြစ်သည်။

နွှတ်ခမ်းနီပန်းရောင် gloss လေးကို နေခြည်အိတ်ထဲမှထုတ်၍ ဆိုးလိုက်သည်။ ဒီနေ့ metting မှာ ဆရာငှားမယ့်ကိစ္စ ကောင်းကောင်းကြီးကို တင်ပြရမည်ဖြစ်သည်။ အားလုံးကလည်း သူမအဆိုကို ထောက်ခံကြမည်မှာ အမှန်ပင်ဖြစ်သည်။

နေခြည်သည် အောက်နှုတ်ခမ်းကိုကိုက်၍ ဒေါသတကြီး မှန်ထဲမှ သူမပုံရိပ်ကို စိုက်ကြည့်နေလေသည်။ ဒီလောက် ချောမောလှပ၊ ပညာတတ်၊ မိန်းမပီသတဲ့ မိန်းမကိုများ ကိုနေလျစ်လျူရှုနိုင်ခဲ့တာ ဘာကြောင့်လဲ။ အခုတလော ကိုနေ့အချိုးတွေ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ တစ်ခုတင်ပြချင်ပါတယ်၊ ကျွန်မတို့ရဲ့ MD ဟာ ဝန်ထမ်းတွေရဲ့အကျိုး၊ ကုမ္ပဏီရဲ့အကျိုးကို ရည်မှော်ပြီး speaking သင်တန်း ကုမ္ပဏီမှာသင်ပေးဖို့ အစီအစဉ်ရှိတယ်လို့ ကြားပါတယ်"

နေမင်းခ မျက်မှောင်ကြုတ်လိုက်သည်။ ဒီကိစ္စကို သူ မာမီနဲ့ တိတိတို့နှစ်ယောက်သာ အသိပေးခဲ့ပါသည်။ ဘယ်က ဘယ်လို နေခြည် သိသွားသည်မသိ။ အင်းလေ ... တိတိမာတို့ တိတိနှင်းတို့ လက်ချက်ပဲ ဖြစ်မှာပေါ့။

"ကျွန်မ တင်ပြချင်တာကတော့ ဆရာရွေးတဲ့နေရာမှာ ကျွမ်းကျင်မှု၊ အတွေ့အကြုံပြည့်ဝမှုတွေရှိတဲ့ ဆရာမျိုးကို ပေးစေချင်ပါတယ်။ ဒါကလည်း ကျွန်မတို့ဟာ တကယ်ကို နိုင်ငံခြားသားတွေနဲ့ တွေ့ကြုံဆက်ဆံရတာမို့ သေချာတတ်မြောက်မှ ဖြစ်မှာမို့လို့ပါ"

ကုမ္ပဏီဝန်ထမ်းတွေက တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောကြပြီး လဲ့နေခြည် စကားကို ထောက်ခံကြသည်။

နေခြည် ဘာကိုရည်ရွယ်မှန်း သူ ကောင်းကောင်းသဘောပေါက်လိုက်သည်။

နေခြည့် မျက်ဝန်းတွေက သူ့ကို စိုက်ကြည့်ပြီး တစ်ခုခု ပြောစေချင်ပုံရသည်။ သူ နေရာမှထလိုက်သည်။

"မလဲ့နေခြည် ပြောသွားတာက သိပ်ကိုကောင်းတဲ့ အကြံဉာဏ်ပါ။ ကျွန်တော် လက်ခံပါတယ်။ ကျွန်တော်ကလည်း တကယ် အရည်အချင်းရှိတဲ့ ဆရာကိုပဲ ကုမ္ပဏီဝန်ထမ်းတွေအတွက် ပို့ပေးဖို့ စီစဉ်ထားတာပါ။ လာမယ့်လဆန်း ဝိုင်းမှာ သင်တန်းစ,မှာပါ၊ သင်တန်းကာလကတော့ သုံးလ ဖြစ်ပြီး Monday to Saturady တစ်နေ့ကိုတစ်နာရီနဲ့ သင်ကြားရမှာပါ"

သူ့စကားဆုံးသွားချိန်တွင် ဝန်ထမ်းတစ်ယောက်က ထ၍ ...

"MD ရှင့်၊ ဒီသင်တန်းအတွက် ကျွန်မတို့ရဲ့လစာထဲက ဘယ်လောက်များ ဖြတ်မလဲဆိုတာ သိပါရစေရှင့်"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လောက်မှ မဖြတ်ပါဘူး၊ စာအုပ်စာတမ်းကြေးသာ ကျခံရမှာပါ"

ဝန်ထမ်းတွေအားလုံး ပြုံးသွားကြသည်။ နေခြည်လည်း ဇဝေဇဝေဖြစ်သွားသည်။ သူ့ပုံစံက တည်တည်ကြည်ကြည်နှင့် အားလုံးကို သေချာစီစဉ်ပြီးပုံရသည်။

ရတယ်လေ ... ဟိုမိန်းမကို သင်ခိုင်းလျှင်တော့ နေခြည် ပညာပြရမည်ပေါ့။ အဲဒီအခါမှ ထိုမိန်းမ လူတွေရှေ့မှာ ကောင်းကောင်း အရှက်ကွဲသွားမည်ဖြစ်သည်။ အစကတည်းက အတွေ့အကြုံရှိတဲ့ ဆရာနဲ့သင်ဖို့ လူအများ ရှေ့မှာ အကြံပေးပြီးသား မဟုတ်လား။

metting ပြီးတော့ နေမင်းခ metting room ထဲက နေ အရင်ထွက်လာခဲ့သည်။ နေခြည်က သူ့ကိုမီအောင် အပြေးလေး လိုက်လာသည်။

"ကိုနေ ... ဟိုမိန်းမကိုငှားဖို့ သေချာစီစဉ်ထားတာပေါ့ ဟုတ်လား"

နေခြည်ကို သူ ငဲ့ကြည့်ပြီး ဘာမှမဖြေဘဲ သူ့ရုံးခန်းထဲသို့ လှမ်းဝင်လိုက်သည်။ နေခြည်ကလည်း နောက်မှထက်ကြပ်မကွာ လိုက်လာလေသည်။ ဆုံလည်ကုလားထိုင်ပေါ်တွင် သူထိုင်လိုက်ရင်း သူ့ရှေ့ခုံတွင်ထိုင်နေသော နေခြည်ကို တစ်ချက်ကြည့်လိုက်သည်။

"ဒီမှာ ဒေါ်လဲ့နေခြည်၊ ကျွန်တော်က ဒီကုမ္ပဏီရဲ့ MD ဆိုတာ ဘယ်တော့မှ မမေ့ဖါနဲ့။ ကုမ္ပဏီရဲ့အကျိုးနဲ့ ကိုယ်ကျိုးနဲ့ ရောထွေးတတ်တဲ့ လူစားမျိုးထဲမှာ ကျွန်တော် မပါဘူး။ ကျွန်တော် ဘယ်သူ့ကိုပဲငှားငှား ဒေါ်လဲ့နေခြည်ကို မထိခိုက်ဘူးလို့ ထင်ပါတယ်"

"ကိုနေ ... နေခြည်ကို စိတ်ဆိုးသွားတာလား။ တကယ်ပါ နေခြည် ကိုနေ့ကို ဆန့်ကျင်တာ မဟုတ်ပါဘူး။ အခုဟာက ..."

နေခြည် စကားမဆုံးသေးသူက အရေးမလုပ်ဟန်ဖြင့် ဟန်ဖုန်းကိုနှိပ်၍ စကားပြောပြီး ရုံးခန်းအပြင်ဘက်သို့ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မုန်းသည်။ နေခြည် ထိုမိန်းမကို တော်တော်မုန်းသည်။ သူမကို ဘယ်တုန်းကမှ ကိုနေ ဒီလိုမဆက်ဆံခဲ့။ နေခြည်သည် အံကိုတင်းတင်းကြိတ်ထားမိသည်။

✦○✦

ဝေနှစ်စာ၊ အကြည်ပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

"တီချယ်နိုင်နဲ့ ပြောချင်လို့ပါ"

နိုင် မျက်မှောင်ကြုတ်လိုက်သည်။ ဒီအသံကို သူမ ရင်းရင်းနှီးနှီးကို သိသလိုပင်။

"ဟုတ်ကဲ့ပါ ပြောနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"တီချယ် ... ကျွန်တော် ဇော်လေးညိုပါ"

နိုဝင် အံ့အားသင့်သွားသည်။ ဖုန်းဆက်မယ်လို့ ပြောတာက နေမင်းခ။ ဖုန်းတကယ်ဆက်တဲ့သူက ဇော်လေးညို ဖြစ်နေသည်။

"ပြော ကိုဇော်လေးညို၊ ဘာဖြစ်လို့လဲ ဖိုးဆွေ နေမကောင်းလို့လား"

"မဟုတ်ပါဘူး တီချယ်။ ကျွန်တော် အခု မော်လမြိုင်က ဆက်နေတာပါ။ တီချယ့်ကို သတိရလို့လေ"

နိုဝင် ပြုံးလိုက်သည်။ အခုတလော ငါ တယ်ကံကောင်းနေပါလား။ ဟိုလူက ဖုန်းဆက်၊ ဒီလူကဖုန်းဆက်နှင့် ဗေဒင်ဆရာပြောတာ မှန်တော့မည်ထင်သည်။

"တီချယ် ဖုန်းမချလိုက်ပါနဲ့နော်၊ ကျွန်တော် တကယ်ပြောတာပါ။ ပြီးတော့လေ ကျွန်တော့်ကို ကိုဇော်လေးညိုလို့ မခေါ်ပါနဲ့လဲ"

"ဘယ်လိုခေါ်ရမှာလဲ ဒါဆို"

နိုဝင်က ဇော်လေးညိုကို စ,ချင်စိတ်ဖြင့် ပြောလိုက်သည်။

"ညို ... လို့ ခေါ်လေ"

လာတယ်ဟ ကောင်လေးကဟု နိုဝင် တွေးလိုက်မိသည်။ သူက ညိုဆိုတော့လည်း ညိုပေါ့၊ ဟိုတစ်ခါ "မောင်"ဆိုတာထက်တော့ သာပါသေးသည်။

"ညိုဆိုတာကြီးက မိန်းမနာမည်ကြီး"

နိုဝင်က နှာခေါင်းရှုံ့ပြီ ပြောလိုက်သည်။

"ဒါပေမဲ့ ဘယ်သူခေါ်တာနဲ့မှ မတူဘူးလေ၊ ကျွန်တော် ရှေ့အပတ်ထဲ ပြန်လာမယ်၊ မေ့အတွက် ဘာဝယ်ခဲ့ရမလဲ"

လာပြန်ပြီ "မေ"။ ဒီနာမည်ကို ယောကျ်ားလေးတွေ တော်တော်သဘောကျပုံရသည်။

နိုဝင်သည် ခွင်ဝင်လာပြီဟူသော အသိဖြင့် ပါးစပ်ထဲတွေ့ကရာအသီးမျိုးစုံတို့ကို ကရားရေလွှတ် ပြောနေမိသည်။ ဇော်လေးညိုကလည်း မဇေပါ။ သူမအမှာများကို အစကနေအဆုံး တစ်စုံမကျန် ပြန်ရွတ်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မေမေခေါ်သံကြောင့် နိုဝင်သည် လျှော်ပြီးခါစဆဲပင်တို့ကို တဘက်ဖြင့် ဖြစ်သလိုပေါင်းလိုက်ရင်း အပြေးလေးဖုန်းရှိရာ သွားလိုက်သည်။

"ဟဲလို"

နိုဝင်က ဖုန်းထူးလိုက်ရင်း လျော့ကျလာသော တဘက်ကို လက်တစ်ဖက်ဖြင့် ထိန်းထားလိုက်သည်။

"မေလားဟင်၊ ကျွန်တော် နေမင်းခပါ"

လာပြန်ပြီတစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် တစ်မေတည်း မေနေတော့သည်။

"ကိုနေမင်းခ ဘာကိစ္စလဲ ပြော"

"ဟို ... ကျွန်တော်လေ မေနဲ့ မိတ်ဆွေဖြစ်ချင်လို့ပါ"

"မိတ်ဆွေလား၊ တို့မိတ်ဆွေဖြစ်ချင်ရင် အရည်အချင်းရှိမှ ဖြစ်မှာ"

"ဘယ်လိုအရည်အချင်းမျိုးလဲ မေ၊ တစ်ခုတော့ ပြောပါ ရစေ၊ ကျွန်တော့်ကို ကိုနေမင်းခလို့ မခေါ်ပါနဲ့"

"မက်မန်းသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ပိန္နဲသီး၊ ကြက်မောက်သီး၊ ကမ္မလာသီး၊ ပန်းသီး ... အမယ်လေး မောလိုက်တာ၊ ပြီးတော့ ဆီးသီး ဟုတ်တယ်နော်"

"ဟုတ်တယ်၊ နိုဝင် မှာတာတွေ အကုန်ဝယ်လာခဲ့ရမယ် နော်"

"ဟုတ်ကဲ့ ... ဒါဆို ဒါပဲနော် မေ"

သူ ဖုန်းချသွားပြီ။ နိုဝင် ပြုံးလိုက်သည်။ ဒီအသီးပေါင်းမျိုးစုံကို သူ ဘယ်လိုရှာဝယ်လာမည်မသိ။ မေနိုဝင်ရဲ့ချစ်သူဖြစ်လာမည့် ဆူသည် သူတကာထက် ခွဲရှိရမည်မှာ အမှန်ပင်ဖြစ်သည်။ နိုဝင် အလိုလို အူမြူးနေသည်။ ဘာပဲဖြစ်ဖြစ် နေမင်းခနှင့် ဇော်လေးညိုတို့သည် သူမရဲ့အထီးကျန်ဆန်သော နေ့ရက်များကို တက်ကြွလန်းဆန်းလာအောင် ပြန်လည်အသက်သွင်းပေးသူများ ဖြစ်ကြသည်။

"နိုဝင်ရေ ... ဖုန်း"

www.burmeseclassic.com

www.burmeseclassic.com

လာပြန်ပြီ၊ ဒီတစ်ခါတော့ ကိုယ်ကအရင်စ,ပြီး ကိုယ်ခေါ်ချင်တဲ့နာမည် ခေါ်လိုက်မှဖြစ်မည်။

"ကောင်းပြီလေ၊ ခခလို့ ခေါ်မယ် ... ဘယ်လိုလဲ"

"ခခ ... ဟုတ်လား"

နေမင်းခက သူမပေးတဲ့နာမည်ကို ရယ်ချင်သွား မိသည်။

"မေကြိုက်ရင် ခေါ်လေ၊ ကျွန်တော် ဒီဖုန်းနံပါတ် ဘယ်လို ရလဲ မေ မမေးတော့ဘူးလား"

"မလိုပါဘူး၊ ဒီဖုန်းနံပါတ်ရစရာနေရာ တစ်နေရာပဲရှိတဲ့ ဟာကို"

နိုဝင် ပြောနေရင်းမှ လူကချမ်းစိမ့်စိမ့် ဖြစ်လာသည် ရေရှိုးတာ့ကြောသွားပြီး ခေါင်းကလည်း လျော့ထားတော့ နာ လည်း ချေချင်လာသည်။ ဒီကောင်လေးက စကားကိုအမျှင်မပြတ် ကို ပြောနေတော့သည်။ ပြောသမျှကို ထိုင်နားထောင်နေပြန် လည်း အအေးပတ်၍ သေလိမ့်မည်။

"ခခကို တစ်ခုမေးမယ် ပဟောင်ဖွက်မယ်။ ခခ မှန်အောင် ဖြေနိုင်မှ ဖုန်းပြန်ဆက်၊ မဖြေနိုင်မချင်း ဖုန်းမဆက်နဲ့၊ ဘယ်လိုလဲ"

"ကောင်းပြီလေ၊ ကျွန်တော်လည်း ဝါသနာပါတယ်"

"ဒီလို ခခရဲ့၊ ရွာတစ်ရွာမှာ အဘွားကြီးတစ်ယောက်ရှိ တယ်၊ အဲဒီအဘွားကြီးက မွေးကတည်းက ဒီနေ့အထိ မုသားမပြောဘူး။ သူများပစ္စည်းကိုလည်း မခိုးဘူးတဲ့၊ သူ့ကို ဘယ်လောက်စိတ်ဆိုး ဒေါသထွက်အောင်လုပ်လုပ် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲတဲ့၊ ဒါပေမဲ့ ရွာ ထဲမှာရှိတဲ့ ရွာသားတွေကတော့ အဲဒီအဘွားကြီးရဲ့ရိုးသားမှု ကို တစ်ခါမှ အသိအမှတ်မပြုကြဘူးတဲ့၊ အဲဒါဘာဖြစ်လို့ လဲ၊ စဉ်းစားလိုက်ဦးနော်၊ ဖုန်းချလိုက်ပြီ"

နိုဝင်သည် သူ ဘာမှမပြောနိုင်ခင် ဖုန်းချပြီး အိပ် ခန်းထဲ ကပျာကရာပြေးဝင်သွားသည်။ ဆံပင်လေမှုတ်ရင် dryer ကို အသည်းအသန်ရှာပြီး ဆံပင်တွေကို မြန်မြန်ခြောက်အောင် လုပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် နာရီဝက်သာသာလောက်တွင် နေမင်းခ ဆီမှ ဖုန်းလာပြန်ပါသည်။

မေမေက နိဝင်္ဂကို သက်မကင်းဟန်ဖြင့်ကြည့်ပြီး သတင်းစာဖတ်နေသော ဖေဖေ့ဘက်လှည့်ကာ...

"အဖေကြီး ... တော့်သမီးတော့ ဟန်းဖုန်းလိုပြီထင်တယ်၊ ဖုန်းပြောရမှာ သေအောင်ကြောက်တဲ့မိန်းမက ကျူရှင်က ပြန်လာပြီဆိုတာနဲ့ ပြောလိုက်ရတဲ့ဖုန်း"

"သူ လိုချင်တယ်ဆိုရင် ဝယ်ပေးလိုက်ပေါ့ကွာ မင်းကလည်း၊ သမီးလည်း ကလေးမှမဟုတ်တာ၊ နေရာတကာလိုက်ပြော မနေစမ်းပါနဲ့"

"အဲမယ် ... ပြောလွန်းအားကြီးလို့ ဒီပုံပေါက်နေတာ၊ တော့်သမီးများ ဘာမှမပြောဘဲ ထားကြည့်ပါလား၊ အရှုံလောက်ဆို လောက်တက်နေပြီ"

နိဝင်္ဂက မေမေတို့ပြောနေတာတွေကို မကြားလေ ဟန်ဖြင့် နေမင်းခ အဖြေကို နားစွင့်နေပါသည်။

"ကျွန်တော် ဖြေပြီနော် မေ၊ အဲဒီအဘွားကြီးက ဆွဲ့အနားမကြား ဖြစ်နေတာလေ၊ ဟုတ်တယ် မဟုတ်လား၊ တကယ်တော့ မေ မေးကတည်းက အဖြေကို ကျွန်တော် သိတယ်၊ မေ့ကို မလေးစားသလို ဖြစ်မှာစိုးလို့ နာရီဝက် လောက်နေမှ ဖုန်းဆက်လိုက်တာ"

နိဝင်္ဂက သူ့ကို နောက်ထပ်မေးခွန်းတစ်ခုမေးဖို့ အသည်းအသန် စဉ်းစားလို့နေသည်။

"ခခအဖြေ မှန်ပါတယ်၊ ဒါပေမဲ့ နောက်တစ်ခု ထပ်မေးမယ်၊ မှန်အောင်ဖြေရမယ်နော်"

"ဟုတ်ကဲ့ ... ကျွန်တော် ဖြေနိုင်မှာပါ မေ"

အဲမယ် ... တော်တော်လာတဲ့ နေမင်းခ၊ တွေ့ကြေးတာပေါ့ ဒီတစ်ခါ ဖြေနိုင်မလားဆိုတာ။

"ဒီလို ခခ၊ ရွာတစ်ရွာမှာ မောင်သူရဆိုတဲ့ ကောင်လေး တစ်ယောက်ရှိတယ်။ သူ့ဘိုးဘေးဘီဘင်ကတည်းက အမွေပစ္စည်းသုံးခု သူ့မှာရှိတယ်။ အဲဒါကတော့ ရွှေလင်ပန်းတစ်

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားတာက ရွှေလင်ပန်းနဲ့ ငွေလင်ပန်းပဲ၊ ရွှေလင်ပန်းကိုတီးရင် ငွေလင်ပန်းအစွမ်းပျောက်ပြီး၊ ငွေလင်ပန်းကိုတီးရင် ရွှေလင်ပန်းအစွမ်းပျောက်တယ်၊ ကြေးလင်ပန်းတီးရင်တော့ ပထမတီးတဲ့လင်ပန်းရဲ့ အစွမ်းကမပျောက်ဘူးတဲ့"

"အဲဒါက ဘယ်လိုမျိုးလဲ ကျွန်တော် မရှင်းဘူး"

"ဒီလိုလေ ... ရွှေလင်ပန်းကိုတီးလိုက်တယ် မဟုတ်လား၊ ရွှေလင်ပန်းက မြစ်ချောင်းတွေကို ကူးနိုင်တယ်လေ၊ ဒုတိယလင်ပန်းကို ဆက်တီးလိုက်ရင် ပထမရွှေလင်ပန်းအစွမ်းပျောက်သွားပြီး ငွေလင်ပန်းရဲ့အစွမ်းဖြစ်တဲ့ တောတောင်တွေကိုပဲ ဖြတ်ကျော်နိုင်တော့မယ်"

"ဟုတ်ကဲ့ ... သဘောပေါက်ပြီ၊ ဆက်ပြောပါ"

"တစ်နေ့တော့ မောင်သူရက စဉ်းစားတယ်တဲ့၊ သူလက်လှမ်းမီသမျှ သူ့ဘိုးဘွားအဖေအမေတွေက ဒီလင်ပန်းသုံးချပ်အစွမ်းကို အသုံးမချတတ်လို့ ဘယ်သူမှ အသုံးမပြုခဲ့

ချပ်ရယ်၊ ငွေလင်ပန်းတစ်ချပ်ရယ်နဲ့ ကြေးလင်ပန်းတစ်ချပ်ရယ်ပေါ့ ...

အဲဒီလင်ပန်းတွေမှာ မှော်စွမ်းအားတွေရှိတယ်။ ရွှေလင်ပန်းကို တစ်ချက်တီးလိုက်ရင် မြစ်ချောင်းအင်းအိုင်ကို လွှား၊ သဘော်မလိုဘဲ ကူးသွားနိုင်တယ် ...

ငွေလင်ပန်းကို တစ်ချက်တီးလိုက်ရင် တောတောင်လှိုချောင်တွေကို အတားအဆီးမရှိ ဖြတ်ကျော်နိုင်ပြီး ...

ကြေးလင်ပန်းကို တစ်ချက်တီးလိုက်ရင်တော့ တစ်လကိုးသီတင်း အစာအဟာရမစားဘဲ နေနိုင်တယ်တဲ့၊ ဒါပေမဲ့ လင်ပန်းကို တစ်ချက်တီးချင်ရင် နောက်နှစ်ချက်ကိုပါတီးရမယ် ...

ဆိုလိုတာကတော့ လင်ပန်းတစ်ချပ်ကိုပဲ ရွေးတီးလို့ မရဘူးပေါ့၊ လင်ပန်းတစ်ချက်တီးပြီး နောက်တစ်ချက်ကို တီးတဲ့အခါကျပြန်တော့လည်း ပထမလင်ပန်းကို တီးတဲ့ အစွမ်း ပျောက်သွားတယ်တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တုန်းကတည်းက နောက်မှာရောက်နေမှန်းမသိသော မေမေက နိဝင့်ကို မေးလိုက်သည်။

"story မဟုတ်ပါဘူးမေမေရဲ့၊ made-up puzzle လေးဖွက်လိုက်တာပါ"

"လူနားလည်အောင် ပြောစမ်းပါဟဲ့"

သိချင်စိတ်များနေသော မေမေ့ကို စ,ချင်ဟန်ဖြင့် နိဝင်သည် ဘာမှမပြောဘဲ အိပ်ခန်းထဲဝင်သွားတာမို့ မေမေ ဒေါသတွေတစ်လှေကြီးထွက်လို့ ကျန်ခဲ့ပါသည်။

ဟုတ်ပါသည်။ ဒီအတိုင်းဆိုလျှင် ဟန်းဖုန်းတစ်လုံးတော့ လိုအပ်လာပါပြီ။

ဒါမှ ဖုန်းတစ်ခါပြောတိုင်း စိတ်ဝင်တစား လာလာနားထောင်တတ်သော မေမေ့ရန်မှ လွတ်မည်ဖြစ်သည်။

တစ်သက်လုံးက ဘာပဲဖြစ်ဖြစ် မေမေ့ကို ပြန်ပြောတတ်သော အကျင့်က အခုတော့ အနည်းငယ်ပျက်စ,ပြုနေပါသည်။ အသိပေးလို့လည်း ဘယ်ဖြစ်ပါ့မလဲ။ နိဝင့်မှာ ဖုန်းပြောနေရတဲ့

ကြဘူးတဲ့၊ တစ်နေ့တော့ သူဟာ ကျော်ကြားတဲ့လူတစ်ယောက် ဖြစ်သွားတယ်၊ မေးခွန်းကတော့ သူဟာဘာအလုပ်နဲ့ ကျော်ကြားတာလဲ၊ ပြီးတော့ သူက အဲဒီလင်ပန်းသုံးချပ်ကို ဘယ်လိုနေရာမျိုးမှာ ဘယ်လိုတီးတာလဲ ဆိုတာပဲ"

ညစ်ပြီ။ နေမင်းခ သဘောကျစွာ ပြုံးလိုက်သည်။ ဒီလို ပဟေဠိမျိုး တစ်ခါမှ မကြားဖူးပါ။ သူမ ပဟေဠိကို နားထောင်ရတာနှင့်ပင် ခေါင်းနောက်သွားသည်။ ဘာပဲဖြစ်ဖြစ်ရအောင်တော့ ဖြေရမည်ပေါ့။

"ဘယ်လိုလဲ ခခ၊ ငြိမ်လှချည်လား၊ ခေါင်းသိပ်စားသွားလား၊ ဒါပဲနော် ဖုန်းချလိုက်ပြီ၊ အဖြေရမှ ဖုန်းဆက်နော်"

နိဝင်သည် ဖုန်းကိုချ၍ ပြုံးလိုက်သည်။ ရုတ်တရက် မဟုတ်မဟတ်တွေ ထွက်လာသောဉာဏ်ကိုလည်း ကျေးဇူးတင်မိသည်။

"ဟဲ့ ... နိဝင်၊ ဘာတွေပြောနေတာလဲ၊ ပုံပြောပြနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်နေရင်းမှ သိလိုက်ရတာက "မေ"သည် ဧင်မင်ရင်းနှီးဖို့ကောင်းသူ ဖြစ်သလို ဉာဏ်ရည်ထက်မြက်သော သူတစ်ယောက် ဖြစ်သည်ဆိုတာကိုပင်ဖြစ်သည်။ သူမ မေးခွန်းကို သူ့မှာ တော်တော်ကို စဉ်းစားလိုက်ရသည်။

သူက လူတစ်ယောက်တည်းနဲ့မဟုတ်ဘဲ လူနှစ်ယောက်ဖြစ်နေတာကိုး။ နိဝင်တစ်ယောက်တည်း တိုးတိုးလေး နာမည်နှစ်ခုကို ရွတ်မိသည်။ "ညို" ... "ဧဧ" ဆေါ်လို့ကောင်းလိုက်သည်ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို ... မေလားဟင်"

"ဟုတ်ပါ့ ... ညိုလား၊ ဒါမှမဟုတ် ခခလားဟင်"

နိုဝင်သည် နေမင်းခ အသံမှန်းသိသိနှင့် ကလိလိုက်လေသည်။

"ညို ... ဟုတ်လား၊ ညိုဆိုတာ ဇော်လေးညိုကို ပြောတာလား"

"ခခလား ... ဘယ်လိုလဲ အဖြေရပြီလား"

"အဖြေခဏနေပါဦး မေ၊ ဟိုကောင့်ကို ဘာလို့ ညိုလို့ခေါ်ရတာလဲ"

"ခခ လိုပဲလေ၊ သူက သူ့ကို ဇော်လေးညိုလို့ မခေါ်ပါနဲ့ဆိုလို့"

"နေပါဦး ... ဘာလို့ ခခ ဒီလောက်တောင် ဒေါသတွေထွက်နေရတာလဲ"

နိုဝင်က သူ့ဒေါသကို ဆွေးလိုက်သည်။

"မေ့အနားမှာ ကျွန်တော်ကလွဲပြီး ဘယ်သူ့ကိုမှ ရှိမနေစေချင်ဘူး"

"ဒါ ခခ အတွက်ကြီးတာပဲ၊ ခခကျတော့ရော နေခြည်နှာမှာ တစ်နေ့လုံး ရှိနေတာပဲ၊ ညိုက တို့ဆီ ဖုန်းလောက်ပဲဆက်လို့ရတာပါ"

"ဟာ ... မေ၊ ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ နေခြည်နဲ့ ကျွန်တော်က ဟိုးတက္ကသိုလ်တက်ကတည်းက သူငယ်ချင်းတွေပါ၊ သူ့ကို ကျွန်တော် တစ်ခါမှ propose မလုပ်ဖူးပါဘူး၊ တကယ်ပါ ကျွန်တော် မညာပါဘူး၊ မေ ယုံပါ"

"ဘာဖြစ်လို့ အဲဒီလောက် ပျာပျာသလဲ ရှင်းပြနေရတာလဲ"

နိုဝင် ရင်ထဲကအလုံးကြီး ကျသွားသည်။

"ကျွန်တော်လေ ... ကျွန်တော် ..."

သူ ဘာစကားပြောတော့မည်ဆိုတာ နိုဝင် သိသိနှင့် စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။

"ပြောပါဦး ... အဖြေက ဘာလဲ"

နေမင်းခသည် သူ့ရဲ့တုံ့နေးမှုအတွက် သူ့ကိုယ်သူ အားမရဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ပထမမေးခွန်းရဲ့ အဖြေကတော့ သူဟာ ကျော်ကြားတဲ့ စစ်သူကြီး ဖြစ်သွားတယ်၊ ဟုတ်တယ် မဟုတ်လား"

"May be"

"သူ ဘယ်လိုလုပ်လဲဆိုတော့ စစ်တိုက်ထွက်တဲ့အခါ မြစ်ချောင်းတွေကို ကျော်ဖြတ်ရတော့မယ်ဆိုရင် ငွေလင်ပန်းကိုတီး၊ ပြီးရင် ရွှေလင်ပန်းကိုတီးပြီးမှ ကြေးလင်ပန်းကိုတီးတယ်၊ တောတောင်လှိုဏ်ခြောင်တွေကို ဖြတ်ရမယ်ဆိုရင် ရွှေလင်ပန်းကိုတီး၊ ပြီးရင် ငွေလင်ပန်းကိုတီးပြီးမှ ကြေးလင်ပန်းကိုတီးတယ်၊ ဟုတ်တယ် မဟုတ်လား"

"Excellent ခခရယ်၊ မေတောင် အဖြေကိုမစဉ်းစားထားဘူး၊ ခခပြောတော့လည်း ဟုတ်နေတာပဲ"

"ဟင် ... ဒါဆို အဲဒီမေးခွန်းရဲ့အဖြေမှန်ကို မေ မသိဘူးပေါ့"

"သိစရာလား၊ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောတာကိုး၊ ဟင်း ဟင်း"

နိဝင်းက ပြောပြီးရယ်တော့ သူပါလိုက်ရယ်မောမိသည်။

"မေ ... ကျွန်တော် မေ့ကို စိတ်မချဘူး၊ ဖိုးဆွိတို့အိမ်မှာ စာသင်တာကိုလေ၊ အန်တီမိကလည်း ကျွန်တော့်ကိုသိပ်ကြည်တာ မဟုတ်ဘူး၊ ဇော်လေးညိုရဲ့ခြေလှမ်းတွေကိုလည်း ကျွန်တော် မကြိုက်ဘူး"

"ဘာဖြစ်နေတာလဲ ခခရယ်၊ မေက ခခတို့နှစ်ယောက်စလုံးကို ကိုယ့်မောင်လေးတွေလို ခင်ပါတယ်၊ မေ့မှာက မောင်လေးမရှိဘူး မဟုတ်လား"

"အဲဒီထက် မပိုဘူးလား မေရယ်"

သူ့အသံက မချင့်မရဲ ဖြစ်နေပုံပေါက်သည်။ နိဝင်းသည် ဖုန်းချလိုက်ဖို့ အချိန်တန်ပြီဟု သဘောပိုက်ကာ စကားစကို ဖြတ်လို့ ဖုန်းချလိုက်ပါသည်။

နိဝင်းအကြည့်က စားပွဲပေါ်ရောက်သွားသည်။

စားပွဲပေါ်က ပါကင်ထုတ်လေးက ပွင့်လျက်သား။ အထဲမှာ ခရမ်းရောင်ဂါဝန်လှလှလေး၏ price-tag ကတော့

www.burmeseclassic.com

www.burmeseclassic.com

ဘတ်တစ်ထောင်ဟု ဆိုသည်။ ထိုဂါဝန်လေးကို ညိုက သူမကို အတင်းအကျပ်ကို လက်ဆောင်ပေးခဲ့ပါသည်။ မယူပါဘူးလို့ ငြင်းလို့လည်းမရ။

အန်တီမိရော၊ ဖိုးဆွိရောက အလိုတူအလိုပါ၊ ကြာတော့ နိုင် စိတ်ညစ်လာသည်။ တမင်ညစ်၍မှာသော အသီးမျိုးစုံကိုလည်း ကတ်ထူဘူးနဲ့ထည့်ပြီး အိမ်အထိလာပို့တာမို့ နိုင် အားနာသွားသည်။ မေမေကတော့ အသီးမျိုးစုံကို မျက်လုံးကြီးပြူးပြီး ကြည့်နေလေသည်။

"ဒါတွေ ဘာလုပ်ဖို့လဲ မိနိုင်၊ သစ်သီးဆိုင် ဖွင့်မလို့လား၊ ငါ့နယ် တစ်သက်နဲ့တစ်ကိုယ် ဒီလောက်စုံတဲ့ အသီးတွေ တစ်နေရာတည်းမှာ မမြင်ဖူးပါဘူး၊ ဒါနဲ့ နေပါဦး ... ဒါတွေလာပို့ပေးတဲ့ ကောင်လေးက ဘယ်သူလဲ၊ ညည်းထက် ငယ်တယ်နော်၊ မဖြစ်ဘူး ... ယောကျ်ားလေးက ကိုယ့်ထက် အနည်းဆုံး ငါးနှစ်လောက် ကြီးထားမှ"

"သမီးထက် ငါးနှစ်ကြီးရင် အဘိုးကြီးဖြစ်နေမှာပေါ့ မေမေရဲ့၊ တော်ကြာ လက်ထပ်တဲ့နေ့နဲ့ သေတဲ့နေ့နဲ့ တစ်ထပ်တည်း ဖြစ်နေမှခက်မယ်"

"အဲဒီကောင်လေးက ညည်းကို တကယ်ကြိုက်တာ ဟုတ်ချင်မှ ဟုတ်မှာ၊ ဒီလောက်ချောပြီး ငယ်နေတာ၊ ယူဖြစ်ရင်တောင် နောက်ကွယ်မှာ ရှုပ်မှာပဲ"

"မေမေကလည်း မဟုတ်က ဟုတ်ကတွေ ပြောနေပြန်ပါတ်ဦ"

✦○✦

www.burmeseclassic.com

www.burmeseclassic.com

နေနေက ဆရာတွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူမတို့နှစ်ယောက်ကို သိပ်ကြည်ပုံမရပေ။ နေခြည်ကိုလည်း မှန်တန်းပဲ ဆက်ဆံသည်ဟုဆိုသည်။ နေနေ့မျက်နှာညိုလျှင် မနေတတ်သော သူမတို့နှစ်ယောက်သည် နေနေစိတ်ချမ်းသာစေဖို့ ဘာမှမကြိုးစားဘဲ ငုတ်တုတ်ထိုင်ကြည့်နေရမလို ဖြစ်နေသည်။

"နှင်းဝေ ... လက်မလျှော့ပါနဲ့ဟာ၊ အခု သူစိတ်ချမ်းသာနေတယ်ဆိုတာ ခဏပါ၊ ရေရှည်စိတ်ချမ်းသာဖို့က လိုတာမဟုတ်လား"

"ဘာပဲဖြစ်ဖြစ် မမမာရယ်၊ နှင်းဝေတော့ ဝင်မပါချင်တော့ဘူး၊ သူတို့နှစ်ယောက်ဖူးစာက မှန်တယ်ဆို တစ်သက်လုံးက နေနေ့ကိုထိန်းကျောင်းချစ်ခင်လာတဲ့ ကျွန်မတို့တွေ နေနေရဲ့ရန်သူ ဖြစ်သွားတော့မှာပေါ့၊ နှင်းဝေတော့ အဲဒီလို အဖြစ်မခံနိုင်ဘူး"

"ဖြစ်မှဖြစ်ရလေဟယ်၊ ဒီအဆင်နဲ့ဒီအဆင် ဖူးစာဖက်ဖြစ်စရာလား၊ ငါ့တူလေးက ချောချောသန့်သန့်ခန့်ခန့်လေး၊ ဟိုမိန်းမက ဟိုင်းနေပြီ"

၂၉

တီတီမာနှင့် တီတီနှင်းတို့သည် ညဘက်ဆို ဝရန်တာထွက်ထွက်ပြီး စကားပြော၊ ရယ်မောနေသော နေနေ့ကို မသက်သာဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။ သူမတို့နှစ်ယောက် မယောင်မလည်နှင့် နေနေ့နားသို့သွားတိုင်း ဖုန်းချလိုက်တာ သူ မဟုတ်တာလုပ်နေ၍ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးက ကိုယ်ဖြစ်ချင်သလို ဖြစ်လို့ရတာမှ မဟုတ်တာ၊ ကိုယ်ဖြစ်ချင်သလို ဖြစ်လို့ရလို့တော့ သူမတို့နှစ်ယောက် စလုံး အပျိုကြီးများ ဖြစ်ကြမည်မဟုတ်ပါ။

✦ ○ ✦

"မမမာကလည်း အဲဒီလောက် မဟုတ်ပါဘူး၊ နေနေလည်း မျက်လုံးပါတာပဲ၊ ကြည့်တတ်မှာပါ"

"တော်စမ်းပါဟာ၊ နင်က မတော်ရသေးတဲ့တူမကိုထိလို့ နာနေတာလား"

"မမမာကသာ ခါးခါးသီးသီး ဖြစ်နေတာ၊ ဟိုဘက်အိမ်က မမိကတော့ သူ့မောင်နဲ့ အဲဒီဆရာမနဲ့ကို အတင်းကိုလှော်ပေးနေတာ၊ ဒါကြောင့် တနင်္ဂနွေနေ့ဆို နေနေ နေလို့ထိုင်လို့မရတာပေါ့၊ စနေနေ့လည်း စာသင်ချိန်ဆို အိမ်ကိုပြန်လာတတ်တာ မမမာ အမြင်ပဲ"

"အဲဒါဘာဖြစ်လဲ နှင်းဝေရဲ့၊ ဇော်လေးညိုနဲ့ ငြိသွားလည်း နေနေ ကံကောင်းတာပေါ့၊ ဟိုကောင်မလေး နေခြည်ကလည်း အဖြစ်ကိုမရှိပါဘူး၊ ကိုယ့်လက်ထဲရောက်ပြီးသားကို လွတ်မထွက်သွားအောင် မလုပ်တတ်ဘူး"

ဒေါ်နှင်းဝေခင်သည် အစ်မဖြစ်သူကို စိတ်ပျက်စွာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၃၀

မနက်ဖြန် ဒီဇင်ဘာ(၃၁)ရက်၊ ၂၀၁၁-ခုနှစ်မှ ၂၀၁၂ခုနှစ်သို့ ကူးပြောင်းတော့မည်ဖြစ်သည်။ တိုက်ဆိုင်စွာပင် ညိုနှင့် နေနေတို့က နိုဝင်နှင့် အပြင်မှာ တစ်ခုခုသွားစားဖို့ ကမ်းလှမ်းလာသည်။ နဂိုကမှ ညစ်တတ်သော နိုဝင်သည် သူတို့နှစ်ယောက်၏ခွဲသတ္တိကို စမ်းကြည့်ရန် ကြံစည်နေမိသည်။

"နံပါတ်(၁) ကားမယူလာရဘူး၊ နံပါတ်(၂)အဝတ်အစားကို အကောင်းစားကြီး ဝတ်မလာရဘူး၊ ရုပ်အင်္ကျီအဖြူနဲ့ ပုဆိုးလောက်ပဲ ဝတ်လာခဲ့ရယ်။ နံပါတ်(၃) မေစားချင်သွားချင်တဲ့နေရာတွေကို မညည်းမညူ လိုက်ပို့ပေးရမယ်"

နိုဝင်ရဲ့ ကန့်သတ်ချက်များသည် ကိန်းကြီးခန်းကြီး နိုင်လှသော သူတို့နှစ်ယောက်အတွက် ကျောချမ်းစရာဖြစ်ကောင်းဖြစ်ပါမည်။

"အရေးအကြီးဆုံးကတော့ ဒဲချိန်တိကျဖို့ပဲ၊ မေ လမ်းထိပ်က ကားမှတ်တိုင်မှာ ရှစ်နာရီတိတိ စောင့်နေမယ်၊ နောက်ကျရင်တော့ sorry ပဲနော်"

နိုဝင်သည် ညိုနှင့် ခခကို တစ်နေရာတည်း တစ်ချိန်တည်း ချိန်းလိုက်ပါသည်။ နိုဝင်သည် သူမရဲ့နှလုံးသားကို မေးခွန်းတစ်ခု မေးနေမိသည်။ ထိုမေးခွန်း၏အဖြေကိုရဖို့ရန်မှာ သူတို့နှစ်ယောက်ပေါ် သူမ မည်သူ့ကိုပိုလဲ၊ ဘယ်သူ့အပေါ်မှာ ပိုပြီးခံစားမှုရှိလဲဆိုသည့်ပေါ်တွင် မူတည်ပါလိမ့်မည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်ကို နိုဝင် ပြိုင်တူချိန်းလိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လက်မှုနာရီကို နိုဝင် ကြည့်လိုက်သည်။ ရှစ်နာရီ ထိုးဖို့ ငါးမိနစ်အလို၊ ပထမဆုံးတွေ့လိုက်ရသူက ညို၊ သူမပြောထားသည့်အတိုင်း ရုပ်အင်္ကျီအဖြူကော်လာကတုံးနှင့် ပုဆိုးနှင့်ဖြစ်သည်။ လိုင်းကားပေါ်မှ ဆင်းလာပြီ ဆိုကတည်းက ကားမယူလာတာ သေချာသည်။

သူ့ကိုကြည့်ရသည်မှာ စိတ်ရှုပ်၊ စိတ်အိုက်နေပုံရသည်။ ရှစ်နာရီဆိုတဲ့အချိန်ကလည်း ကားကျပ်တတ်တယ် မဟုတ်လား။ တော်တော်တုံးတဲ့ ညို၊ တက္ကစီငှားလာလည်း ရတဲ့ဟာ၊ နိုဝင်စိတ်ထဲမှ ညို့ကိုအပြစ်တင်နေစဉ်တွင် နိုဝင့်အေားနားသို့ တက္ကစီတစ်စီး ဆိုက်ရောက်လာပြီး ဆင်းလာသူက ခခ ဖြစ်နေသည်။

မမျှော်လင့်ဘဲ သူတို့နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် တွေ့လိုက်ရ၍ သူမလက်ချက်မှန်း သဘောပေါက်မိသွားပြီး မျက်နှာတွေက သုန်မှုန်သွားတော့သည်။ ဘယ်သူကမှ လဲ ပြန်ဖို့စိတ်ကူးမရှိကြဘဲ နိုဝင့်ကို အလယ်မှာထားပြီး တစ်ဖက် တစ်ချက် ရပ်နေကြလေသည်။

"ညိုနဲ့ ခခ ဘာစားပြီးကြပြီလဲ"

သူမအမေးကို နှစ်ယောက်သား ခေါင်းခါလိုက်ကြသည်၊

"အဲဒါဆိုရင် ဟိုဘက်ထိပ်မှာ အသုပ်ဆိုင်တစ်ဆိုင်ရှိတယ်၊ မေ စားနေကျဆိုင်၊ အရမ်းကောင်းတယ်၊ သွားစားကြရအောင်"

စပြီ ... ဒီနေ့ ဒီလိုတွေလုပ်ချင်လို့ သူတို့ကိုခေါ်မှန်း သဘောပေါက်ပေမယ့် ဟိုကော်င်တောင် လုပ်နိုင်သေးရင် သူကရော ဘာလို့မလုပ်နိုင်ရမှာလဲလို့တွေးကာ ဇော်လေးညိုသည် နိုဝင့်နောက်သို့ ထက်ကြပ်မကွာ လိုက်သွားလေသည်။

တကယ်တော့ နေမင်းခ အရွဲ့ဆုံးက လမ်းဘေးဈေးဆိုင်တွေပင်ဖြစ်သည်။ အခုစားမှာက အသုပ်၊ ဟင်းခတ်မှုန့်တွေထည့်တော့မည်မှာ သေချာသည်။ ဆီချက်ကလည်း စားအုန်းဆီနဲ့ပဲချက်တာဖြစ်ရမည်။ ပြီးတော့ ဘာကိုင်ထားမှန်းမသိသည့် ထိုမိန်းမကြီး၏လက်ဖြင့် သုပ်ပေးတာကို စားရမည်။ ရွံစရာကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

"အန်တီ ... အသုပ်သုံးပွဲပေးပါ"

နိုဝင်က စားနေကျအသုပ်သည် အဒေါ်ကြီးကို လှမ်းမှာလိုက်သည်။ သူမတို့စားပွဲသို့ မကြာမီ အသုပ်သုံးပွဲနှင့် ဟင်းခါးတွေ ရောက်လာပါတော့သည်။ ဇော်လေးညိုနှင့် နေမင်းခတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ပြီးတော့မှ သူ့ထက်ငါဦးအောင် အသုပ်ပန်းကန်ကို ယူလိုက်ကြသည်။ ပြီးတော့ ချဉ်ချဉ်၊ ငန်ငန်၊ စပ်စပ် အသုပ်ကို ဟင်းခါးပူပူနှင့် ချွေးတွေတလုံးလုံး ထွက်လာသည်အထိ မရပ်မနား စားလိုက်ကြသည်။ အသားဖြူသော နေမင်းခ၏ မျက်နှာက ရဲတက်လာသည်။ မျက်ရည်တွေတောင် လည်လာသော ဇော်လေးညိုကို နိုဝင်ကကြည့်ကာ တံခစ်ခစ် ရယ်နေလေသည်။

ဒါ ဇော်လေးညို ဝင့်လည်တာပင်ဖြစ်မည်။ သူ အမြဲ ကိုရီးယားကားထဲက သူဌေးသားတွေ သူတို့ရဲ့ဆင်းရဲတဲ့ ကောင်မလေးနဲ့အတူ မစားဖူးသော အစားကြမ်းတွေ စားကြတဲ့ scene ကိုမြင်တိုင်း မည်ဘမတာ ဝေဖန်ခဲ့ဖူးသည်။

"ငါတို့များတော့ သေတောင် ဒီလိုဟာမျိုးတွေ လိုက်မစားဘူး"

လို့လည်း ကြွေးကြော်ခဲ့ဖူးသည်ပဲ။

မေက ဆင်းရဲစုတ်ချာတဲ့မိန်းမ မဟုတ်ပါဘဲ၊ အဆင့်အတန်းရှိ၊ လုံခြုံအေးချမ်းတဲ့ coffee shop တွေ restaurant တွေမှာ သွားစားနိုင်လောက်ပေမယ့် သူတို့ကို တမင်နှိပ်ကွပ်တာတော့ တစ်ဆိတ်တော့ လွန်လွန်းသည်။ ဒီလို ပညာပြတတ်လွန်းလို့ အပျိုကြီး ဖြစ်နေတာဖြစ်ရမည်။

"ကျွန်တော် အသုပ်ဖိုးရှင်းလိုက်မယ် မေ"

နေမင်းခက ပြောလိုက်သည်။ ဘာပဲဖြစ်ဖြစ် အသုပ်က စားလို့ကောင်းတာတော့ အမှန်ပင်။

"ဟင့်အင်း ... ဒီနေ့စားသမျှ သွားသမျှ အားလုံး မေပဲ ရှင်းမှာ"

မေက ပြောပြောဆိုဆိုထ၍ အသုပ်ဖိုးရှင်းလိုက်သည်။ သူနှင့် ဇော်လေးညိုတို့ အကြည့်ချင်းဆုံသွားကြပြီး တစ်ဖက်ဆီသို့ မျက်နှာလွဲလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရွေတိဂုံဘုရားသွားမယ်၊ (၄၃)ကားစီးသွားမယ်"

မေက ခရီးစဉ်ကို သူတို့နှစ်ဦးအား ရှင်းပြနေလေသည်။ သူတို့နှစ်ယောက်က မေ့စကားကို စိတ်မဝင်စားအား၊ သူတို့လက်ထဲမှာ ကိုင်ထားကြသော ပါကင်ထုပ်ထားသော အိတ်တစ်လုံးစီကို စူးစမ်းအကြည့်နှင့် အပြန်အလှန် ကြည့်နေကြသည်။

တော်သေးသည် ကားပေါ်မှာ နေရာရ၍ဖြစ်သည်။ ကားပေါ်မှလူများက မင်းသားချော ချောသော သူတို့နှစ်ယောက်ကို ငေးကြည့်နေကြသည်။ သူတို့နှစ်ယောက်နှင့် မရဲ့ပတ်သက်ပုံကိုလည်း တွေးနေလောက်မည်။ မေက အမျိုးသမီးကြီးတစ်ယောက်ရဲ့ဘေးနားမှာ ထိုင်လိုက်ပြီး သူတို့နှစ်ယောက်ကတော့ မတတ်သာ၍ နှစ်ယောက်တွဲခုံတွင် နေရာယူလိုက်ရသည်။

"ဇော်လေးညို ... မင်း မေ့ကို တကယ်မချစ်ဘဲနဲ့များ ဒီလို အပင်ပန်းခံနိုင်တာ အံ့သြပါရဲ့ကွာ"

"မင်းရော ဘာထူးလို့လဲ၊ နေခြည်တစ်ယောက်လုံး အနားမှာရှိရက်နဲ့ မေ့အနားကိုရောက်အောင်လာတာ ဘာရည်ရွယ်ချက်ကြောင့်လဲ"

"ရှင်းနေတာပဲ၊ ငါ မေ့ကိုချစ်တယ်လေ၊ မင်း မယုံရင် နေခြည်ကို မေးကြည့်၊ အခုအချိန်အထိ ငါတို့ဘာမှမဟုတ်ကြဘူး"

"ဟက် ... မင်းပြောတော့ မင်းစကားပေါ့ကွာ၊ မင်းစောင့်ကြည့်နေလိုက်၊ ဒီပွဲမှာ ငါ မင်းကိုမရှုံးစေရဘူး"

ဇော်လေးညိုသည် ပါးစပ်ကလည်းပြော စိတ်ထဲကလည်း နေမင်းခကို ချောက်ချဖို့ စဉ်းစားနေလေသည်။ ရုတ်ခြည်း အတွေးတစ်ခု ပေါ်လာသည်။ နေခြည်ကို ဖုန်းလှမ်းဆက်ရမည်။ ဒါမှ ဒီကောင် ဟိုလည်းမရ၊ ဒီလည်းမရဖြစ်မည်။ သူကတော့ မေ့ဆီမှ မျှော်လင့်လို့ ရပါသေးသည်။

"ဒါနဲ့ မင်းလက်ထဲကအိတ်ထဲမှာ ဘာလဲ"

"ဒါလား ... မေ့အတွက် လက်ဆောင်လေ၊ ဘာမှမဟုတ်ပါဘူးကွာ၊ မေနဲ့ ငါ ဖုန်းဆက်ရင် အဆင်ပြေအောင်ဟန်းဖုန်းတစ်လုံးပါ၊ မင်းကရော"

"ငါလည်း ဟန်းဖုန်းပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ... မင်းနာမည်ပေါက်နဲ့ မဟုတ်လား"

"မင်းကျတော့ရော၊ ငါက သူဘေလ်ဆောင်ရမှာစိုးလို့ပါ"

"အရူးတစ်မူးမရှုချင်စမ်းပါနဲ့၊ မေ့ဆီက မှတ်ပုံတင်မတောင်းရဲတာနဲ့ မင်း ဖုန်းအလကားပေးချင်တာနဲ့မို့လို့ မဟုတ်လား"

"မင်းစိတ်နဲ့နှိုင်းပြီးတော့ မပြောနဲ့"

နိုဝင်သည် အနောက်ဘက်က သူတို့နှစ်ယောက်၏ အသံကြောင့် နောက်လှည့်ကြည့်လိုက်သည်။ ဒီတော့မှ နှစ်ယောက်သား အသံတိတ်သွားတော့သည်။

ဒီကောင် ဒီလောက်ဖြစ်နေတာ ပွဲစည်သွားအောင် သူ့အဒေါ်ဗုံးနှစ်လုံးကိုပါ ဆက်သွယ်လိုက်မှ ဖြစ်တော့မည်။ ဘုရားပေါ်ရောက်တော့ သူက အံသာနောက်ချန်ခဲ့ကာ နေခြည်ဖုန်းနံပါတ်ကို နှိပ်ပြီးသတင်းပေးလိုက်လေသည်။

"နေခြည် ... တကယ်ဆိုဟာ ငါက နင်တို့နှစ်ယောက်ကို အဆင်ပြေပြီထင်တာ၊ ငါ နောက်ဆုတ်ရကျိုးနပ်တယ်ပေါ့၊ အခုတော့ ဒီကိုလာကြည့်ပါဦး၊ ငါနဲ့မေ နှစ်ယောက်တည်း

သွားမယ့်ကိစ္စကို ဒီကောင် ကန့်လန့်ကန့်လန့်လုပ်နေတယ်၊ နင်တစ်ယောက်တည်းတော့ ဒီကောင်ဖြိုမှာမဟုတ်ဘူး။ သူ့အဒေါ်နှစ်ယောက်ကိုပါ လှမ်းခေါ်ပြီး လာခဲ့ဟာ၊ မြန်လေကောင်းလေပဲ"

နိုဝင်ကတော့ မေမေ၊ ဖေဖေ၊ ဒီဇင်တို့ရဲ့မွေးနံ့မွေးထောင်တွေမှာအရင် ဘုရားကိုရေသပွာယ်ပြီး သူမကိုယ်တိုင်ရဲ့ မွေးနေ့ထောင်မှာ ရေသပွာယ်နေသည်။ ဒါက နိုဝင် နှစ်တိုင်း ဒီလိုရက်ဆို လုပ်ပေးနေကျ။ ဇော်လေးညိုက ဘယ်မှာကျန်ခဲ့သည်မသိ။

နေမင်းခကတော့ သူမနောက် တကောက်ကောက် လိုက်နေပြီး လှည့်ကြည့်လိုက်တိုင်း နှစ်လိုဖွယ်အပြုံးဖြင့် ပြုံးတဲ့အခါ နိုဝင့်ရင်ထဲ ငြိမ်းချမ်းသွားပါသည်။ ခခရှိလျှင် အရာရာအားလုံး ပြည့်စုံသည်ဟု နိုဝင် ထင်သည်။ နိုဝင် ပုတီးစိပ်နေတာကို သူ ထိုင်ကြည့်နေသည်ဟု နိုဝင်ခံစားရသည်။ ခခရှိလျှင်လုံခြုံသည်။

www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာပါ သူမမွေးနံ့ထောင်သို့ ဇော်လေးညို ရောက်လာပြီး သူမတို့သုံးယောက်သည် စနေထောင်ကတန်ဆောင်းထဲတွင် ထိုင်နေကြသည်။

"မေ ... ဒါက ခခရဲ့လက်ဆောင် ဟန်းဖုန်းလေ၊ မေနဲ့ စကားပြောရတာ အဆင်ပြေအောင်လို့၊ ပြီးတော့ မေဘယ် ရောက်နေလဲ၊ ဘာလုပ်နေလဲ၊ အချိန်မရွေးသိရအောင်လို့"

"မေ ... ဒါ ညို့ရဲ့လက်ဆောင်လေ၊ ညို ဆက်သွယ်ချင်တဲ့ အချိန် ဆက်သွယ်လို့ရအောင်လေ၊ မေ လက်ခံပေးနော်"

နိဝင်သည် သူမလက်ထဲသို့ ထိုးပေးလာသော သူတို့၏လက်ဆောင်ထုပ်ကို ယူရကောင်းနိုးနိုး၊ မယူရကောင်းနိုးနိုး ဖြစ်နေလေသည်။

ထိုအခိုက်တွင် သူ့အဖေါ်နှစ်ယောက်နဲ့အတူ နေခြည်ကိုပါ နေမင်းခတွေ့လိုက်ရတော့ အံ့သြသွားသည်။ ဒါ ဇော်လေးညို လက်ချက်မှန်း သိလိုက်ရသည်။ ဒါကြောင့် ဒီကောင်ပျောက်သွားတာကိုး။

"နေနေ ဒီမှာ ဘာလုပ်နေတာလဲ"

တိတိမာက ဆိုးဆိုးဆတ်ဆတ် အနားသို့ရောက်လာပြီး ပြောသည်။ တိတိနင်းကတော့ နေရာမှမရွေ့ဘဲ နေခြည်နဲ့အတူ သူတို့သုံးယောက်ကို စိုက်ကြည့်နေသည်။

"ဘုရားပေါ်မှာ ဘာလာလုပ်တာလဲဆိုတော့ ဘယ်လိုပြောရမှာလဲ"

နေမင်းခက စိတ်မသက်မသာဖြင့် ပြောလေသည်။

"ခခကို လာခေါ်တာထင်တယ်၊ လိုက်သွားလိုက်လေ၊ ကိစ္စရှိလို့နဲ့တူတယ်"

ဖေ့အနားမှာ တစ်ဖဝါးမှမခွာချင်သော နေမင်းခသည် မထချင်ထချင်ဖြင့်ထကာ တိတိမာ့လက်ကို အသာဆွဲပြီး မေတို့နဲ့ဝေးတဲ့နေရာကို ခေါ်သွားလေသည်။ နေခြည်နှင့် တိတိနင်းတို့က ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေပုံရသည်။

နေခြည်သည် စိတ်ကိုတင်းလိုက်၍ နိဝင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com

"အစ်မ ... လွန်တယ်လို့ မထင်ဘူးလားဟင်၊ ကိုယ့်အသက်အရွယ်မှ ကိုယ်အားမနာ ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်တည်းတွဲတာ ဘာသဘောလဲ"

"အဲဒါ မင်းကိစ္စမဟုတ်ဘူး၊ ဒါ ငါ့လွတ်လပ်ပိုင်ခွင့်ပဲ၊ တစ်ပြိုင်တည်းမှာ နှစ်ယောက်လည်း တွဲချင်တွဲမယ်၊ သုံးယောက်လည်း တွဲချင်တွဲမယ်၊ ဟုတ်တယ်နော်"

နေခြည်သည် ထိုမိန်းမရဲ့ ဆတ်ဆတ်ထိမခံ ပြန်ပြောဟန်ကြောင့် ဒေါသပိုထွက်သွားလေသည်။

"နေပါဦး ... မင်းက ငါ့ကို ဒီလိုလာပြောရအောင် ဒီနှစ်ယောက်ထဲမှာ မင်းရည်းစားပါလို့လား၊ မင်းက သူတို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ မင်းက အမေလား၊ အစ်မလား၊ ညီမလား၊ အမျိုးတော်တာတောင် ဝင်စွက်ဖက်ခွင့်မရှိဘူး၊ သဘောပေါက် ညီမလေး"

"နေခြည်"

နေမင်းခသည် တိတိမာနဲ့ စကားပြောနေရာမှ နေခြည်နှင့်မေတို့ စကားစစ်ထိုးပွဲသို့ အပြေးအလွှား ဝင်ရောက်လာခဲ့သည်။

"ကိုနေ ... နေခြည် လုံးဝသည်းမခံနိုင်တော့ဘူးနော်၊ ကိုနေ နေခြည့်ကို ကစားနေတာလား၊ ကိုနေနဲ့ ဒီမိန်းမက ဘာလဲ ... ပြော"

နေမင်းခက ဘာမှမပြောနိုင်သေးခင်မှာတင် နိုဝင်က မခံမရပ်နိုင်စွာ ဝင်ပြောလိုက်လေသည်။

"ဘာလဲဆိုတော့ ခခက တို့ချစ်သူလေ"

"ဟင်"

တိတိမာရော၊ တိတိနှင်းရော၊ နေခြည်ရော၊ သူနဲ့ ဇော်လေးညိုပါ သူမတို့ပြန်စကားကြောင့် အံ့အားသင့်သွားတော့သည်။

ဇော်လေးညိုကတော့ သူ့ကို အရူးလုပ်သည်ဟု ထင်မှတ်ကာ "တောက်"ခေါက်၍ လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နေခြည်က ငိုချွက်ပြေးသွားပြီး တီတီမာနှင့် တီတီနှင်းတို့ကတော့ နေခြည်နောက်သို့ အမောတကော ပြေးလိုက်သွားကြပါသည်။ ကျန်ခဲ့သူက သူနှင့်မေ နှစ်ယောက်တည်း။

ဤသို့ဖြင့် မေနိုဝင်သည့် မရည်ရွယ်ပါဘဲနှင့် ရည်းစားချောချောတစ်ယောက်ကို ကောက်ကာငင်ကာ ရသွားပါတော့သည်။

✦○✦

၃၁

ထမင်းစားပွဲတွင် အရင်လို စိစီညည်းအသံတွေ မကြားရတော့တာ တစ်လနီးပါးပင် ရှိသွားပြီ။ ဒေါ်လင်းလင်းခဲ့ညီမနှစ်ယောက်နှင့် သားဖြစ်သူကို သက်ာမကင်း ဖြစ်နေမိသည်။ အရင်တုန်းကဆို သူတို့သုံးယောက် တတွဲတွဲရှိနေသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး ... အခုတလော မာလာတို့သုံးယောက် တယ်ငြိမ်နေကြပါလား။ ဘာလဲ ... နေနေ စိတ်ဓာတ်နေတာလား၊ အဒေါ်တွေပေါ် မဆိုးရဘူးလေ၊ ကလေးလည်း မဟုတ်တော့ဘူး"

ဒေါ်မာလာခင်က မမလင်းဆီက ဒီစကားကိုကြား ချင်နေသည်မှာ ကြာလှပြီဖြစ်သည်။

"မမသားက မာလာတို့ထက် ပိုချစ်ရမယ့်သူ ရှိနေပြီလေ။ အရင်ကလိုမှ မဟုတ်တော့တာ၊ ပြောင်းလဲသွားပြီပဲ"

"ဟုတ်လား သား၊ မာမို့ကိုတောင် အသိမပေးပါလား"

"မဟုတ်ပါဘူး မာမီ၊ သားပြောမှာပါ၊ စောသေးတယ်ထင်လို့ပါ"

"ဘယ်စောတော့မလဲ သားရယ်၊ မာမီလည်း စီးပွားရေးတွေ လုံးပမ်းနေတာနဲ့ မာမို့သားလေး အိမ်ထောင်ပြုဖို့ အချယ်ရောက်နေပြီ ဆိုတာတောင် သတိမထားမိဘူး"

"ဒါနဲ့ သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်သလဲ"

"ဟိုဘက်အိမ်က ဖိုးဆွိရဲ့ဆရာမလေ မမလင်းရယ်၊ အသက်က နေနေ့ထက် မဆိုသလောက် ခြောက်နှစ်လောက်ကလေးပဲ ကြီးတာပါ"

ဒေါ်မာလာခင်က ခွင်ဝင်တုန်း အပြစ်ဆိုစရာ တစ်ကွက်ကို လှလှပပလေး ထည့်လိုက်သည်။ နေနေကတော့ မျက်နှာမပျက်ပါ။

"ခြောက်နှစ်ဆိုတော့ နည်းနံ့နည်းများ ကြီးနေမလား သား၊ အေးလေ ... ထားလိုက်ပါတော့၊ သူ့ကို မာမီမြင်ဖူးပါတယ်၊ အဲဒီလောက်အသက်လို့ မထင်ရပါဘူး၊ နုတော့ နုပါတယ်၊ ဒါပေမဲ့ သူ့မိသားစုအကြောင်း မာမို့ကိုပြောပြပါလား"

"ဩော် ... မမလင်းရယ်၊ သူ့အဖေက လဝက,က ဦးစီးမှူးတဲ့၊ အမေကတော့ ဘာမှမလုပ်ပါဘူး၊ အစ်မတစ်ယောက် ပဲရှိတယ်၊ အဲဒီအစ်မကလည်း အိမ်ထောင်ကျပြီး အိမ်ခွဲနေတယ်လေ၊ ဒီလောက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

နိဝင့် စကားကြောင့် မေမေရော ဒီဇင်ပါ စားလက်စ မုန့်ဟင်းခါးကို ဆက်မစားနိုင်တော့ဘဲ နိဝင့်ကို မယုံကြည်နိုင်လေဟန် ကြည့်နေသည်။

"သူက ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်၊ သူ့အမေက လင်းလက်လက်ရွှေဆိုင်ပိုင်ရှင်ပေါ့၊ သူက တစ်ဦးတည်းသော

နေမင်းခသည် မာမီမေးသမျှကို ဒိုင်ခံလုယက်ဖြေနေကြသော အဒေါ်နှစ်ယောက်ကို မျက်စောင်းတစ်ချက်ထိုးပြီး ထိုင်နေရာမှ ထထွက်လာသည်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

သားလေ၊ သူ့အမျိုးတွေ အကုန်လုံးလိုလိုဟာ နိုင်ငံခြားမှာ ချည်းပဲ"

"ဟဲ့ ... နိုဝင်၊ နင့်အိပ်မက်အကြောင်း ငါတို့ကိုလာပြော ပြနေတာတော့ မဟုတ်ပါဘူးနော်"

ဒီဇင်ရဲ့မယုံကြည်နိုင်တဲ့ဟန်ကြောင့် နိုဝင် ဒေါသ ထွက်သွားသည်။ အဲဒါကြောင့် မပြောပြချင်တာ။ လူကိုဆို ဘယ် တော့မှ အထင်မကြီးကြ။

အထင်ကြီးစရာမရှိပါ။ ဆယ်တန်းနှစ်က မေမေ မသိအောင် ရည်းစားခိုးထားပြီး သူ့ရည်းစား နောက်တစ်ယောက် ကို ပြောင်းထားတော့ ဒီဇင့်ကိုဖက်ဖက်ပြီးငိုတာ ဘယ်တော့မှမေ့ မရပါ။ သူပြောတာကလည်း ဘာတစ်ခုမှ ယုံချင်စရာမရှိ၊ မှုန်နေ အောင်လည်းချောသည်။ ပညာကလည်း တတ်လိုက်တာ အင်္ဂလန် ကနေတောင် ဘွဲ့ရခဲ့သည်တဲ့။ အသက်ကလည်းငယ်သည်။ မိဘ ဆွေမျိုးတွေကလည်း တကယ့်ဂရိတ်တွေပင်။

"ဒီဟန်းဖုန်းက သူ လက်ဆောင်ပေးထားတာလေ"

"နင်ပြောတော့ နင်ဝယ်ထားတာဆို၊ ကြွားစရာမရှိ ကြံဖန် ကြွားပြန်ပြီ"

"ငါကြွားလား မကြွားလား နင် အခုလက်တွေ့ တွေ့ရ မယ် ဒီဇင်၊ ငါ အခု သူ့ကိုဖုန်းခေါ်လိုက်မယ်"

မေမေနဲ့ ဒီဇင်က သူမဖုန်းနှိပ်နေသည်ကို မမြိတ် မသုန် စိုက်ကြည့်နေ၏။

"အင်း ... ခခလား၊ ခခ အခုအားလားဟင်၊ မေ အခုအိမ် မှာ သင်္ကော်သီးထောင်းစားချင်လို့ နိုဝင့်အစ်မ ဒီဇင်ကလုပ် ပေးမယ်တဲ့၊ ခခ City Mart ကနေ ဝယ်လာခဲ့ပါလား ဟင်"

"မေ စားချင်ရင် ဝယ်လာပေးမယ်လေ၊ ပြီးတော့ ဘာစား ချင်သေးလဲ၊ တစ်ခါတည်းမှာလိုက်"

"တည်းလက်ဖက်ရယ်၊ ပြီးတော့ ဖက်ထုပ်လည်းစားချင် တယ်၊ ပြီးတော့ ပန်းသစ်တော်ရောပဲ"

"အင်း ... ဒါပဲလား မေ၊ နောက်နာရီဝက်လောက်ဆို ခခ ရောက်ပြီနော်၊ စောင့်နေ"

www.burmeseclassic.com

www.burmeseclassic.com

နိုဝင်က ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ဖုန်းချလိုက်သည်။ Speaker ဖွင့်ထားတာမို့ ခဓ ပြောတာတွေကို မေမေရော ဒီဇင်ပါ အတိုင်းသား ကြားကြသည်လေ။

သူတို့မျက်ဝန်းထဲမှာ နိုဝင့်ကို အားကျတဲ့ အရိပ် အရောင်လေးတွေ မြင်ရတာမို့ အရင်က သူမကို မယုံမကြည်ပြော တာတွေကို နိုဝင် ဗွေမယူတော့ပါ။

ချောမော၍ စကားပြောရည်မွန်ကာ နိုဝင့်ကိုလည်း တော်တော်ချစ်ပုံရ၍ မေမေရော ဒီဇင်ပါ ကျေနပ်မိသည်။ ညီမ အကြောင်း၊ သမီးအကြောင်းကို အစ,အဆုံးသိသည်မို့ ထိုကောင် လေးအား သားအမိနှစ်ယောက်စလုံး ကျိတ်၍သနားမိကြသည်။

"မေရဲ့အမေဆိုတော့ ကျွန်တော့်ရဲ့အမေလိုပါပဲ၊ မေ့အစ်မ က ကျွန်တော့်အစ်မပဲပေါ့"

အမယ်လေး ... ယဉ်ကျေးလိုက်တာ၊ မိနိုဝင်တို့နဲ့ များကွာပါ့။ ဒေါ်နုနုရော ဒီဇင်ပါ ကောက်ချက်ချနေကြသည်။ ထိုကောင်လေးသည် မိနိုဝင်နှင့် လုံးဝကိုမတန်ပါ။

"မာမီကလည်း မေနဲ့ပေးတွေ့.ဖို့ ကျွန်တော့်ကိုပြောတာကြော ပြီ၊ မေ့ကိုပြောတိုင်း မလိုက်ရဲဘူးလို့ပဲ ငြင်းငြင်းနေလို့"

"ဟုတ်လား နိုဝင်၊ လူကြီးကတွေ့.ချင်တယ်ဆို သွားမှပေါ့"

မေမေက အလိုက်ကန်းဆိုးမသိစွာ နိုဝင့်ကိုတိုက် တွန်းလိုက်သည်။ အခုလောက်ဆို သူ့.အဒေါ်နှစ်ယောက် ဘယ် လောက်တောင် သူမအကြောင်း သွေးထိုးပေးနေမည်မသိ။ သွား လိုက်တော့မှ "ငါ့သားနဲ့ သဘောမတူနိုင်ပါဘူး"ဆို နိုဝင် အသည်း တွေ ကွဲရမည်။ ဖြစ်နိုင်သလောက် ခဓနားမှာ နေချင်မိသည်။ နိုဝင်သည် ခဓကို စွဲနှစ်စွာ တွယ်တာမြတ်နိုးမိပါသည်။

"ဟုတ်တယ် မေ၊ ဒီတစ်ပတ် စနေဖြစ်ဖြစ် တနင်္ဂနွေဖြစ် ဖြစ် လာစေချင်တယ်၊ မေ ဆုံးဖြတ်လို့ရသွားရင် ခဓကို ဖုန်းဆက်လိုက်လေ"

"မေ စနေ၊ တနင်္ဂနွေဆို မအားတာ ခဓ သိသားနဲ့"

"တစ်ရှိန်လောက်တော့ ဖျက်လိုက်ပေါ့ကွာ မေရာ ... နော်"

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လင်းလင်းခသည် သားရဲ့ချစ်သူကို အိမ်မှာ ထမင်းဖိတ်ကျွေးမှာမို့ ညီမနှစ်ယောက် သေသေချာချာ ကောင်းကောင်းမွန်မွန် စီစဉ်ဖို့ ညွှန်ကြားနေပါသည်။

"နေနေက သူ့ကောင်မလေး ဘာကြိုက်တတ်တယ်ပြောလဲ"

အားတက်သရော ပြောနေသော ခဝကို မေ သနားသွားသည်။ အို ... ရှောင်လို့လည်းရမှာမှ မဟုတ်တာ၊ သတ္တိရှိရှိ ရင်ဆိုင်လိုက်စမ်းပါ မေနိုဝင်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မာလာက မမလင်း စကားကြောင့် ပြုံးဖြဲဖြဲနှင့် ...

"သူ့ကောင်မလေး မဟုတ်ပါဘူး မမလင်းရဲ့၊ သူ့ကောင်မ ကြီးပါ"

ဟု ပြောလိုက်သည်။

"မာလာ ... သားကိစ္စကို မမလင်းနဲ့ သားနဲ့ပဲ ဆုံးဖြတ်မှာပါ။ မာလာတို့ အေားကပဲ ကြည့်နေကြပါ။ မမလင်းက နေနေရဲ့အမေအရင်းပါ"

မျက်နှာထားတည်တည်နဲ့ မမလင်း ပြောတော့ ဒေါ်မာလာနှင့် ဒေါ်နှင်းဝေ ငြိမ်သွားကြသည်။

"နေနေက ဝက်သားချက်ဖို့ ပြောပါတယ် မမလင်း၊ အဲဒါ မာလာတို့စဉ်းစားနေတာ ဒီအိမ်တစ်အိမ်လုံးက ဝက်သားစားကြတာ မဟုတ်ဘူး၊ အဲဒါ မာလာတို့ ချက်ပေးရမလား မမလင်း"

"ချက်လိုက်လေ၊ ဟုတ်တယ် ... နေနေ ပြောဖူးတယ်၊ သူက ဝက်သားတော်တော်ကြိုက်တယ် ပြောတယ်၊ ကဲ ...

ကဲ ... အဲဒီအချက်အပြုတ်ကိစ္စတွေအတွက် မမလင်း စိတ်ချမယ်နော်"

ဒေါ်လင်းလင်းခသည် ပြောပြီး စာကြည့်ခန်းဘက်သို့ ထွက်သွားလေသည်။

"နှင်းဝေ ... ငါတော့ မကျေနပ်ဘူးဟာ၊ ဘာပဲပြောပြော ယောကျ်ားမဆိုတာ ချွေးမတွေ သမက်တွေ မော်မကြည့်ရဲအောင် ဂူးတုန်နေရမှာ မဟုတ်လား၊ အထူးသဖြင့် မမလင်းလို အထက်တန်းစားယောကျ်ားမမျိုးကိုပေါ့"

"ဟုတ်တယ်၊ ဒါတော့ နှင်းဝေ ထောက်ခံတယ်။ မမလင်းက အရမ်းလိုက်လျောလွန်းတယ်။ ချွေးမဆိုတာ ဦးကျိုးအောင်ကို လုပ်ထားရမှာ မဟုတ်လား"

"နေပါစေ နှင်းဝေ၊ ငါမှာ အကြံအစည်ရှိတယ်။ သူကြိုက်တဲ့ ဝက်သားကို ခြောက်လက်ရာမပျက် စားမရအောင်လုပ်ရမယ်"

"ဖြစ်ပါ့မလား မမမာရယ်၊ မမလင်းသိရင် နှင်းဝေတို့ မလွယ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာလေးက ဘာမှမလိမ်းထားလေဟန် ဖြူဖြူ ပြောင်ပြောင်လေးတွင် နွေတ်ခမ်းနီပန်းရောင်ဖျော့ဖျော့လေးကိုသာ ဆိုးထားပြီး မျက်ခွံပေါ်တွင်လည်း ပန်းရောင်ရဲရဲလေး ခပ်ပါးပါး တင်ထားကာ ဆံပင်တွေကို သေးတစောင်း ပန်းနုရောင်ဆေးစည်း ကြိုးလေးနှင့် စည်းထားဟန်မှာ သူမမျက်နှာလေးနှင့် လိုက်ဖက်ပါသည်။

ကြည့်ရတာတော့ မဆိုးပါ။ နေနေနှင့် သူမ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြတဲ့အကြည့်တွေက နွေးထွေးနေကြပြီး တစ်ယောက်နှင့်တစ်ယောက် အပေးအယူလည်း မျှပုံရပါသည်။

ထမင်းစားပွဲတွင် သူမရယ်၊ နေနေရယ်၊ မေနိုဝင်ရယ် သုံးယောက်သာရှိသည်။ မာလာနှင့် နှင်းဝေတို့ကို အနားသို့မလာစေပါ။ နှင်းဝေနှင့် မာလာတို့က မေနိုဝင်ကို နှစ်လိုဟန်မတူပါ။ အေးလေ ... သူတို့ဘက်ကကြည့်မည်ဆိုလည်း သူတို့တူလေး ကို အကောင်းတကာ့ အကောင်းဆုံးနဲ့သာ လက်ဆက်ဆေလိုဟန်ရှိသည်။ ဒါပေမဲ့လည်း ပူးစာဆိုတာက ရှိသေးတယ် မဟုတ်လား။

"ဖြစ်ပါတယ် နှင်းဝေရယ်၊ ရာဝေင်ကြွေးကို ဒီနေ့ဆပ်ရမှာပေါ့၊ သူနဲ့ငါ တွေ့တိုင်း ငါကချည်း အမြဲခံနေရတယ်။ ဘာစဲဖြစ်ဖြစ် သူက ငါတို့တူလေးနေနေကို ငါတို့လက်ထဲက ဖြောင်လုယူသွားတာလေ၊ နင် မေ့နေပြီလား"

မမမာ ပြောတာတော့ ဟုတ်နေသည်။ သူမတို့ရှေ့မှာပင် နေနေက သူ့ချစ်သူလို့ ခပ်တည်တည်ကြည်ကြည်ပြီး နေနေ့နှလုံးသား၊ ဘဝထဲသို့ ဝင်ရောက်ရန် ကြိုးစားခဲ့သူ မဟုတ်လား။ ဒီလောက်တော့ ပညာပြသင့်ပါသည်။

မြန်မာအက်ိုရှင်စေ့ ပန်းရောင်ဖြောင်လေးနှင့် အောက်က ရောင်ပြေးလုံချည်လေးပေါ်မှာ ပုလဲစိကွင်လေးတွေ ထိုးထားသော ဝတ်စုံလေးသည် သူမနှင့်လိုက်ဖက်လို့နေပါသည်။

ပုလဲပုတီးလေးတစ်ကုံးသာ ဆင်မြန်းထားပြီး လက်သည်းခြေသည်းတွေကို ဘာမှမဆိုးထားဘဲ မတို့မရှည် နဂိုဖြူဖြူ စင်စင်ရှင်းရှင်းသန့်သန့်လေးနဲ့ဆိုတော့ သူမကိုကြည့်ရတာ အမြင်ရှင်းလို့နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နေနေက မနိုဝင့်ပန်းကန်ထဲ ထမင်းထည့်ပေးသည်။ ဟင်းတွေလည်း ခပ်ထည့်ပေးသည်။ သူမကတော့ သားဖြစ်သူ သည်းသည်းလှုပ်နေဟန် မြင်ရတော့ အနည်းငယ်တော့ ထိုကလေး မအား မနာလိုဖြစ်မိသွားသည်။ အေးလေ ... ကိုယ့်တုန်းကလည်း သူများသားကို ယူခဲ့တာ မဟုတ်လား။

နိုဝင်သည် ထမင်းနှင့် ခရမ်းချဉ်သီးအကြင်းတွေနှင့် နှပ်ထားသော ဝက်သားတစ်တုံးကို ဖွန်းဖြင့်ဖဲ့ကာ ပါးစပ်ထဲသို့ သွင်းလိုက်သည်။ အားပါးပါး ငံနိုလိုက်တာ၊ ငံနိုလိုက်တာ။ သူမကို နှစ်လိုဟန်ဖြင့် ပြုံးပြနေသော ခခရဲ့အမေကို အားနာ၍ ထိုတစ်လုတ်ကို မနည်းမျိုချလိုက်ရသည်။ ဟင်းတွေအကုန်လုံးက စပ်လွန်းတဲ့ဟာကစပ်၊ ချိုလွန်းတဲ့ဟာကချိုနှင့် နောက်တော့ နိုဝင်သည် အပါးဝစွာဖြင့် ခခစားတဲ့ ပုစွန်တုပ်၊ ကြက်သားတို့နှင့်သာ ထမင်းကိုမြိန်ယှက်စွာ စားလိုက်သည်။

"မေ ပြောတော့ ဝက်သားကြိုက်တယ်ဆို၊ ဝက်သားတွေလည်း မစားပါလား၊ မေ့အတွက် တမင်ကို ချက်ပေးတာ၊ ဘာဖြစ်လို့လဲ မကောင်းလို့လား၊ ဘာဖြစ်လို့လဲဟင်"

မျက်နှာအနည်းငယ် ပျက်ယွင်းနေသော မေ့မျက်နှာကို သံသယနဲ့လိုက်ကြည့်နေတဲ့ ခခကို စိတ်အနှောင့်အယှက်မပေးချင်တော့ပါ။

ဒါသည် နိုဝင့်ဘဝတွင် ယောကျ်ားတစ်ယောက်အတွက် ဒေါသကို ထိန်းချုပ်လိုက်သော ပထမဦးဆုံးအဖြစ်အပျက်ပင် ဖြစ်ပါသည်။

"ဟုတ်တယ် သမီး၊ အန်တီတို့က ဝက်သားစားတာ မဟုတ်တော့ မြည်းကြည့်လို့မရဘူး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အန်တီ၊ အရမ်းကိုကောင်းပါတယ်၊ ဒါပေမဲ့ ဝက်သားတွေကို ပုံစံအစုံနဲ့ နည်းမျိုးစုံချက်ထားတာကိုတွေ့တော့ မစားရဘဲနဲ့ အီသွားလို့ပါ"

"သြော် ... သားရေ၊ ဘယ်လိုမှ မထင်ပါနဲ့၊ မာမီ မေနိုဝင်နဲ့ နှစ်ယောက်တည်း စကားပြောချင်ပါတယ်၊ မာမီ့စာကြည့်ခန်းထဲကို မေနိုဝင်ကို ခဏခေါ်သွားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

သူ မာမို့စကားကို မလွန်ဆန်နိုင်ပါ။ သူ့လက်တွေကို အားကိုးတကြီးကိုင်ထားသော မေလက်တွေက အေးစက်နေသည်လေ။ သွားပါမေ ... တကယ်လို့များ မာမီကသဘောမတူဘူးဆိုရင်တောင် ခခ စည်းစိမ်ချမ်းသာတွေကို အကုန်စွန့်လွှတ်ပြီး မေ့အနားကိုရောက်အောင် လာမှာပါ။

မေက အသံတိတ် သူ့မျက်ဝန်းတွေကိုကြည့်ပြီး မာမို့နောက်ကို လိုက်သွားပါသည်။

သူကတော့ ည့်ခန်းထဲက ဆိုဖာဆက်တီပေါ်မှာ မျှော်လင့်ချက်များစွာနဲ့ မေ ပြန်အလာကို ထိုင်စောင့်လို့ပေါ့။ သိပ်မကြာပါ။ နာရီနဲ့တိတိကျကျ ပြောရမယ်ဆို နာရီဝက်သာ သာလောက်သာ ရှိပါမည်။

မေက ညှိုးငယ်သော မျက်နှာထားနှင့် မာမို့စာကြည့်ခန်းထဲမှ ထွက်လာပါသည်။

"ခခ ... မေ ပြန်တော့မယ်"

"မေ ... နေဦးလေ၊ ခခ လိုက်ပို့ပေးမှာပေါ့"

"မလိုဘူး နေနေ၊ ဖိုးတာကို ပြန်ပို့ခိုင်းလိုက်မယ်၊ ပြီးရင် မင်း မာမို့အခန်းထဲ ခဏလိုက်ခဲ့"

သူက ခေါင်းငိုက်စိုက်ချ၍ ထွက်သွားသော မေ့နောက်သို့ ပြေးလိုက်ဖို့ ဟန်ပြင်လိုက်သည်။

"နေနေ"

ခပ်တင်းတင်း ခေါ်လိုက်သော မာမို့အသံကြောင့် နေမင်းခသည် မာမို့ကို ရင်ဆိုင်ရန် မာမို့အခန်းထဲသို့ ဝင်လိုက်သွားတော့သည်။

"မာမီ ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ အစကတည်းက သဘောမတူဘူးဆိုလည်း မတူဘူး ပြောပေါ့၊ ဒီလိုခေါ်ပြီး ပြောတာတော့ မကောင်းပါဘူး"

"ဒီမှာ နေနေ၊ မင်းကို မာမီ ဘယ်လိုမွေးခဲ့သလဲ၊ ဘယ်လို ပညာတတ်အောင် အဆင့်အတန်းမြှင့်အောင် ထားခဲ့သလဲ"

"မာမီ အရင်က ဒီလိုမဟုတ်ပါဘူး၊ သား မာမို့ကို အမြဲအထင်ကြီးလေးစားခဲ့ရတာ၊ မာမို့မှာ လူတန်းစားခွဲခြားတတ်တဲ့စိတ် လုံးဝမရှိဘူးလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ဒါက တခြားသူတွေပေါ်မှာလေ၊ မင်းက တော့ ငါ့သားဖြစ်နေတဲ့အတွက် ငါ ရွေကိုရွေချင်းပဲထပ် ပေးနိုင်မယ်"

"သူ့မှာ ဘာအပြစ်ရှိလို့လဲ မာမီ"

"သူ့ရဲ့အပြစ်ကတော့ အသက်ကြီးတာပဲ၊ မင်း စဉ်းစားကြည့် စမ်း၊ ကိုယ့်ထက် ဆယ်စုနှစ်နီးပါးကြီးတဲ့ မိန်းမကို မင်း ရေရှည်လက်တွဲနိုင်ပါ့မလား၊ အစွန်းဆုံး ပြောမယ်ကွာ၊ သူ မင်းအတွက် ကလေးဘ်ယ်နယောက် မွေးပေးနိုင်မလဲ"

"ဘာလုပ်ဖို့လဲ မာမီ၊ မာမီလည်း တစ်ယောက်ပဲမွေးခဲ့တာ မဟုတ်လား"

ဒေါ်လင်းလင်းခ အင်ခနဲ့ ဖြစ်သွားသည်။ မဖြစ် သေးပါ၊ နောက်တစ်မျိုး ပြောကြည့်ဦးမည်။

"သူက ထမင်းဟင်းလည်း ကောင်းကောင်းမချက်တတ် ဘူး။ မင်းက တစ်နေ့ကို ဟင်းသုံးလေးမျိုးနဲ့ ဒါတောင် ချေးများသေးတယ်လေ၊ ဒီလိုမိန်းမ,မဝိသတာမျိုးနဲ့ မင်း ဘယ်လိုလုပ်မလဲ"

"မာမီကလည်း တိတိမာနဲ့ တိတိနှင်းတို့ကို ခေါ်သွားမှာ ပေါ့"

"ဘာ ... နင်က ဘယ်ကိုခေါ်သွားမှာလဲ၊ ငါ့ကိုတစ်ယောက် တည်းထားခဲ့ဖို့ ကြိုးစားနေတာပေါ့လေ"

"ဒါဆိုလည်း သူ့ကို ဒီကိုခေါ်ထားမယ်လေ"

"တော်တော့ နေမင်းခ၊ မင်းပါးစပ်ကို ပိတ်ထားလိုက်တော့၊ သန်ဘက်ခါဆို မင်းဒက်ဒီ ပြန်လာပြီ၊ ငါတို့လင်မယားကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ နေမင်းခ၊ ပြီးတော့ ဟိုကလေးမကို မင်း အဆက်ဖြတ်ပါ"

နေမင်းခသည် ဘာမှခွန်းတုံ့မပြန်ဘဲ တံခါးကိုဆောင့် ၍အဖွင့်တွင် တံခါးနားတွင် ချောင်းရှိနားထောင်နေကြသော တိတိမာနှင့် တိတိနှင်းတို့သည် အရှိန်မထိန်းနိုင်ဘဲ ဒေါ်လင်းလင်ခ ၏စာကြည့်ခန်းထဲသို့ ရောက်သွားတော့သည်။

"အတော်ပဲ မာလာနဲ့ နင်းဝေ၊ ဒီကောင့်ကို သေချာစောင့် ကြည့်ထား၊ ဟိုကောင်မလေးနဲ့ လုံးဝမဆက်သွယ်စေနဲ့၊ ဒါ နင်တို့တာဝန်နော်"

www.burmeseclassic.com

www.burmeseclassic.com

လို့ပြောပြီး ဒေါ်လင်းလင်းခသည် အခန်းထဲမှ ဒေါကြီးမောကြီး ထွက်ခွာသွားတော့သည်။

ဒေါ်မာလာခင်နှင့် ဒေါ်နှင်းဝေခင်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

အဖြစ်အပျက်တွေက သူတို့ တွေးထင်ထားသလို မဟုတ်။

မမလင်းကို ဒီလိုဒေါသတကြီးပုံစံမျိုး မြင်ရတာ ဒါ သူတို့ဘဝတွင် ပထမဆုံးပင်ဖြစ်သည်။

"တို့ ဘာလုပ်ကြမလဲ နှင်းဝေ"

"ဘာလုပ်ရမှာလဲ၊ နေနေ့ကို သွားချော့ရမှာပေါ့၊ နေနေ မျက်ရည်ဝဲနေတာ မတွေ့ဘူးလား၊ ငါ့တူလေး သနားစရာ ကောင်းလိုက်တာ"

"အေးလေ ... မမလင်းက ပြိုးပြိုး၊ ပြိုးပြိုးနဲ့ သိပ်ကြောက် စရာကောင်းတာပဲ၊ ဟဲ့ ... အခု ငါတို့ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား"

"မသိဘူး မမမာရယ်၊ နှင်းဝေတော့ နေနေ့ကိုပဲ သွားချော့ ချင်တယ်"

"အေးလေ ... သွားချော့ချင်ပေမယ့်လည်း အခုအချိန်ဆို သူ့အခန်းထဲမှာ တံခါးပိတ်ပြီး နေနေမှာပေါ့"

✦○✦

www.burmeseclassic.com

www.burmeseclassic.com

အိမ်ဖုန်းကျပြန်တော့လည်း သူ့အသံကြားတာနဲ့ ဖုန်းချပစ်လိုက်သည်။

ဖော်လေးညိုနဲ့ပြဿနာတက်ပြီးကတည်းက အန်တီမိုက မခံနိုင်၍ ဖိုးဆွိအတွက် နောက်ဆရာမတစ်ယောက်ပြောင်းလိုက်တာမို့ ဒီလမ်းထဲကို မေ လာစရာအကြောင်းမရှိတော့။ မေကျူရှင်သွားမည့်အချိန်တွေမှန်းပြီး သူမတို့လမ်းထိပ်က သွားစောင့်ပြန်တော့လည်း အဆင်မပြေပါ။

သူ့ကားမြင်တာနဲ့ မေ ဘယ်ဘက်ကနေ ဘယ်လိုပတ်သွားသည်မသိ။ အရိပ်ပင် မမြင်ရပါ။

"နေနေ စားလေ၊ စားလို့မကောင်းဘူးလားဟင်၊ တီတီနှင်းဘာလုပ်ပေးရမလဲ၊ ဒါ နေနေကြိုက်တဲ့ပုစွန်ချဉ်သုပ်လေးလေ"

ဒေါ်နှင်းဝေခင်က ငူငူငိုင်ငိုင်နှင့် အလွမ်းနာကျနေသော တူဖြစ်သူကို ဂရုတစိုက်နှင့် ကြင်ကြင်နာနာ ပြောလိုက်သည်။

၃၄

စင်ကာပူကနေ ဆေးကုသခံယူပြီး ပြန်လာတဲ့ ဒယ်ဒီ့ကို သူ့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေလိုပါ။ ဒါကြောင့်လည်း အိမ်ကထွက်သွားမည့် အစီအစဉ်ကို သူ ရုတ်ခြည်း မလုပ်ရက်ခဲ့။ မေ့ကို ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

"စားလေ နေနေ၊ သား ဘာဖြစ်ချင်လဲပြော၊ တီမာ ဖြစ်အောင် အကုန်လုပ်ပေးမယ်နော်၊ သား စားလိုက်ပါ သား ရယ်၊ သား အရမ်းပိန်သွားတယ်၊ တီမာ ရင်ထဲမကောင်းလိုက်တာ"

တီတီမာက မျက်ရည်တဝဲဝဲ ဆိုသည်။ မမလင်း ဒီလောက်တင်းမာသွားလိမ့်မည်ဟု သူမတို့ မထင်ထားခဲ့ပါ။ ကိုယ်သားလေး ဒီလောက်ခံစားနေရတာတောင် လျစ်လျူရှုရက်သည်။ ပြီးတော့လည်း မနေ့ကပြောသေးသည်။ နေနေ့ကို နေခြည်နှင့်ရအောင်ပေးစားမည်တဲ့လေ။ အရင်က မမလင်းမှ ဟုတ်ပါရဲ့စေ။

"တီမာ ... သား သူ့ကိုတွေ့ချင်တယ်၊ သူ သားကိုရှောင်နေတယ်၊ ဖုန်းဆက်တော့လည်း မကိုင်ဘူး။ မတွေ့ရတာလည်း တော်တော်ကြာပြီ တီမာရယ်"

"ဩော် ... ရတယ် နေနေလေးရယ်၊ တီမာ အစွမ်းကုန်ကြိုးစားပေးပါ့မယ်၊ သားနဲ့ သူနဲ့ မတွေ့,,တွေ့အောင် တီမာ ကြိုးစားပေးမယ်"

"တီမာ တကယ်ပြောတာလား"

"တကယ်ပေါ့ နေနေရဲ့၊ စားလေ ... စား၊ ဘယ့်နယ် ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်ပြီးတော့ ဒီလောက်တောင် ပျော့ရသလား၊ နေနေရဲ့"

"သားက မေ့ကို အရမ်းချစ်တာကိုး တီမာရဲ့"

ကလေးတစ်ယောက်လို သူမတို့ကို လာခွဲနေသော တူလေးနေနေ့ကို တီတီမာနှင့် တီတီနှင်းတို့သည် အလွန်တရာကို ကရုဏာသက်၍ သနားသွားမိသည်။

✦○✦

www.burmeseclassic.com

www.burmeseclassic.com

၃၅

ဒီအိမ် ဟုတ်ပါသည်။ ဒီအိမ်က မေနိုဝင်၏အိမ်ဖြစ်သည်။ အခုအချိန်ဆို အိမ်တွင် မေနိုဝင်၏အမေ ဒေါ်နုနု တစ်ယောက်တည်းသာရှိနေလိမ့်မည်။ ထိုအခြေအနေကို အခွင့်ကောင်းယူ၍ သူနှင့် နှင်းဝေတို့ ကျောင်းသားမိဘယောင်ဆောင်ပြီး အိမ်ထဲကိုဝင်နှင့်ရမည်။

ခြံရှေ့မှခေါ်သံကြောင့် ဒေါ်နုနု အပြင်ဘက်ထွက်လာသည်။ သူမထက်ငယ်မည်ထင်ရသော အမျိုးသမီးဝဝနှစ်ဦးတို့ကို ခြံရှေ့မှာ တွေ့လိုက်ရသည်။

"ဩော် ... ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ဒါ တီချယ်နိုဝင်တို့ အိမ်ပါနော်"

အမျိုးသမီးတစ်ယောက်က မေးလိုက်သဖြင့် ဒေါ်နုနု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သမီး ကျွှန်ုပ်သွားပါတယ်၊ နောက်နာရီဝက်လောက်နေရင်တော့ ပြန်ရောက်လိမ့်မယ်"

"ကျွန်မတို့ တီချယ်နိုဝင့် ကျောင်းသားမိဘတွေပါ၊ တီချယ်နဲ့ တိုင်ပင်စရာလေးရှိလို့ တီချယ့်ကို စောင့်လို့ရမလား"

"ဩော် ... ရပါတယ်၊ လာပါ ဝင်ပါ"

ဒေါ်နုနု ဖျော်တိုက်သော ကော်ဖီကိုသောက်၍ ဒေါ်နှင်းဝေနှင့် ဒေါ်မာလာတို့သည် မေနိုဝင် အလာကို လည်တဆန့်ဆန့်ဖြင့် မျှော်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါမှဒုက္ခပဲ နှင်းဝေရေ၊ မေနိုဝင်က လင်းလင်းခကို စိတ်နာနေတာ၊ ငါတို့ကိုတွေ့ရင် အော်ထုတ်မလားမသိဘူး"

"သူ ဘာမှမပြောခင် နှင်းဝေတို့လက်ဦးမှုယူထားမှာပေါ့ မမမာရဲ့"

"အေး ... အေး၊ ငါတော့ ကျောချမ်းနေပြီ နှင်ဝေးရေ"

"ဩော် ... သမီးလာပြီထင်တယ်၊ ကျွန်မ တံခါးသွားဖွင့်ပေးလိုက်ဦးမယ်"

ဒေါ်နုနုက ခြေတံခါးကို သွားဖွင့်ပေးသည်။ နိုဝင်သည် ဖိနပ်ချွတ်မှ မိန်းမစီးဖိနပ်နှစ်ရန်ကိုတွေ့တော့ စဉ်းစားသွားသည်။ အိမ်မှာ ဘယ်သူရောက်နေတာပါလဲ။

"အမယ်လေး ... တီချယ်ရယ်၊ မတွေ့ရတာကြာလို့လား မသိဘူး၊ တီချယ်က ဂိုတောင်ချောလာသေးတယ်၊ ကျွန်မတို့မှာ တီချယ့်ကို တိုင်ပင်စရာလေးရှိလို့ ထိုင်စောင့်နေရတာ"

ဒေါ်နှင်းဝေခင်သည် မေနိုဝင်၏အရိပ်ကို မြင်လိုက်တာနဲ့ စကားကို တရစပ်ပြောလေ၏။

နိုဝင်သည် တိတိမာနှင့် တိတိနှင်းတို့ကိုတွေ့၍ အံ့သြလို့မှမပြီး သူတို့ပြောသောစကားများကြောင့် နဝေတိမ်တောင် ဖြစ်သွားမိသည်။ ဒေါ်နုနုကတော့ ဘုရားခန်းထဲ ဝင်သွားသည်။ သူတို့လွတ်လွတ်လပ်လပ် စကားပြောခွင့်ရအောင် ရှောင်ပေးခြင်း ဖြစ်သည်။ ဒီလိုဆိုတော့လည်း မိနိုဝင်က ဆရာမကြီးပေပဲ။ ဒေါ်နုနု တစ်ယောက်တည်း ပြုံးနေမိသည်။

"တီချယ် ... နေနေ စာပေးခိုင်းလိုက်တယ်၊ ဒီမှာ ... ယူပါ တီချယ်၊ နေနေ အရမ်းသနားစရာကောင်းတယ်၊ အိပ်လည်း မအိပ်ဘူး၊ စားလည်းမစားဘူး၊ တီချယ် အနုတိတို့ရဲ့တူလေးကို မထားခဲ့ပါနဲ့"

ဒေါ်မာလာက လေသံလေးနှင့် နိုဝင့်ကိုပြောလိုက်သည်။ အမယ် ... တယ်အပြောင်းအလဲ မြန်လှပါတကား။ ဘာပဲဖြစ်ဖြစ် တိုးတက်မှုရှိသည်ကတော့ အမှန်ပင်။ ရုတ်ခြည်း ခခကို လွမ်းမိသည်။ ခခကို ထားခဲ့ဖို့ကိုလည်း နိုဝင် ဘယ်တုန်းကမှ မစဉ်းစားခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့လေ သူ့အမေက နေခြည်နဲ့စေ့စပ်ပေးဖို့ စီစဉ်နေတယ်၊ တီချယ်နိုင် ဒီအတိုင်းပဲ နေနေ့ကို အဆုံးအရှုံးခံတော့မှာလား"

"တီတီတို့ သဘောတူတာ နေခြည်နဲ့မဟုတ်လား၊ နေခြည်က နိုင်ထက်စာရင် အစစအရာရာ သာနေတာပဲ၊ ပြီးတော့လည်း နိုင်တို့ကိစ္စကို တီတီတို့ဘက်ကပဲ ကန့်ကွက်ခဲ့တာ မဟုတ်လား"

"အို ... အဲဒါတွေက အရင်တုန်းကပါ၊ အခု တီတီတို့အတွက် အရေးကြီးတာက တီတီတို့တူလေး စိတ်ချမ်းသာဖို့ပါ၊ ဒါကြောင့် နေနေ့စာကိုဖိတ်ပြီး နေနေနဲ့တွေ့ဖို့ ကြိုးစားပါ။ တီတီတို့လည်း အချိန်သိပ်မရှိဘူး၊ မမလင်း လစ်တုန်း ထွက်လာကြတာ၊ အမှန်မှာ တစ်ယောက်လောက် အယောင်ပြပြီး ဆိုင်မှာနေရမှာကို တီချယ်နိုင်ဝင့်ကို ကြောက်လို့ နှစ်ယောက်လာခဲ့ရတာ"

"အမယ်လေး ... တီတီမာရယ်၊ နိုင်က ကြောက်စရာလား"

နိုင်သည် တီတီမာ၏အပြောကို သဘောကျစွာ ရယ်မောမိသည်။ အရင်ကအဖြစ်အပျက်တွေကိုလည်း တစ်ခုချင်းစီ မျက်ဝန်းမှာ ပြန်လည်မြင်ယောင်မိသည်။

"ကဲ ... ကဲ ... ဒါဆို တီတီတို့ သွားပြီနော်၊ ဖုန်းလည်း ဖွင့်ထားပေးပါ၊ တီတီတို့ သတင်းစာရာရှိတာလည်း ပေးလို့ရတာပေါ့"

နိုင်သည် တီတီမာနှင့် တီတီနှင်းကို ခြံရှေ့အထိ လိုက်ပို့ပေးပါသည်။ ဒီလိုဆိုတော့လည်း ဒီအမျိုးသမီးကြီးနှစ်ယောက်က အဆိုးကြီးမဟုတ်ပါ။ သုတ်သီးသုတ်ပျာနှင့် ပြန်သွားသော တီတီမာနှင့် တီတီနှင်းတို့ နောက်ကျောကိုကြည့်ပြီး နိုင်သက်ပြင်းချလိုက်သည်။

လွမ်းတယ် ခခရယ်၊ မတတ်သာလို့ အဆက်အသွယ်ဖြတ်နေရပေမယ့် ခခ မေ့ကိုမေ့သွားမလား၊ ဆိုတဲ့ စိုးရိမ်စိတ်လေးနဲ့ ရင်တထိတ်ထိတ် စောင့်ကြည့်နေရသူပါကွယ်။

✦ ○ ✦

www.burmeseclassic.com

www.burmeseclassic.com

ပြောပြော ခခတို့ အချစ်တွေကို မေ ယုံကြည်ပေးပါ။ မာမီက မိဘဆိုတော မိဘပုံစံမျိုးပဲ ရှိနေမှာပါ။ မာမီပြောတာလောက်နဲ့တော့ မေ နောက်မဆုတ်စေချင်ဘူး။ ခခတို့ အချစ်တွေသာ တကယ်ခိုင်မြဲခဲ့ရင် မာမီလည်း နောက်ဆုံး အလျှော့ပေးရမှာပါ။ အခုတော့ ခခမှာ အားမရှိဘူး။ မေသာ အနားမှာရှိခဲ့ရင် ခခ ဘာမဆို ရင်ဆိုင်ရဲပါတယ်။ ကျေးဇူးပြုပြီး တွေ့ခွင့်ပေးပါ မေရယ်၊ ဟန်းဖုန်းလေးကို မေ ဖွင့်ထားမယ်ဆိုရင် အပျော်ဆုံးလူသားဟာ ခခပဲဖြစ်မှာပါ။

ခခ"

အလဲ့ ... တယ်ဟုတ်ပါလား။ နိဝင်သည် ချစ်သူရဲ့စာကိုကြည့်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိသည်။ အောင်စာရင်းက မကြာမီမှာထွက်တော့မှာ မဟုတ်လား။

ပြီးတော့ အဲဒီအောင်စာရင်းမှာ နိဝင် ဂုဏ်ထူးနှင့် အောင်မည်ဆိုတာလည်း သေချာနေသည်ပဲ။

၃၆

"မေ ...

အရမ်းလွမ်းတယ် မေရယ်၊ မမြင်ရ မတွေ့ရ၊ စကားမပြောရတော့မှပဲ မေ့ကို ခခ ဘယ်လောက်ချစ်တယ်ဆိုတာ သိလိုက်ရတယ်။ မေ ... ဘယ်သူတွေက ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ ... ခခအမေကို လိုက်တွေ့သည့်နေ့ကို နိုဝင် အမှတ်ရမိပါသည်။ စာကြည့်ခန်းထဲတွင် နိုဝင်နှင့် ဒေါ်လင်းလင်းခ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

"သမီးကို အန်တီ သဘောကျပါတယ်။ သမီးက ထက်ထက်မြက်မြက်၊ မဟုတ်မခံလေးမှန်းလည်း အန်တီ သိထားပြီးသားပါ၊ ဒါပေမဲ့ သမီး ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို ဘယ်အတိုင်းအတာအထိ ယုံကြည်လဲ"

"ရှင်"

နိုဝင်သည် ထင်မှတ်မထားသော မေးခွန်းကြောင့် ကြောင်တောင်တောင် ဖြစ်သွားသည်။

"နေနေနဲ့ သမီး အသက်ခြောက်နှစ်ကျော် ကွာတယ်နော်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် အန်တီ"

"သက်တူရွယ်တူချင်း မဟုတ်တော့ သူက သမီးကိုတော်ရုံတန်ရုံလောက် ချစ်တာမျိုးနဲ့တော့ အိမ်ထောင်ရေးက ကြာရှည် တည်မြဲမှာ မဟုတ်ဘူး၊ ဒါ အန်တီ သမီးကို

သဘောမတူဘူးလို့ ပြောတာမဟုတ်ဘူးနော်၊ သမီး စဉ်းစားဖို့ ပြောတာပါ"

"ဟုတ်ကဲ့၊ သမီး နားလည်ပါတယ် အန်တီ"

"အခုနေ ကြည့်ရတာတော့ နေနေက သမီးကို တော်တော် ချစ်ပါတယ်။ ဒါပေမဲ့ သူ့မှာ အခုရှိနေတဲ့ ပိုင်ဆိုင်မှုတွေ အားလုံးနဲ့ သမီးကို လဲရမယ်ဆို သူ လဲနိုင်ပါ့မလား"

"အန်တီ ဘာကိုဆိုလိုတာလဲ မသိဘူး"

"ဒီလိုသမီးရယ်၊ အန်တီတို့ အလောင်းအစားတစ်ခုလုပ်ကြည့်ရအောင်၊ သမီးနိုင်သွားရင်တော့ အန်တီက သမီးကို welcome ပဲ၊ သမီးရှုံးသွားရင်တော့ သမီး ဒီလိုအေးအေးချမ်းချမ်းဘဝလေးနဲ့ပဲ နေနေနဲ့ ဝေးဝေးမှာ နေပေးပါ"

"ဘယ်လိုအလောင်းအစားမျိုးလဲ အန်တီ"

နိုဝင်သည် ခခနဲ့ အဝေးဆုံးဆိုသော စကားလေးနှင့်ပင် ရင်ထဲမှာ နာကျင်လို့နေပါသည်။

"နေနေက ငယ်ငယ်တည်းက စိတ်ရင်းကောင်းပေမယ့် မာန်ရှိတယ်၊ တော်ရုံတန်ရုံဘဝမျိုး၊ တော်ရုံတန်ရုံပညာရေး

www.burmeseclassic.com

www.burmeseclassic.com

မျိုးနဲ့ မတင်းတိမ်တတ်ဘူး၊ သူ့ကိုယ်သူ အဆင့်အတန်းရှိ အောင်နေတတ်ပြီး ခေါင်းဆောင်ဖြစ်ဖို့လည်း ကိုယ့်ကိုယ် ကိုယ် ထိန်းကျောင်းနိုင်တယ်။ အဲဒီလိုလူမျိုးကို အချစ် အတွက်နဲ့ အရာရာ အားလုံးစွန့်လွှတ်ရမယ်ဆိုရင် သူလုပ် နိုင်ပါ့မလား။ သူ့အနားမှာ သမီးထက် ဆယ်ဆမကသာတဲ့ မိန်းကလေးအရွယ်စုံ အဆင်သင့်နော်"

နိုဝင် တွေသွားသည်။ အန်တီလင်းလင်းခရဲ့အကြံ အစည်ကိုလည်း သဘောပေါက်စပြုလာသည်။

"အခု သမီး ဒီအခန်းထဲက ထွက်သွားလိုက်တာနဲ့ အန်တီ က သူ့ကို သမီးနဲ့သဘောမတူဘူးလို့ ပြောလိုက်မယ်၊ သမီးဘက်ကလည်း သူ့ကို အဆက်အသွယ် ဖြတ်ထားပေး ရမယ်၊ အဲဒီကတိကိုတော့ သမီးတည်ရလိမ့်မယ်၊ အန်တီက ဒီကြားထဲမှာ သူ့ကို တခြားတစ်ယောက်နဲ့ နေရာချထား ပေးဖို့ပြောပြီး နားမထောင်ဘူးဆို သူ့ကိုအမွေစားအမွေခံ က စွန့်လွှတ်မယ်လို့ ခြိမ်းခြောက်မယ်။ သူ ဘယ်လမ်းကို ရွေးမလဲ၊ အဲဒါ သမီးနဲ့အန်တီတို့ရဲ့ အလောင်းအစားပဲ"

နိုဝင် ဝမ်းနည်းသွားသည်။ ခခကို အဆက်အသွယ် မလုပ်ရဟူသော ကတိကိုတည်ဖို့ နိုဝင် တော်တော်ကြိုးစားရမည် ထင်သည်။

ဒီကြားထဲမှာ အလွန်ကိန်းကြိုးခန်းကြိုးနိုင်လှသော ခခက ပိုင်ဆိုင်မှုတွေကို သူမနဲ့မလဲခဲ့ဘူး ဆိုပါလျှင် အန်တီလင်း လင်းခပြောသလိုပဲ သူမသည် ခခနှင့် အဝေးဆုံးသို့ ရောက်မှန်း မသိ ရောက်ရှိသွားမည်ဖြစ်သည်။

"ဒါ သမီးအတွက်လည်း ပါတယ်နော်၊ ယောကျ်ားတွေက ချစ်နေတုန်းကတော့ အပြစ်မြင်ကြတာ မဟုတ်ဘူး"

"သမီး နားလည်ပါတယ် အန်တီ၊ သမီးအတွက် သမီးနဲ့ ခခနဲ့အတွက် စဉ်းစားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါ တယ်။ သမီး နိုင်မှာပါ အန်တီ"

နိုဝင်သည် ခခ၏အချစ်ကို ယုံကြည်စွာနှင့် ရဲရဲဝင့် ဝင့် ပြောလိုက်သည်။

"အန်တီလည်း မျှော်လင့်ပါတယ် သမီး"

✦○✦

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ မင်း အခုလက်ရှိလုပ်နေတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီ အားလုံးကို မင်းနာမည်နဲ့ လွှဲပေးမယ်၊ လက်မခံဘူးဆိုရင်တော့၊ ငါ့စကားကို နားမထောင်ဘူးဆိုရင်တော့ မင်းလမ်း မင်းသွားတော့၊ ဒီအိမ်ပေါ်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့သာ ဆင်းသွားပေတော့၊ ငါတို့သေသွားရင်တောင် မင်း ဘာအမွေမှ ရဖို့ မမျှော်လင့်နဲ့"

"လင်းလင်းစကားတွေ အစွန်းရောက်လွန်းနေပါပြီ၊ သားကို ဒီလိုကြမ်းကြမ်းတမ်းတမ်းပြောတာ ကိုယ်မကြိုက်ဘူး"

ဒက်ဒီက မာမီ့ကို ဝင်ဟန့်လိုက်သည်။

"ကို့၊ မသိတာတွေ အများကြီးရှိတယ် ကို၊ ကို့သားက ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် အမေကို ခွတိုက်နေတာလေ၊ ရုပ်ကိုလည်းကြည့်ဦး၊ အအိပ်ပျက် အစားပျက်နဲ့ ဖြစ်နေတာ"

တီတီမာနှင် တီတီနှင်းသည် မာမီ့ကိုကြောက်လို့သာ နှုတ်ဆိတ်နေရပေမယ့် သူ့ကိုထွက်မသွားဖို့ တောင်းပန်နေဟန်ဖြင့် ကြည့်နေကြလေသည်။

၃၇

ည့်ခန်းထဲတွင် လူစုံတက်စုံရှိနေသည်။ ဒယ်ဒီနဲ့ မာမီ၊ တီတီမာနဲ့ တီတီနှင်းနဲ့သူ၊ သူတို့အားလုံးကဝိုင်း၍ သူ့ကို ကြည့်နေကြသည်။

"နေခြည်နဲ့ မင်းကို နေရာချထားပေးဖို့ ငါစီစဉ်ထားတယ် နေနေ၊ မင်းတို့မင်္ဂလာဆောင်ရင် နေဖို့တိုက်၊ စီးဖို့ကား၊

www.burmeseclassic.com

www.burmeseclassic.com

မဆပ်နိုင်ပေမယ့် တခြားတစ်နည်းနည်းနဲ့တော့ ဆပ်ဖြစ်အောင် ဆပ်မှာပါ။ အခုတော့ သားကို သွားခွင့်ပြုပါ"

သူသည် ထ၍ထွက်သွားမည် ကြံစည်ပြီးမှ လက်မှာဝတ်ထားသော မာမီ သူ့မွေးနေ့က လက်ဆောင်ပေးထားသော စိန်လက်စွပ်ကို ရွှတ်ပြီး စားပွဲခုံပေါ် တင်လိုက်သည်။

တီတီမာနှင့် တီတီနှင်းတို့ကတော့ မျက်ရည်တွေကျနေကြသည်။

သူ ဒီမြင်ကွင်းကို ဆက်မကြည့်လိုတော့၍ အားလုံးရှေ့က ထွက်ခွာလာခဲ့သည်။

နေမင်းခ ခြံဝင်ခါးကနေ ထွက်ခွာသွားသွားချင်း ဒေါ်လင်းလင်းခသည် မေနိုဝင်ဆီသို့ အပြေးအလွှား ဖုန်းဆက်ပါတော့သည်။ ဒေါ်မာလာခင်နှင့် ဒေါ်နှင်းဝေခင်သည် မမလင်းနောက်သို့လိုက်ပြီး နေမင်းခကိုတားဖို့ ပြောမည်ဟု ကြံစည်ထားကြပြီး မေနိုဝင်ကို ဖုန်းလှမ်းဆက်သံကြောင့် ခြေလှမ်းတွေတုံ့နေးသွားကြသည်။

သူ တစ်ခါကတော့ ဂုဏ်ပကာသနကို မက်မောခဲ့ဖူးသည်။ လူတကာထက် ခေါင်းတစ်လုံးဝိုသာရမှ စားဝင်အိပ်ပျော်တတ်သည်။ သို့သော် အရာအားလုံးတို့သည် မေ့အနားတွင်ထိုင်၍ မေနဲ့ စကားပြော ရယ်မောနေရတာလောက် ကြည်နူးဖွယ် မကောင်းပေ။

အချစ်မပါသော အိမ်ထောင်ရေးကို သူ မထူထောင်လိုပါ။ သူ့တစ်ဝမ်းတစ်ခါးတော့ သူ ရှာစား၍ရသည်။ မေကလည်း သူ့မှာ ဘာမှမရှိတော့၍ ပစ်ပြေးမည့်မိန်းမစာရင်းထဲတွင် မပါပါ။ သူသည် ဆုံးဖြတ်ချက်ကို ရဲရင့်စွာ ချလိုက်သည်။

ရုတ်တရက် ဒူးထောက်ထိုင်ချ၍ မာမီနဲ့ ဒက်ဒီကို ရှိုခိုးလိုက်သည်။

"သား မာမီတို့ဆန္ဒကို ဆန့်ကျင်လိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ သား အမွေပစ္စည်းတွေကိုလည်း မမက်မောပါဘူး။ မာမီတို့အမွေဖြတ်မယ်ဆိုရင်လည်း သား မာမီတို့အပေါ် စိတ်မခုပါဘူး။ သား မာမီတို့ကျေးဇူးကို ဒီနည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com

"congratulations သမီး နိုဝင်၊ ဒီအလောင်းအစားမှာ သမီး နိုင်သွားပါပြီ၊ အန်တီ သမီးကိုအချိန်မရွေး welcome ပါပဲ"

ဒေါ်မာလာခင်နှင့် ဒေါ်နှင်းဝေခင်သည် နားမလည်နိုင်သောအကြည့်များနှင့် ဒေါ်လင်းလင်းခကို ကြည့်လိုက်ကြသည်။

"ဘယ်လိုလဲ မာလာတို့ နှင်းဝေတို့ မျက်စိလည်သွားတာလား၊ ရှင်းရှင်းလေးပါ၊ မမလင်း သူတို့ရဲ့အချစ်တွေ ဘယ်လောက်နိုင်မြဲမှုရှိလဲလို့ စမ်းသပ်ကြည့်တာပါ"

"ဒါပေမဲ့ မမလင်းဟာက တကယ့်အတိုင်းလိုပဲ၊ မမလင်း တော်တော်သရုပ်ဆောင်ကောင်းတာပဲ"

"ငါ့ထက်ကောင်းတာ မေနိုဝင်လေ၊ ညည်းတို့မဟုတ်က ဟုတ်က ပညာပြထားတဲ့ ဝက်သားတွေကို နေနေ စိတ်ဆင်းရဲမှာစိုးလို့ ကြိတ်မှိတ်ဝါးမျိုပြီး စားသွားတာ၊ မကောင်းဘူးလို့ ပြောဖို့နေနေသာသာ မျက်နှာမပျက်ဘဲနဲ့တောင် နေနိုင်ခဲ့သေးတာ၊ အဲဒီမှာတင် ဒီအကြံအစည် ငါရသွားတာ"

"ကျွန်မတို့ လုပ်ထားတယ်လို့ မမလင်း ဘယ်လိုပြောနိုင်လဲ"

"မေနိုဝင်ကို အမြင်မကြည်လင်တဲ့လူကို သူ့အတွက် အစားအသောက် ချက်ခိုင်းရင် ကောင်းကောင်းမွန်မွန် ချက်မှာမို့လို့လား"

"မမလင်း အရမ်းတော်တာပဲ၊ ဟုတ်တယ်၊ အဲဒီတုန်းက မာလာတို့ တော်တော်ကို ပညာပြထားတာ၊ တကယ်တော့ ကောင်မလေးက မဆိုးရွာပါဘူး"

"ငါလည်း အဲဒီလိုအသံပဲ ကြားချင်ပါတယ်အေ၊ သားကို မခွဲနိုင်တော့ ချွေးမကို အိမ်ပေါ်ခေါ်တင်ရတော့မှာပေါ့၊ အဲဒီအခါကျမှ ငါ့ချွေးမကို ပညာတွေမပြနဲ့နော် မာလာနဲ့ နှင်းဝေ"

"ဟုတ်ကဲ့ပါ မမလင်းရယ်၊ မမလင်း ပြောပုံက မာလာတို့ကို လူဆိုးမကြီးတွေ ကျနေတာပဲ"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

သူမတို့သုံးယောက်သား ခေါင်းချင်းဆိုင် ရယ်မောမိကြသည်။ ဦးနေသန့်ကတော့ အားလုံးကို လိုက်မမီစွာနှင့် နဝေတိမ်တောင် ဖြစ်နေပါသည်။ ခေါ်လင်းလင်းခက ဦးနေသန့်နားသွားပြီး အဖြစ်အပျက်တို့ကို အားလုံး လုံးဝေပတ်စေ ပြောပြနေသည်ကို ဦးနေသန့် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပါသည်။

"ဟဲလို ... မေလား၊ မေ ဘယ်သူနဲ့ ဖုန်းပြောနေလို့လဲ၊ ခဇ ဆက်နေတာ ကြာလှပြီ"

"ခဇ ဘယ်ကနေ ဆက်နေတာလဲ၊ ဖုန်းနံပါတ်က ခဇဖုန်းလည်း မဟုတ်ဘူး"

"လမ်းဘေးဖုန်းကနေ ဆက်နေတာလေ၊ အခု ခဇ အိမ်ကနေဆင်းလာပြီ၊ ကုမ္ပဏီပိုင်ရှင်လည်း မဟုတ်တော့ဘူး၊ သူဌေးသားလည်း မဟုတ်တော့ဘူး၊ မေ လက်ခံနိုင်လား"

"ဟင့်အင်း ... လက်မခံဘူး၊ မေက သူဌေးသားမှ လက်ခံမှာ"

နိဝင်က ချစ်သူကို စိတ်တိုအောင် စ,လိုက်သည်။

"အလကားစ,တာနော် ခဇ၊ ခဇ ဘယ်လိုပုံစံပဲဖြစ်ဖြစ်၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် မေ အမြဲချစ်နေမှာပါ"

"ဟား ... ဝမ်းသာလိုက်တာ မေရယ်၊ ခဇ အားတွေရှိသွားပြီ"

"မောင်လို့ မပြောတော့ဘူးလား ခဇ ... ဟင်း ဟင်း"

မေစကားကြောင့် သူရုက်သွားသည်၊ တစ်ခါက မေ့ဆီကို ဖုန်းဆက်တော့ သူ့ကိုယ်သူ မောင်လို့ နာမ်စားသုံးပြီး ပြောခဲ့ဖူးသည် မဟုတ်လား။

"မေ မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့၊ ခဇ အသံကြီးကို ခွေးချီသွားအောင်မှတ်မိတယ်၊ ခဇလို့ပဲ ခေါ်မှာနော်၊ မောင်လို့ မခေါ်တတ်လို့ပါ၊ ခေါ်မိရင် ရယ်မိလိမ့်မယ်"

"သဘောတော်အတိုင်းပါပဲဗျာ"

"ခဇ ... ဝမ်းသာစရာတစ်ခု ပြောဦးမယ်သိလား၊ အန်တီ

www.burmeseclassic.com

www.burmeseclassic.com

လင်းလင်းခ ဖုန်းဆက်တယ် သိလား၊ မေနဲ့ ခခကို သဘောတူပါတယ်တဲ့၊ ချက်ချင်း အိမ်ပြန်လာခဲ့ပါတဲ့"

"ဟင် ... မေ တကယ်ပြောနေတာလား၊ ဒါ မာမီတမင် ပြောတာဖြစ်မှာ၊ ခခ ပြန်မသွားဘူး"

"မဟုတ်ဘူး ခခ၊ မေ တကယ်ပြောနေတာပါ၊ နောက်မှ သေချာပြောပြမယ်၊ အခုတော့ အိမ်ပြန်လိုက်ပါ၊ အန်တီ စိတ်ပူနေမှာမို့လို့"

နေမင်းခသည် ချစ်သူစကားကြောင့် ရင်ထဲတွင် အေးချမ်းသွားသည်။ အိမ်ပြန်ရောက်မှ မာမီ့ကိုချော့ရဲပေမည်။ ပြီးတော့ သူ့ဘက်က အရေးကြုံလျှင် အမြဲရပ်တည်ပေးသော တီတီမာနှင့် တီတီနင်းတို့ကိုလည်း ကျေးဇူးတင်စွာ ဦးချကန်တော့ ရဦးမည်ဖြစ်သည်။

✦○✦

BURMESE CLASSIC .com

၃၀

နှစ် ... နှစ်ခန့်ကြာပြီးသော် ...

အေါနနသည် သမီးဖြစ်သူ မေနိဝင်ရဲ့အိပ်ခန်းကို လှည့်ပတ်ကြည့်နေလေသည်။ အပျိုတုန်းက အခန်းနဲ့တော့ကွာပါ့။ ပစ္စည်းတွေအားလုံးက သူ့နေရာနဲ့သူ သပ်သပ်ခပ်ခပ်ရှိနေလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ မည်သည့်နေရာတွင်မှ ဖုန်မှုန့်လေးတစ်စက်ပင်မရှိဘဲ တောက်ပြောင်နေပြီး မွေးရန့်တို့ဖြင့် သုဉ်းပျံ့နေသည်။

"မေမေ ဘာတွေ ဒီလောက်စိတ်ဝင်စားပြီး လျှောက်ကြည့်နေတာလဲ၊ ဒီမှာ မေမေ့မြေးကို ချီပါဦး၊ သူ့အဖေလေ ကလေးအားဆေးမျိုးစုံကျွေးပြီး သည်းနေတာနဲ့ သမီး မေမေ့မြေးကို ကြာကြာမချီနိုင်တော့ဘူး"

BURMESE CLASSIC .com

ဒေါ်နုနုသည် ခြောက်လသားအရွယ် မြေးဝဝကစ်ကစ်လေးကို လက်ပြောင်းယူလိုက်သည်။ အဖေနှင့် ချွတ်စွပ်နီးပါးတူသော မြေးမလေးသည် အလွန်တရာကိုချစ်ဖို့ကောင်းပါသည်။

ဒေါ်နုနုသည် သမီးဖြစ်သူ၏ ပြောင်းလဲမှုကို ချီးကျူးပြောမလို့ ပါးစပ်ပြင်ဆန်စဉ်တွင် အခန်းထဲသို့တိုက်ဝင်းသံး အနီးတစ်ထပ်ကို သယ်လာသော ဒေါ်မာလာခင်ကို တွေ့လိုက်ရသည်။

ထိုအစေါမှ နိဝင်အခန်း သန့်ရှင်းသပ်ရပ် တောက်ပြောင်နေတာ ဘယ်သူ့ကြောင့်လဲဆိုတာ ကွက်ကွက်ကွင်းကွင်းကို သိရှိသွားလေသည်။

"လာ ... လာ ... ဝိုင်းစုချစ်လေးရေ၊ မီးမီးလေးရေချိုးဖို့ အချိန်ရောက်ပြီ"

ဒေါ်နုနုသည် မြေးမလေးကို ဒေါ်မာလာခင် လက်ထဲသို့ ထည့်ပေးလိုက်သည်။

နိဝင်သည် ဒေါ်မာလာခင် လှည့်ထွက်သွားပြီဆိုတာနဲ့ နှစ်ယောက်အိပ်မွေ့ရာပေါ်သို့ ဝုန်းခနဲ ပစ်လဲပြီး ခြေတွေလက်တွေဆန့်လို့ မျက်စိတွေမှိတ်ထားပြီး အပျင်းတက်နေလေသည်။

မပြောင်းသေးပါ။ ဘာမှကို မပြောင်းလဲသေးပါ။ ဒေါ်နုနုသည် သမီးဖြစ်သူကို စိတ်မောဟန်ဖြင့် ကြည့်နေလေသည်။ နိဝင်သည် မျက်စိမှိတ်ထားရာမှ လှမ်း၍ ...

"မေမေ ... ဘာလို့ သမီးကို ဒီလောက်စိုက်ကြည့်နေတာလဲ၊ သမီး ဘာအလုပ်မှ မလုပ်တာကို မနာလိုဖြစ်နေတာလား"

ဟု မေမေ့ကို စ,လိုက်လေသည်။

"မနာလိုဖြစ်တာ မဟုတ်ဘူးဟေ့ ... အားကျတာ၊ အားကျတာ"

www.burmeseclassic.com

www.burmeseclassic.com

နိုဝင်သည် မေမေ့စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

ဒီလောက်တော့ ရှိမည်ပေါ့။ နိုဝင်က ရွှေမင်းသားလေးရဲ့ကြင်ယာတော်ပဲ။

နိုဝင်သည် ဖြစ်လေရာဘဝ အဆက်ဆက် ချစ်ရတဲ့ ခဧနဲ့သာ ပေါင်းဆုံလိုပါသည်။ ဤ သူမတောင်းသောဆု ပြည့်ဝခဲ့ပါလျှင် ... ... ။

အသင်

၇-၈-၂၀၁၁

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com